# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းတရားကိုရှာဖွေ**

သစ်သားဖြင့်ပြုလုပ်သောရထားသည် အိုမင်းပျက်စီးရ၏။ ခန္ဓာကိုယ်သည်လည်း အိုမင်းပျက်စီးရ၏။ သူတော်ကောင်းတရားသည်ကား အိုမင်းဆွေးမြည့်ခြင်းသို့မရောက်နိုင်ချေ။ (သူတော်ကောင်းတရားဟူသည် ထာဝရမြဲမြံရှင်သန်ခြင်းသဘောရှိ၍ သူတော်ကောင်းတရားကို ရှာဖွေရယူကျင့်သုံးသင့်သည်။)

ဇရာဝဂ်(ဓမ္မပဒ-၁၅၁)


၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 20 January 2017 (၈၈၁၂)


# ပြည်သူတစ်ရပ်လုံးက ပြောင်းလဲစေချင်တဲ့ကဏ္ဍတစ်ခုအဖြစ် တောင်းဆိုတဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ မထသ ကနေ YBS ဖြစ်လာအောင် ဖော်ဆောင်ခဲ့ခြင်းပဲဖြစ်ပါတယ်

## နော်ပန်းသဉ္ဇာမျိုး(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရန်ကုန်မြို့နေပြည်သူများအတွက် ကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးနိုင်ရန် အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် (YBS) တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်သည်။

ပြောင်းလဲခြင်း အစပြုမှု၏ နောက်ကွယ်တွင် ပြည်သူ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် မထသ ဝန်ထမ်းများ အခက်အခဲအချို့နှင့် ကြုံတွေ့ခဲ့ရသည်။ ထိုအခက်အခဲများကိုကျော်လွှား၍ ကောင်းမွန်သည့် ခရီးသွားဝန်ဆောင်မှုစနစ်တစ်ခုရရှိလာစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြောင်းလဲလိုက်သည့် စနစ်နှင့်ပတ်သက်၍ ပြည်သူတို့လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအပြင် ဆက်လက်ဆောင်ရွက်သွားမည့်အပေါ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❒**




ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်သစ်တွင် ပြေးဆွဲလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်။

### လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) ဒုတိယနေ့ ဆက်လက်ကျင်းပ



စာမျက်နှာ - ၃

### မောင်တောခရိုင်အတွင်း ရေငန်ငါးဖမ်းလုပ်ငန်းအပြင် ရေချိုငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးသားပေါက်ဖြန့်ဖြူးရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်လျက်ရှိ



စာမျက်နှာ - ၁၁

### တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ကျောင်းသား ကျောင်းသူများ ကရင်ချောင်းရေတံခွန်တောင်သို့ ညအိပ်ခရီးရောက်ရှိ

စာမျက်နှာ - ၁၆


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး

မြန်မာနိုင်ငံသည် အကြောင်းကြောင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ဖွံ့ဖြိုးမှုနောက်ကျခြင်းသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် အလှမ်းဝေးစေသည်။ ကမ္ဘာတွင် မြန်မာဟူသည့် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်နိုင်ရန်အတွက် ဖွံ့ဖြိုးခြင်းနှင့်အတူ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားစေသည့် သမိုင်းကြောင်းနောက်ခံ အထောက်အထားများ ရှိဖို့လိုသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်သန်း ၄၀ ခန့်က ပရိုင်းမိတ်များ ပေါ်ထွန်းခဲ့သော အထောက်အထားများရှိခဲ့သောကြောင့် လူသားမျိုးနွယ်များ မြန်မာနိုင်ငံမှဖြစ်တည်ခဲ့သည့် ကွင်းဆက်များနှင့်အလှမ်းမဝေးချေ။ နွယ်ခွေမှအစ လွန်ခဲ့သော နှစ်ပေါင်း ရှစ်သန်းမှ ၁၂ သန်းအတွင်း လူသားမျိုးနွယ်များ မြန်မာနိုင်ငံတွင်ရှိခဲ့သည်ဟူသော သဲလွန်စများကို ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးတွဲဖော်ထုတ်ထားပြီးဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံတွင် ကျောက်ကြမ်းခေတ်၊ ကျောက်ခေတ်လယ်၊ ကျောက်ချောခေတ်တို့မှာ လွန်ခဲ့သော နှစ်လေးသန်းမှ နှစ် ၅၀၀၀ အထိ ကျောက်ခေတ်ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ပြီး ကမ္ဘာက အညာသားယဉ်ကျေးမှုဟူ၍ပင် ခေါ်ဝေါ်သမုတ်ခဲ့သည့် ပြဒါးလင်းဂူယဉ်ကျေးမှုကို တောင်ကြီးခရိုင် ရွာငံမြို့နယ် အနောက်ယွန်းယွန်းတွင် သက်သေထူထားပြီးဖြစ်သည်။


တစ်ဆက်တည်းတွင် ပထမဆုံး သရေခေတ္တရာနိုင်ငံတော်၊ ဟန်လင်း၊ ဗိဿနိုးစသည့်နိုင်ငံတော်များတွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ရောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ အရာထင်ခဲ့သည်။ ထိုမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပုဂံနိုင်ငံတော်ကြီးကိုလည်း သမိုင်းဝင်ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး၊ အခိုင်အမာတည်တံ့ဖြစ်ထွန်းစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာဦးကာလသာမက ရှေးအတိအတေကာလများကတည်းက ယဉ်ကျေးမှုထွန်းကားခဲ့သောနိုင်ငံဖြစ်သည်။ လူသားမျိုးနွယ်သာမက မြို့ပြယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့သည့် သမိုင်းအထောက်အထားများရှိခဲ့သော်ငြားလည်း သမိုင်းမှတ်တမ်းတင်မှုအားနည်းချက်၊ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းနိုင်မည့်နည်းပညာနှင့် ခနအင်အား မတောင့်တင်းမှုတို့ကြောင့် ဂုဏ်ယူဖွယ်ရာကောင်းသည့် မြန်မာ့သမိုင်းအမွေအနှစ်ယဉ်ကျေးမှုမျက်နှာစာမှာ ကမ္ဘာတွင်မဆိုထားနှင့် မြန်မာတွင်ပါ တိမ်မြုပ်နေဆဲဖြစ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားပြီး အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ဇာတိသွေး ဇာတိမာန်ဟူသော မျိုးချစ်စိတ်ဓာတ်တို့ကို ထက်သန်မြင့်မားစေနိုင်သော ကိုယ်ပိုင်ဂုဏ်ဒြပ်များပင်ဖြစ်သည်။ သို့ရာတွင် ခေတ်ကာလရွေ့လျောလာခြင်းကြောင့် အမျိုးမျိုးသော ပျက်သုဉ်းမှုအခြေအနေများကြောင့်သော်လည်းကောင်း၊ နယ်ချဲ့စနစ်နှင့်မျိုးမချစ်သူတို့၏ ဇာတိသွေး ဇာတိမာန် နိမ့်ကျစေရန်ရည်ရွယ်ချက်ဖြင့် ဖျောက်ဖျက်မှုများကြောင့်လည်းကောင်း တိမ်မြုပ်ပျောက်ကွယ်နေမှုများကို ပြန်လည်သတိမူရမည်ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်ထက်သန်ခိုင်မာရေးတို့ အထူးလိုအပ်နေသောအချိန်တွင် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားစေမည့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်အောင် ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့ အချိန်အခါကျရောက်နေပြီဟု ဆိုရမည်ဖြစ်သည်။

လက်ရှိတွင် သမိုင်းဆိုင်ရာအမွေအနှစ်များ ရှာဖွေဖော်ထုတ်နိုင်သော ပညာရှင်များကျန်ရှိနေသေးချိန်တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ရှာဖွေဖော်ထုတ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အားပေးကူညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘဝရပ်တည်နေထိုင်မှုအတွက် သမိုင်းကိုမျက်ကွယ်ပြုလာသည့် ယနေ့အနေအထားတွင် မြန်မာ့မြေတွင် အထင်အရှားတည်ရှိနေမည့် ရှေးအတိအတေကာလများစွာက ဖြစ်ထွန်းခဲ့သည့် မြို့ပြယဉ်ကျေးမှု သမိုင်းအမွေအနှစ်များကို ဝိုင်းဝန်းရှာဖွေဖော်ထုတ်ထိန်းသိမ်းကြဖို့ တိုက်တွန်းပါသည်။ ။




## စတော့အိတ်ချိန်းဈေးကွက် သွားရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန် စီးပွားရေးတက္ကသိုလ် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာဆိုင်ရာ မဟာဘွဲ့အမှတ်စဉ်(၃) (Master of Banking and Finance 3rd Batch)မှ သင်တန်းသားသင်တန်းသူ ၂၇ ဦး၊ အုပ်ချုပ်သူပါမောက္ခဒေါက်တာ စိုးသူ (Program Director, Master of Banking and Finance Porgramme) အပါအဝင် ဆရာ ဆရာမ သုံးဦး စုစုပေါင်း ၃၀ ပါဝင်သည့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ Stock Exchange နှင့် Vietnam Electrical Equipment Joint Stock Corporation တို့၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(အောင်သူရ)**

## ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များကို လစဉ်ငွေကြေးအထောက်အပံ့ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ အမျိုးသမီးများကို ကိုယ်ဝန်စရှိသည်မှ ကလေးအသက် (၂)နှစ်ပြည့်သည်အထိ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။



အစည်းအဝေး၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီး အသက်(၂)နှစ်အထိ ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်းဖြင့် ထိရောက်သောအာဟာရ ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် အစီအစဉ်အတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်အနေဖြင့် တစ်လလျှင် တစ်သောင်းငါးထောင်ကျပ်ဖြစ်၍ ထောက်ပံ့ငွေမှာ တစ်ရက်အတွက် ကျပ် ၅၀၀ သာဖြစ်သော်လည်း ထိုငွေကို ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ ကလေးသူငယ်နို့တိုက်စဉ် အာဟာရပြည့်ဝစေရန် မည်သို့သုံးစွဲသင့်ကြောင်း ပညာပေးလုပ်ငန်းများနှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား UNICEF မှ Mr.Bertrand Bainvel (UNICEF Representative for Myanmar) ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအတွက် ငွေကြေးထောက်ပံ့မှုအစီအစဉ် ဆောင်ရွက်ရေးကိစ္စ၊ ပင်္ဂုပက္ခဒေသရှိ ကလေးများအတွက် အာဟာရဖြည့်တင်းရေးနှင့် မိခင်များအား အာဟာရဆိုင်ရာကျန်းမာရေးအသိပညာပေးရန် လိုအပ်ချက်များ၊ လွှတ်တော်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းနိုင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဥပဒေရေးဆွဲနိုင်ရေး၊ အလားတူ လူမှုဝန်ထမ်း ဥပဒေ ရေးဆွဲနိုင်ရေးတို့တွင်လည်း UNICEF မှ နည်းပညာပိုင်းဆိုင်ရာ ဆက်လက်ပံ့ပိုးပေးမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E.Mr. Mohd Haniff Abd Rahman ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် မလေးရှားနိုင်ငံမှ စုပေါင်းအလှူခံရရှိထားသည့် ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို သင်္ဘောဖြင့်ပေးပို့ရန် အစီအစဉ်အတွက် အစိုးရအချင်းချင်း တရားဝင်ဆောင်ရွက်ရေး၊ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်းလက်ခံရယူရေးနှင့် ယင်းအခမ်းအနားတွင် မလေးရှား NGO များမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးများ ပါဝင်တက်ရောက်နိုင်ရေးနှင့် ဆိပ်ကမ်းတွင် အလွယ်တကူထုတ်ယူနိုင်ရေး၊ ရခိုင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းနှစ်ရပ်သို့ ဖြန့်ဝေပေးရေးတို့ကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှိုင်သင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

# တည်ဆဲဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်အကြံပြုခြင်းနှင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သောဥပဒေများအတွက် ဥပဒေကြမ်းများပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတို့နှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ကော်မရှင်ကဆောင်ရွက်နေသည့် တည်ဆဲဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်အကြံပြုခြင်းနှင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများအတွက် ဥပဒေကြမ်းများပေါ်ပေါက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် Law Reform ၏ အရေးပါမှုကဏ္ဍတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်၊ ဦးမြသိန်း၊ ဦးမြင့်နိုင်၊ ဒေါ်သန်းသန်းရီနှင့် ကော်မရှင်အတွင်းရေးမှူး ဦးခင်မောင်ထွန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုဘယ်-မြန်မာစာပေပွဲတော်-၂၀၁၇ တွင် စာတမ်း ၁၁ စောင် ဖတ်ကြားပြီး စာပေစကားဝိုင်းခုနစ်ဝိုင်း ပါဝင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် ဇန်နဝါရီ ၂၂၊၂၃၊၂၄ ရက်တို့တွင် ကျင်းပမည့် နိုဘယ်-မြန်မာစာပေပွဲတော်-၂၀၁၇ တွင်စာတမ်းပေါင်း ၁၁ စောင် ဖတ်ကြားမည်ဖြစ်ပြီး စာပေစကားဝိုင်းခုနစ်ဝိုင်း ပြုလုပ်မည်ဖြစ်ကြောင်း စာပေပွဲတော်ကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၂ ရက်တွင် မောင်ခင်မင်(ဓနုဖြူ)က စာပေတွင် ရသဖန်တီးမှုနှင့် ခံစားသူတို့ ဆက်သွယ်မှု၊ သစ္စာနီက မျက်မှောက်မြန်မာကဗျာ (ခေတ်ပြိုင်/ခေတ်ပေါ်)နှင့် မောင်ဇေယျာက ရသစာပေနှင့် စာပေဝေဖန်ရေး စာတမ်းတို့ကို ဖတ်ကြားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၃ ရက်တွင် မြဝင်း(ဒဿန)က မြန်မာ့ရနံ့နှင့်စပ်လျဉ်းသော မှတ်ချက်များ၊ တော်ကောင်းမင်းက ရှိတ်စပီးယားပြဇာတ်များကို မြန်မာပြန်ဆိုခြင်း၊ ဒေါက်တာ မိုးဟိန်းဇော်(မြန်မာစာ)က မြန်မာကလေးကဗျာများကပေးသော ရသနှင့် မြင့်ဆွေဦးက နဂါးနီမှ ရသဝတ္ထုများဖတ်ကြားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ရာသက်ပန် (တောင်ငူဆောင်)က မင်းလူဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု၊ ဒေါက်တာအောင်ကြီးက မော်စီတုံး ကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း၊ ကိုတာက ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း၊ ငြိမ်းမင်းက ရသစာပေဖန်တီးမှု စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။

စာပေစကားဝိုင်းအနေဖြင့် ဇန်နဝါရီ ၂၂ ရက်တွင် ရသစာပေနဲ့ဖန်တီးမှု (ချစ်ဦးညို၊ နေဝင်းမြင့်၊ ဂျူး) အက်ဆေးတစ်ပုဒ် မွေးဖွားခြင်း[ကြည်မင်း၊ မြဝင်း(ဒဿန)]၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ မင်းချမ်းမွန်၊သွယ်သွယ်မျိုးညွန့်၊ ဇန်နဝါရီ ၂၃ ရက်တွင် ယနေ့မြန်မာကဗျာ၊ မနက်ဖြန်အတွက် မြန်မာကဗျာ(မင်းထက်မောင်၊ ကိုရွှေး၊ မောင်လင်းရိပ်၊ မောင်ဒေး၊ အိန္ဒြာ)၊ ရသပျိုးခင်း(မော်လင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ သစ္စာနီ၊ ငြိမ်းမင်း၊ မြေလတ်မောင်မြင့်သူ)၊ ဇန်နဝါရီ ၂၄ ရက်တွင် ဘာသာပြန်ရသဖန်တီးမှု(မောင်သာမညာ၊ မောင်ရဲခိုင်၊ တင့်ဇော်၊ ဒီနိုဗို)၊ ဝတ္ထုရှည်တစ်ပုဒ် ဖန်တီးခြင်း(မင်းခိုက်စိုးစန်၊ မြနှောင်းညို၊ ဂျူး၊ လက်ာရည်ကျော်၊ ဒေါက်တာစိုးလွင်)၊ ရသရေစီး(ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ ရာသက်ပန် (တောင်ငူဆောင်)၊ မြေမှုန်လွင်) တို့က စကားဝိုင်းဖွဲ့ကြမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲ၊ စာပေစကားဝိုင်း အစီအစဉ်တို့အပြင် ရသစာဖတ်ဝိုင်း၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပြပွဲ၊ ကယ်ရီကေးချားပုံတူဆွဲပွဲတို့အပြင် စာအုပ်ဆိုင်ပေါင်း ၁၅၀ ကျော် ပါဝင်သည့် စာအုပ်ဈေးခင်းကြီးပါ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီအသီးသီးမှအဖွဲ့ဝင်များနှင့် မစ္စ ရန်ဟီလီ သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီ အသီးသီးမှ အဖွဲ့ဝင်များနှင့် ယနေ့တွင် နေပြည်တော်၌ သီးခြားစီတွေ့ဆုံသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စနှင့် ရခိုင်ပြည်နယ်အတွင်းလိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တိုးတက်မှုအခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် အမျိုးသမီးများအားအကြမ်းဖက်မှု ကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ဥပဒေပြုရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေရေး၊ ဆောင်ရွက်နေဆဲ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်(သတ္တုရေးရာ)၊ အမြဲတမ်းအတွင်းဝန် (သစ်တောရေးရာ)တို့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ မြေယာအခွင့်အရေးများကို စီမံဆောင်ရွက်ပေးမှု အခြေအနေများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများ အကောင်အထည်ဖော်နေမှုများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## တွေ့ဆုံဆွေးနွေး

**တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီတို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)





# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)ဒုတိယနေ့ ဆက်လက်ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၉**

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံဟိုတယ်၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ စင်မြင့်ထက်တွင်နေရာယူကာ ကရင်အမျိုးသားအလံအား အလေးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သဘာပတိအဖွဲ့ဝင် နော်ဒါးဒါးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူး နော်ဖောဂေကဆွေးနွေးပွဲဆိုင်ရာ စည်းကမ်းချက်များကို ဖတ်ကြားပြီး Facilitator Team ကိုယ်စား စောဇော်လင်းက ကဏ္ဍအလိုက် ဆွေးနွေးမှုပုံစံများအား ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အုပ်စုလေးစုခွဲ၍ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝသယံဇာတကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကဏ္ဍအလိုက်အုပ်စုဖွဲ့ ဆွေးနွေးခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ Facilitator အဖြစ် တာဝန်ယူခဲ့ကြသူများက ဆွေးနွေးတင်ပြကြပြီး သဘာပတိအဖွဲ့ဝင် KNU ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပဒိုစောသမိန်ထွန်းက နိဂုံးချုပ်စကားပြောကြားကာ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ကရင်အမျိုးသားကိုယ်စားလှယ်များက ကဏ္ဍအလိုက်စာတမ်းများ ဆွေးနွေးခဲ့ကြပြီး စာတမ်းပြင်ဆင် အချောသပ်ခြင်းကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များနှင့် မှတ်တမ်းအဖွဲ့များက ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီး တတိယနေ့တွင် ကိုယ်စားလှယ်များထံ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများဖယ်ရှားမည့် ထရန့်၏ဆုံးဖြတ်ချက်ကို သမ္မတ အိုဘားမားဝေဖန်

**ဝါရှင်တန် ဇန်နဝါရီ ၁၉**
ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်အနေဖြင့် ရုရှားနိုင်ငံအပေါ် အမေရိကန်ကချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို နျူလက်နက်လျှော့ချရေးစာချုပ်ကြောင့် ဖယ်ရှားပစ်ရန် ဆုံးဖြတ်မည်ဆိုပါက မှားယွင်းသော ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်ဟု အမေရိကန်သမ္မတဘာရက်အိုဘားမားက ဝေဖန်ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတအဖြစ် သူ၏နောက်ဆုံးအကြိမ်သတင်းစာရှင်းလင်းပွဲတွင် အိုဘားမားက ရုရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုရရှိခြင်းသည် အမေရိကန်နိုင်ငံသာမက ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ ကောင်းမွန်ပါကြောင်း ပြောကြားခဲ့သည်။ သို့သော် သမ္မတ ဗလာဒီမာပူတင်သည် သမ္မတရာထူး စတင်ထမ်းရွက်ခဲ့သည့်အချိန်တွင် ၎င်းအနေဖြင့် အမေရိကန်နိုင်ငံကို ဆန့်ကျင်သည့် အတွေးအမြင်များကို ပြည်သူများအကြား မကြာခဏဖွင့်ဟခဲ့သည်၊ ထိုသို့ အမေရိကန်အား ဆန့်ကျင်သည့် အတွေးအမြင်များ ရှိနေခြင်းသည် စစ်အေးကာလ ပဋိပက္ခဖြစ်ပွားရန် တွန်းအားပေးသည့်သဘောကို ဆောင်နေသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကိုပါ ထိခိုက်စေသည်ဟု သမ္မတ အိုဘားမားက မှတ်ချက်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ထားခြင်းသည် နျူလက်နက်တီထွင်စမ်းသပ်ခြင်းကြောင့်မဟုတ်ဘဲ ယူကရိန်းနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို မထီမဲ့မြင်ပြုပြီး ကျူးကျော်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သမ္မတ အိုဘားမားက ဆိုသည်။

ရွေးကောက်ခံသမ္မတ ဒေါ်နယ်လ်ထရန့်လက်ထက်တွင် အမေရိကန်ပြည်သူများအနေဖြင့် စီးပွားရေးအကျပ်အတည်း တစ်ခုခုနှင့် ရင်ဆိုင်တွေ့ကြုံခဲ့သော်လည်းကောင်း၊ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် စစ်ဘေးရှောင်ဒုက္ခသည်များ၏ ကလေးသူငယ်များကို ပြည်နှင်ဒဏ်ပေးခဲ့သော်လည်းကောင်း သမ္မတ အိုဘားမားက ရာထူးမှအနားယူသည့်တိုင် ထရန့်၏ လုပ်ဆောင်မှု များကို ဝေဖန်ထောက်ပြမည်ဖြစ်ကြောင်း ဆိုသည်။

**အင်န်အိတ်ချ်ကေ။**





# တီဟီရန်မြို့လယ်၌ အထပ်မြင့်အဆောက်အအုံမီးလောင်မှုဖြစ်ပြီးနောက် ပြိုကျ

**တီဟီရန် ဇန်နဝါရီ ၁၉**
အီရန်နိုင်ငံ တီဟီရန်မြို့လယ်ရှိ အထပ်မြင့်အဆောက်အအုံကြီးတစ်လုံးတွင် ဇန်နဝါရီ ၁၉ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ အဆောက်အအုံအတွင်း ပိတ်မိနေသည့် မီးသတ်သမား ၂၅ ဦးထက်မနည်းကို ရှာဖွေနေပြီး ထိခိုက်ဒဏ်ရာရသူ လူဒါဇင်များစွာကို ဆေးဝါးကုသပေးလျက်ရှိကြောင်း တီဟီရန်မြို့တော်ဝန်က ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများနှင့် လူနေအိမ်များ တွဲလျက်တည်ရှိသည့် ၁၇ ထပ်အမြင့်ရှိ အဆောက်အအုံပြိုကျမှုမှာ ထိတ်လန့်ကြောက်မက်ဖွယ် ရုပ်ရှင်ကားမှ မြင်ကွင်းကဲ့သို့ပင်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီ ၁၉ ရက် နံနက်အစောပိုင်းက ဖြစ်ပွားသော ယင်းဖြစ်ရပ်ကို ရုပ်မြင်သံကြားသတင်း၌ဖော်ပြရာတွင် အဆောက်အအုံပြိုကျမှုကြောင့် ဖုန်မှုန့်များကို တိမ်တိုက်ကြီးသဖွယ်မြင်တွေ့ရသည်။ ထိခိုက်ဒဏ်ရာရသူ ၇၅ ဦးထက်မနည်းရှိပြီး ၄၅ ဦးမှာ မီးသတ်သမားများ ဖြစ်သည်။

ပြိုကျသည့်အဆောက်အအုံ၏ အပျက်အစီးအပိုင်းအစများအတွင်း မီးသတ်သမား ၂၅ ဦးခန့် ပိတ်မိနေပြီး ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေး ကြိုးပမ်းလုပ်ဆောင်နေကြောင်း တီဟီရန်မြို့တော်ဝန်က အခင်းဖြစ်ပွားရာ နေရာ၌ နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

အဆောက်အအုံပြိုကျမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ အလျင်အမြန်စုံစမ်းစစ်ဆေးရန် အီရန် သမ္မတ ရိုဟာနီက အမိန့်ပေးထားသည်။

အဆောက်အအုံအတွင်းနေထိုင်သူများကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့သည်။

အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အနည်းဆုံးနှစ်ရက်ခန့် အချိန်ကြာမြင့်မည်ဆို၏။

ပြိုကျမှုဖြစ်ပွားသည့် ပလာစကိုအမည်ရှိ အထပ်မြင့်အဆောက်အအုံသည် သက်တမ်း နှစ် ၅၀ ကျော်ရှိပြီဖြစ်ပြီး ယခင်ကလည်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ဖူးကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဂမ်ဘီယာသမ္မတအာဏာစွန့်ရန် ငြင်းဆန်ပါက စစ်ရေးအရ ကြားဝင်ဖြေရှင်းမည်ဟု ဆီနီဂေါနိုင်ငံပြော

**ဘန်ဂျူး ဇန်နဝါရီ ၁၉**
မိမိ၏ တပ်ဖွဲ့များသည် ဂမ်ဘီယာနိုင်ငံ၏ နယ်စပ်အနီးသို့ ရောက်ရှိနေကြောင်း၊ ဂမ်ဘီယာသမ္မတ ယာယာ ဂျမ်မားသည် အာဏာစွန့်ရန် ငြင်းဆန်မည်ဆိုပါက ညသန်းခေါင်ယံအချိန်တွင် ၎င်း၏ နိုင်ငံအတွင်းသို့ ဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း ဆီနီဂေါ ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

ဂျမ်မားသည် ဒီဇင်ဘာ ၁ ရက် ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် အက်ဒမာဘာရိုးအား ရှုံးနိမ့်ခဲ့သော်လည်း သမ္မတရာထူးမှ ဆင်းပေးရန် ငြင်းဆိုနေခဲ့ပြီးနောက် ဆီနီဂေါ စစ်ဘက်က အထက်ပါအတိုင်း ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် မသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရာထူးမှဆင်းပေးမည်မဟုတ်ဟု ဂျမ်မားက ပြောကြားခဲ့သည်။ ဂျမ်မား၏ သမ္မတရာထူးသက်တမ်းမှာ ဇန်နဝါရီ ၁၈ ရက် ည သန်းခေါင်ယံတွင် ကုန်ဆုံးမည်ဖြစ်သည်။

သမ္မတ ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ မိမိတို့ စောင့်ဆိုင်းလျက်ရှိပြီး နိုင်ငံရေးအရ ဖြေရှင်းချက်မရပါက မိမိတို့အနေဖြင့် ကြားဝင်ဖြေရှင်းရလိမ့်မည်ဖြစ်ကြောင်း ဆီနီဂေါ ကြည်းတပ်၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးအဗ္ဗဒူအင်ဒေးက ပြောကြားသည်။

ဆီနီဂေါကြည်းတပ်၏ လိုအပ်ချက်အရ မိမိတို့ကလည်း ပါဝင်ကူညီမည်ဟု နိုင်ဂျီးရီးယားလေတပ်က ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံသည် အနောက်အာဖရိက အုပ်စုဖြစ်သော အီကိုဝပ်အဖွဲ့တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သမ္မတ ဂျမ်မား ရာထူးမှ ဆင်းပေးရန် ငြင်းဆိုပါက စစ်ရေးအရ ကြားဝင်ဆောင်ရွက်မည် သို့မဟုတ် ဂမ်ဘီယာနိုင်ငံကို အရေးယူဒဏ်ခတ်မည်ဟု အီကိုဝပ်အဖွဲ့က ပြောကြားခဲ့သည်။

ဂမ်ဘီယာနိုင်ငံ၌ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဘာရိုး၏ ကျမ်းသစ္စာကျိန်ဆိုပွဲ လုံခြုံရေးအတွက် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၂၀၅ ဦးကို စေလွှတ်ပေးမည်ဟုလည်း ဂါနာနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။ **ရိုက်တာ။**



# အီတလီအလယ်ပိုင်းရှိ ဟိုတယ်တစ်လုံးပေါ်သို့ ဆီးနှင်းခဲများပြိုကျ၊ လူ ၃၀ ခန့် သေဆုံးနိုင်ဖွယ်ရှိ

**ရောမ ဇန်နဝါရီ ၁၉**
အီတလီနိုင်ငံ အလယ်ပိုင်း၌ နှင်းလျှောစီးအပန်းဖြေစခန်းရှိရာ ပန်းနီးမြို့ရှိ ဟိုတယ်တစ်လုံးပေါ်သို့ တောင်ပေါ်မှ ဆီးနှင်းခဲများပြိုကျမှုဖြစ်ပွားရာ လူပေါင်း ၃၀ အထိ ဆီးနှင်းခဲများအောက်သို့ ရောက်ရှိကာ အသက်သေဆုံးရသည်ဟု ယူဆရကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားကြသည်။

အီတလီနိုင်ငံ ပက်စကာရာပြည်နယ် ပန်းနီးမြို့၏ တောင်တန်းဒေသ၌ တည်ရှိသော ဇိမ်ခံဟိုတယ်တစ်လုံးပေါ်သို့ တောင်ပေါ်မှ ဆီးနှင်းခဲများထုနှင့်ထည်နှင့် ပြိုကျမှုဖြစ်ပွားခဲ့သည်။

မြေငလျင်လှုပ်မှုကြောင့် တောင်ပေါ်မှ ဆီးနှင်းခဲများ ပြိုကျရခြင်းဖြစ်ကြောင်း၊ ဒေသတွင်း၌ ဇန်နဝါရီ ၁၈ ရက် ညကာလအတွင်း နောက်ဆက်တွဲမြေငလျင်ငယ် အကြိမ် ၈၀ ကျော်လှုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းဌာနများမှ ကယ်ဆယ်ရေးဝန်ထမ်းများက ဆီးနှင်းခဲများအောက် ရောက်ရှိနေသော ဟိုတယ်အတွင်းရှိနေသူများကို ကယ်တင်နိုင်ရန် ကြိုးပမ်းသော်လည်း ဆီးနှင်းသိပ်သည်းစွာ ဖုံးလွှမ်းနေမှုကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ရသည်။

ရီဂိုပီယာနို အမည်ရှိ ဟိုတယ်အတွင်း လူ ၃၀ ခန့်ရှိနေပြီး ၎င်းတို့၏ ကံကြမ္မာကို အတိအကျမသိရသေးကြောင်း အီတလီအရပ်ဘက်ကာကွယ်ရေးဌာနက ပြောကြားသည်။

**ရိုက်တာ။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ဂျပန်နိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ဆုတောင်းမေတ္တာပို့သပါသည်ဟု ဂျပန်ဧကရာဇ် အကီဟီတိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အလားတူ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့ပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခီရှီဒါနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီဂူချိတို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ကြသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများထံသို လှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သပါသည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သဝဏ်လွှာပေးပို့သည်။

ပြီးခဲ့သောနှစ်တွင် မြန်မာ့နိုင်ငံရေးအခြေအနေတည်ငြိမ်ပြီး စီးပွားရေးဆက်တိုက်ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူလူထုဘဝ စဉ်ဆက်မပြတ်ကောင်းမွန်လာခဲ့ပါသည်။ ထို့ပြင် ပြည်ပနှင့် ကူးလူးဆက်ဆံရေး တစ်နေ့ထက်တစ်နေ့တိုးတက်များပြားလာပြီး နိုင်ငံတကာတွင်ရပ်တည်ချက်လည်း ပိုမိုမြင့်တက်လာသည်ကိုတွေ့မြင်ရသည့်အတွက် မိမိအလွန်ဝမ်းမြောက်မိပါသည်။ အဆွေတော်သမ္မတကြီးနှင့်တကွ မြန်မာအစိုးရခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူလူထုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်း ပိုမိုကောင်းမွန်သောရလဒ်သစ်များ ဆွတ်ခူးနိုင်မည်ဟု မိမိယုံကြည်ပါသည်။

တရုတ်-မြန်မာ ရှေးရိုးစဉ်ဆက် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် နက်ရှိုင်းလျက်ရှိပြီး လက်ရှိနှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအလားအလာသည် ကောင်းမွန်ပါသည်။ ကျွန်ုပ်သည် တရုတ်-မြန်မာဆက်ဆံရေးအား များစွာအလေးထားပြီး အဆွေတော်နှင့်အတူတကွကြိုးပမ်းကာ နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး၍ နှစ်နိုင်ငံပြည်သူလူထုအား ပိုမိုအကျိုးပြုနိုင်ရန် ဆန္ဒရှိပါသည်။

မြန်မာနိုင်ငံ စည်ပင်သာယာဝပြောပြီး ပြည်သူလူထုသာယာချမ်းမြေ့ပါစေ၊ အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပြီး အစစအရာရာ အဆင်ပြေချောမွေ့ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီတို့ကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

**ကိုရီးယားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကိုရီးယားသမ္မတနိုင်ငံ ခေတ္တ သမ္မတ ဟွမ်ကျိုအန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

လွန်ခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်မှုနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး စွမ်းဆောင်မှုများအတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအစိုးရများအနေဖြင့် ဒီမိုကရေစီစံနှုန်းများကို မျှဝေပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှုများ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆန္ဒပြုပါသည်။

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်သမ္မတကြီးနှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အဆွေတော်သမ္မတကြီးအနေဖြင့် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီယုံဟိုကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (၁/၂၀၁၇) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Peace Process Orientation Course) (၁/၂၀၁၇) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပသည်။




ဖွင့်ပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့နိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်လျှောက်လုံးပြောဆိုလာခဲ့သည်မှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်ခဲ့သည့်အတွက် တိုက်ပွဲများဖြစ်နေရသည်ဟု ဆိုပါကြောင်း၊ အမြဲတမ်းတောင်းဆိုခဲ့သည်မှာလည်း နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဆောင်ရွက်ခဲ့ပါကြောင်း။

နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်အတွက် တစ်ခုတည်းသောအဖြေသည် လက်ရှိမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ပြီး ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ဖက်ဒရယ်စနစ်ပင်ဖြစ်ပါကြောင်း၊ ယင်းကို အားလုံးက လက်ခံထားပြီးဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ်ကို ညှိနှိုင်းဆွေးနွေးရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တစ်ခုတည်းသောနိုင်ငံရေးစားပွဲဝိုင်းဖြစ်ပါကြောင်း။

ဖက်ဒရယ်ဆိုလျှင် ဖက်ဒရေးရှင်း၊ တစ်ပြည်ထောင်၊ ဖက်ဒရယ်စနစ်တစ်ခုစီမှာကိုပဲ မူကွဲ အသွင်ကွဲများ များစွာရှိနေပါကြောင်း၊ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံး ဖက်ဒရယ်ဟာ ဘယ်လိုမျိုးလဲဆိုတာကို ညီလာခံတွင် ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ကျယ်ပြန့်လှသည့် နိုင်ငံရေးပြဿနာများကိုအခြေခံပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းပြဿနာများကိုနားလည်ပြီး ဖြေရှင်းနိုင်ရန် မည်သို့ကြိုးပမ်းဆောင်ရွက်နေသည်ဆိုသည်ကို သင်တန်းပြီးသည့်အခါ သိရှိလာကြမည်ဖြစ်ပါကြောင်း။

ယခု သင်တန်းတွင် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏အခြေခံဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)နှင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ ညီလာခံအတွင်း စေ့စပ်ညှိနှိုင်းမှုများ မည်သို့လုပ်ဆောင်ကြမည်၊ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းကြသည့်အခါ မည်သို့လုပ်ဆောင်ကြမည်ဆိုသည်ကို ရှင်းလင်းသွားရန် စီစဉ်ထားပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဟူ၍ ကဏ္ဍကြီး ငါးခု ခွဲခြားထားပါကြောင်း၊ ကဏ္ဍအလိုက် Negotiate ဘယ်လိုလုပ်မည်၊ Decision ဘယ်လိုချမှတ်ကြမည်၊ ဆွေးနွေးပွဲများတွင် Deadlock ဖြစ်ပါက ဘယ်လိုလုပ်ကြမည်ဆိုသည့်ကိစ္စရပ်များကို အားလုံးနားလည်သဘောပေါက်အောင်နည်းပြများအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လက်တွေ့ပါဝင်ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များကို အဓိကထားပြီး ရွေးချယ်ထားပါကြောင်း ပြောကြားသည်။

ယနေ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)နှင့် ၎င်း၏လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်နှင့်ပတ်သက်၍ လည်းကောင်း၊ ဆရာဦးကျော်ဝင်းက ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်းသို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကနဦးရှေ့ပြေးကျင်းပမည့်နေရာဒေသများမှ ကြီးကြပ်မှုကော်မတီဝင်များ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အဆင်သင့်မဖြစ်သေးသောပြည်နယ်များမှ ကြီးကြပ်မှုကော်မတီဝင်လျာထားသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်ဆွေးနွေးမည့် အစိုးရကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အစိုးရအစုအဖွဲ့အကျိုးဆောင်များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပို့ချမှုသင်တန်း (Peace Process Orientation Course) (၁/၂၀၁၇)ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာပို့ချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေနှင့် စုဖွဲ့မှုများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းလမ်းညွှန်များ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် လုပ်ငန်းလမ်းညွှန်များ၊ ညီလာခံအတွင်းဆွေးနွေးစေ့စပ်ညှိနှိုင်းမှုအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အဆင့်မြင့် မော်တာအပ်ချုပ်စက် သင်တန်းဆင်း

**သထုံ ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးပြုလုပ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၆ ရက်က သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ ယင်းသင်တန်းဆင်းပွဲတွင် ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးကြည်က တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တင်ဒါအောင်ကုမ္ပဏီများ ဆောင်ရွက်လျက်ရှိသည့် ကျိုက်ထိုမြို့နယ်ရှိ ရွှေစင်ဖြိုးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျိုက်ထို-ကျိုက္ကသာ ကတ္တရာလမ်းကို ကွင်းဆင်းစစ်ဆေးပြီး ဘီးလင်းမြို့နယ်ရှိ ခွန်ဘိုတန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျိုက်တဲကျေးရွာအဝင် ကွန်ကရစ်လမ်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## အင်တာဗျူး

❒ ရွှေဖုံးမှ

**မေး။ ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(မထသ) စနစ်ကို ဖျက်သိမ်းပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်(YBS)ကို ပြောင်းလိုက်ရတဲ့ ရည်ရွယ်ချက်နဲ့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် အပိုင်းကိုသိပါရစေ။**

ဖြေ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မထသစနစ်ကနေ YBS စနစ်ကို ပြောင်းလိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့နေပြည်သူတွေကို တကယ်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခုကိုပေးနိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ မထသဆိုတာက အာဏာပိုင်အဖွဲ့အစည်းမဟုတ်တဲ့အတွက် သူ့မှာအာဏာဆိုတာ မရှိပါဘူး။ အာဏာမရှိတဲ့အတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းတွေနဲ့ ယာဉ်အကူတွေကို ညွှန်ကြားချက်ထုတ်တဲ့အခါမှာ အားနည်းမှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒီလိုအားနည်းမှုတွေကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေလုပ်တဲ့အခါမှာ လိုအပ်ချက်များစွာရှိခဲ့ပါတယ်။ ဒါကို ပြည်သူတစ်ရပ်လုံးက ပြောင်းလဲစေချင်တဲ့ကဏ္ဍတစ်ခုအဖြစ် တောင်းဆိုတဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ မထသကနေ YBS ဖြစ်လာအောင် ဖော်ဆောင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ မထသကဘတ်စ်ကားလိုင်းပြေးဆွဲဖို့ စနစ်တစ်ခုတည်းကို ရည်ရွယ်ခြင်းပဲဖြစ်ပါတယ်။ YBS ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဘတ်စ်ကားစနစ်တွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်အောင် ဖော်ဆောင်ခြင်းဖြစ်ပါတယ်။

အဲဒီလိုဖော်ဆောင်တဲ့အခါမှာလည်း တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူတွေကို ခရီးသွားဝန်ဆောင်မှုပေးနိုင်မယ့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားပါတယ်။ အဲဒါကတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)ပါ။ YRTA အောက်မှာသူ့ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် (YBS)ကို စတင်အကောင်အထည်ဖော်လိုက်ပါတယ်။ YRTA အောက်မှာ YBS အပြင် ရေရှည်မှာရေလမ်းခရီးဝန်ဆောင်မှု (Water Bus Service)နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ ပေါ်လာမှာဖြစ်သလို ခရီးဝေးနဲ့ ပတ်သက်ပြီးတော့လည်း ရန်ကုန် Hi-way Bus Service ဆိုတာလည်း ပေါ်ပေါက်လာမှာ ဖြစ်တယ်။ နောက်ထပ်လည်း တက္ကစီတွေကို ထိန်းချုပ်ဖို့အတွက် YBS လိုအဖွဲ့အစည်းတွေ ဆောင်ရွက်ဖို့ရှိပါတယ်။ နောင်များမှာလည်း မြို့ပတ်ရထားလမ်းတွေကို အဆင့်မြှင့်တင်နိုင်တဲ့အခါမှာ ရထားတွေကို အဆင့်မြှင့်တင်တဲ့ YBS လိုအဖွဲ့ အစည်းတွေ ဆက်လက်ပေါ်ပေါက်လာဖို့ရှိပါတယ်။ ပို့ဆောင်ရေးကဏ္ဍတွေ အားလုံးရဲ့အာဏာပိုင်အဖွဲ့ကတော့ YRTA ပဲဖြစ်ပါတယ်။

**မေး။ YBS စနစ်ကိုပြောင်းလဲလိုက်တဲ့အတွက် ယာဉ်ပိုင်ရှင်တွေနဲ့ပတ်သက်ပြီး ကြုံတွေ့နေတဲ့အခက်အခဲနဲ့ သူတို့ရရှိလာမယ့် အကျိုးခံစားခွင့်တွေ အပေါ် ဆောင်ရွက်ပေးနေမှုကို သိပါရစေ။**

ဖြေ။ ယာဉ်ပိုင်ရှင်အများစုဟာ အများပိုင်စနစ်ကိုကျင့်သုံးရတဲ့ ဘုံစနစ်ကို တော်တော်များများနားမလည်ကြသေးဘူး။ ဘုံစနစ်ကိုနားလည်ဖို့ရန်အတွက် စုပေါင်းအလုအယက် ရှာဖွေစားသောက်နေရမယ့်အစား အေးအေးဆေးဆေးနဲ့ ကုမ္ပဏီပုံစံဖွဲ့စည်းပြီးတော့ အချိုးကျခွဲဝေယူပြီး ရယူမယ်ဆိုရင် သူတို့ရဲ့ဝင်ငွေဟာ ပူပန်စရာမလိုဘဲကောင်းမွန်တဲ့စနစ်အောက်မှာ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်အနေနဲ့ စိတ်ပူတာက ကိုယ်ရကိုယ်ယူစနစ်နဲ့ နှစ်ပေါင်းများစွာကျင်လည်ခဲ့ကြတယ်။ ကိုယ်ရကိုယ်ယူစနစ်ဖြစ်တဲ့အတွက်ကြောင့် လမ်းပေါ်မှာကားတွေ အပြိုင်လုပြီးမောင်းတဲ့စနစ်တွေဖြစ်သွားတယ်။ နောက်ဆိုရင် ကိုယ်ရကိုယ်ယူစနစ်မဟုတ်တော့ဘဲ အများပိုင်စနစ်ဖြစ်သွားတဲ့အခါမှာအပြိုင်အဆိုင်ရှာဖွေမှုတွေ နည်းသွားပြီး ကိုယ်ပါဝင်ထားတဲ့ အစုရှယ်ယာအလိုက် အချိုးကျအကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ကောင်းခြင်းအတွက်မဟုတ်ဘဲ အများကောင်းဖို့အတွက် ရည်ရွယ်ပြီး မျှဝေခံစားရတဲ့ စနစ်တစ်ခုဖြစ်တဲ့အတွက်ကြောင့် အနာဂတ်မှာ စိတ်ပူပန်သောကရောက်စရာမလိုဘဲ ပါဝင်ထားတဲ့ အချိုးအစားအတိုင်း ဝင်ငွေရရှိနေမှာဖြစ်ပါတယ်။ တကယ်ကောင်းမွန်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်ဆိုတာကို အလေ့အကျင့်ရအောင် စတင်ပြီး ပြုစုပျိုးထောင်နေခြင်းပဲဖြစ်ပါတယ်။

ယာဉ်အများကြီးပိုင်တဲ့ ယာဉ်ပိုင်ရှင်တွေရှိသလို တစ်စီး၊ နှစ်စီးပိုင်တဲ့ ယာဉ်ပိုင်ရှင်တွေလည်းရှိတဲ့အတွက် YBS ရဲ့အောက်မှာအများပိုင်ကုမ္ပဏီအဖွဲ့တွေ ထပ်ဖွဲ့ရခြင်းပဲဖြစ်ပါတယ်။ လောလောဆယ်စာရင်းသွင်းထားတဲ့ ကုမ္ပဏီ ရှစ်ခုကလည်း ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီတစ်ခုပဲ ပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ ယာဉ်လိုင်းတစ်လိုင်းချင်းစီမှာပါဝင်တဲ့ ယာဉ်စီးရေတွေနဲ့ပတ်သက်ပြီး ယာဉ်မောင်းတွေ၊ ယာဉ်အကူတွေ စသည်ဖြင့် ဒါတွေကို တစ်ဦးတစ်ယောက်ချင်းစီ စီမံခန့်ခွဲမှုအနေနဲ့ လုပ်စရာမလိုတော့ဘဲ ကျွမ်းကျင်တဲ့ကုမ္ပဏီဝန်ထမ်းက စီမံခန့်ခွဲမှု လုပ်သွားမယ့်ပုံစံဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်ဟာ သူ့ရဲ့ယာဉ်ကိုထည့်ထားပြီး ရရှိလာမယ့်ဝေစုကို အေးအေးဆေးဆေးရယူရမယ့်စနစ်ပုံစံမျိုးကို သွားနေတာပါ။

**မေး။ မထသဝန်ထမ်းတွေနဲ့ပတ်သက်ပြီး အလုပ်အကိုင်ပြန်လည်ရရှိရေးအတွက် ဖြေရှင်းဆောင်ရွက်သွားမယ့်အပိုင်းတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ မထသမှာရှိတဲ့ ဝန်ထမ်းတစ်ထောင်ကျော်အားလုံးကို ဝန်ထမ်းလျှောက်လွှာပုံစံတွေ ပေးထားပါတယ်။ ၉၀၀ ကျော်က ဖြည့်ထားပြီးပြီဖြစ်ပါတယ်။ ဝန်ထမ်းတွေကို ဖွဲ့စည်းပုံနှစ်မျိုးနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တစ်မျိုးက ဝန်ထမ်းတွေဆီက သဘောထားဆန္ဒကောက်ခံယူထားပါတယ်။ YBS အောက်မှာဌာနတွေရှိပါတယ်။ ဥပမာနည်းပညာဌာနရှိမယ်၊ စာရင်းအင်းဌာနရှိမယ်၊ စက်ပြင်ထိန်းသိမ်းရေးဌာနရှိမယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာန စသဖြင့် ဌာနတွေရှိသလို သက်ဆိုင်ရာယာဉ်လိုင်းတွေမှာလည်း ကုမ္ပဏီပိုင်အဖွဲ့အစည်းတွေ ရှိပါတယ်။ ဝန်ထမ်းတွေကို သဘောထားခံယူချက်တောင်းယူထားတဲ့နေရာမှာ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်တဲ့အခါမှာ ကုမ္ပဏီဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသလား၊ ဒါမှမဟုတ် အဲဒီကုမ္ပဏီဝန်ထမ်းဌာနတွေမှာ သူတို့ရဲ့ကျွမ်းကျင်ရာအလိုက် ဘယ်ဌာနမှာဝင်ရောက် အလုပ်လုပ်လိုပါသလဲဆိုတဲ့


နော်ပန်းသဥ္စာမျိုး(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

လျှောက်လွှာပုံစံကိုပေးထားပြီးဖြစ်ပါတယ်။ နောက်တစ်ပိုင်းက YRTA ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ YBS ရဲ့ဌာနတွေမှာ ဝင်ရောက်အလုပ်လုပ်လိုတဲ့ ဝန်ထမ်းတွေကိုလည်း စာရင်းကောက်ယူထားပါတယ်။ သူတို့ကတော့ အစိုးရကနေ ခန့်ထားတဲ့ အစိုးရလစာပုံစံမျိုးနဲ့သွားမယ့်ဝန်ထမ်းတွေဖြစ်ပါတယ်။ YBS အောက်မှာလည်း စက်ပြင်ထိန်းသိမ်းရေးဌာန၊ နည်းပညာဌာန၊ ဘဏ္ဍာရေးဌာနစသည်ဖြင့် ဌာနတွေရှိပါတယ်။ ဒီဌာနတွေကို ဝန်ထမ်းတွေအားလုံးကို အသိပေးပြီးဖြစ်ပါတယ်။ အစိုးရလက်အောက်မှာ လုပ်မယ်ဆိုရင်လည်း ဘယ်ဌာနတွေမှာလုပ်ချင်လဲဆိုတဲ့ သဘောထားမှတ်ချက်ကိုလည်း ရယူထားပြီး

> * တစ်ဦး တစ်ယောက်ကောင်းခြင်းအတွက် မဟုတ်ဘဲ အများကောင်းဖို့အတွက် ရည်ရွယ်ပြီး မျှဝေခံစားရတဲ့ စနစ်တစ်ခုဖြစ်တဲ့အတွက်ကြောင့် အနာဂတ်မှာ စိတ်ပူပန်သောက ရောက်စရာမလိုဘဲ ပါဝင်ထားတဲ့ အချိုးအစားအတိုင်း ဝင်ငွေရရှိနေမှာဖြစ်။
>
> * မထသမှာရှိတဲ့ ဝန်ထမ်းတွေကို သဘောထားခံယူချက် တောင်းယူထားတဲ့နေရာမှာ ကုမ္ပဏီအဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက်တဲ့အခါမှာ ကုမ္ပဏီဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသလား၊ ဒါမှမဟုတ် အဲဒီ ကုမ္ပဏီဝန်ထမ်းဌာနတွေမှာ သူတို့ရဲ့ကျွမ်းကျင်ရာ အလိုက် ဘယ်ဌာနမှာဝင်ရောက် အလုပ်လုပ်လိုပါသလဲ ဆိုတဲ့ လျှောက်လွှာပုံစံကိုပေးထားပြီးဖြစ်။

ဖြစ်ပါတယ်။ လျှောက်လွှာပုံစံတွေရဲ့အပေါ်မှာမူတည်ပြီး သူတို့ရဲ့လုပ်သက်နဲ့ တတ်ကျွမ်းထားတဲ့အတွေ့အကြုံအပေါ်မှာ တစ်ယောက်ချင်းစီကို အင်တာဗျူးပြီး ဌာနအသစ်တွေမှာ သင့်လျော်တဲ့နေရာမှာ သင့်တော်သလိုပြန်နေရာချပေးမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဘက်ကိုသွားချင်တဲ့သူတွေကိုလည်း သူတို့ရဲ့လျှောက်လွှာပုံစံတွေကိုကုမ္ပဏီဘက်ကို ပေးလိုက်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာကုမ္ပဏီတွေအနေနဲ့ သူတို့ကို အင်တာဗျူးပြီးလက်ခံသွားမှာဖြစ်ပါတယ်။

**မေး။ စနစ်သစ်ကိုပြောင်းလဲဖို့ ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ဘတ်ဂျက်နဲ့ စီမံခန့်ခွဲမှုအပိုင်းကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မထသရဲ့ ရှိပြီးသားဘတ်ဂျက်နဲ့ ငွေစာရင်းရှင်းတမ်းတွေကို လုပ်ဆောင်နေပါတယ်။ မထသရဲ့ပိုင်ဆိုင်တဲ့ အဆောက်အအုံ၊ ငွေကြေးတွေကို တိုင်းဒေသကြီးအစိုးရအနေနဲ့ လက်လွှဲယူလိုက်တယ်။ နောက်တစ်ပိုင်းကတော့ အခုလက်ရှိအခြေအနေနဲ့ နောင်ဆက်သွားမယ့်အခြေအနေမှာ ယာဉ်လိုင်းတစ်လိုင်းချင်းစီကိုကောက်ခံတဲ့ နှုန်းထားတွေရှိပါတယ်။ နေ့စဉ်ပြေးဆွဲနေတဲ့ ယာဉ်အစီးရေအလိုက် ယာဉ်အမျိုးအစားနဲ့ ယာဉ်လိုင်းပေါ်မူတည်ပြီး ကောက်ခံတဲ့ငွေကြေးရှိပါတယ်။ ဒီငွေကြေးက ဒီမှာခန့်ထားတဲ့ဝန်ထမ်းတွေရဲ့လစာငွေဖြစ်လိမ့်မယ်။ နောက်တစ်ခုက ဒီငွေကြေးကို မူတည်ပြီးတော့ ကားတွေသန့်ရှင်းရေးလုပ်ဖို့နဲ့ ယာဉ်တွေထားဖို့နေရာစတဲ့ လိုအပ်တဲ့ဖြည့်ဆည်းမှုမျိုးလုပ်ပေးဖို့အတွက် သက်ဆိုင်ရာကားဝင်းတွေကို စီစဉ်ပြီး YRTA ရဲ့ ဦးဆောင်မှုနဲ့လုပ်ပေးဖို့ စီစဉ်ရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေရှိပါတယ်။ ဒါတွေအပြင် သက်ဆိုင်ရာဂိတ်စ၊ ဂိတ်ရင်းတွေကို သွားမယ့် လမ်းတစ်လျှောက်မှာရှိတဲ့ ပျက်စီးယိုယွင်းမှုတွေကို YRTA ကနေ ဦးဆောင်ပြီး ပြင်ပေးရမယ့် ကဏ္ဍတွေအများကြီးရှိပါတယ်။ ဒီနေရာမှာ လိုင်းကားတွေဆီက ကောက်ခံထားတဲ့ငွေကို စနစ်တကျနဲ့ပြန်လည်သုံးစွဲမှာဖြစ်ပါတယ်။ လိုင်းတစ်လိုင်းချင်းစီမှာရှိတဲ့ ကုမ္ပဏီအော်ပရေတာအဖွဲ့တွေ အကုန်လုံးက ပုဂ္ဂလိကဝန်ထမ်းတွေပဲဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေအားလုံးကို YBS က တာဝန်ရှိသူတွေကပဲ ထိန်းချုပ်သွားမှာဖြစ်ပါတယ်။ အဲဒီလိုထိန်းချုပ်နိုင်ဖို့အတွက်ကို နိုင်ငံခြားကပညာရှင်တွေ ငှားရမ်းသွားရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေ ရှိပါတယ်။ အဲဒီကုန်ကျစရိတ်တွေကိုလည်း ကောက်ခံရရှိထားတဲ့ငွေထဲက အသုံးပြုသွားမှာပါ၊ ဘယ်လိုအသုံးပြုလိုက်တယ်ဆိုတာကိုလည်း ပြည်သူတွေ သိအောင် ပြန်လည်ချပြသွားမှာဖြစ်ပါတယ်။

**မေး။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့နဲ့ပတ်သက်ပြီး ယာဉ်စည်းကမ်း ဖောက်ဖျက်မှုတွေအပြင် ခရီးသည်တွေနဲ့ ဖြစ်ပွားတဲ့ပြဿနာတွေအပေါ် ဘယ်လို ဆောင်ရွက် သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ဒါက အရေးကြီးပါတယ်။ တိကျသေချာတဲ့ ဥပဒေတွေရှိပါတယ်။ အဲဒီဥပဒေမှာပါဝင်တဲ့အချက်တွေကို ကောင်းကောင်းအသုံးမချနိုင်ခဲ့တာတွေ ရှိပါတယ်။ အခုအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အပေါ်မှာ သက်သေအထောက်အထားအဖြစ် တိုင်ကြားရင် ချက်ချင်းအရေးယူတာမျိုးတွေလုပ်နေပါတယ်။ စည်းကမ်းဖောက်ဖျက်ကျူးလွန်တဲ့သူတွေကိုလည်း Yangon Police ရဲ့ လူမှုကွန်ရက်စာမျက်နှာနဲ့ YBS ဝက်ဘ်ဆိုက်မှာလည်းဓာတ်ပုံနဲ့တကွ ဖော်ပြသွားမှာ ဖြစ်ပါတယ်။တကယ် ချိုးဖောက်ရင် တကယ်အရေးယူနေတယ်ဆိုတာကို ပြည်သူကိုချပြသွားမှာ ဖြစ်ပါတယ်။ ဒါမှလည်း ခရီးသွားပြည်သူတွေ လုံခြုံစိတ်ချမှုကို ရမှာဖြစ်ပါတယ်။

**မေး။ ယာဉ်စီးရေလုံလောက်မှုမရှိတဲ့အတွက် ပရဟိတကားတွေနဲ့ပါ ပြေးဆွဲပေးနေရတာ တွေ့ရပါတယ်။ ကြုံတွေ့နေရတဲ့အခက်အခဲတွေနဲ့ လက်ရှိယာဉ်အစီးရေ ဘယ်လောက်နဲ့ ပြေးဆွဲနေတယ်ဆိုတာကိုသိချင်ပါတယ်။**

ဖြေ။ လက်ရှိမှာယာဉ်အစီးရေ ၃၂၀၀ ကျော်လောက်ပြေးဆွဲနေပါတယ်။ ပြေးဆွဲနေတဲ့အထဲမှာဟောင်းနွမ်းနေတဲ့ ယာဉ်တွေလည်းပါတယ်။ အဲဒီထဲမှာ ဟောင်းနွမ်းနေတဲ့အတွက် ပြေးဆွဲတဲ့အခါမှာအခက်အခဲဖြစ်နေလို့ လဲရမယ့် ယာဉ်တွေက ၂၀ ရာခိုင်နှုန်းလောက်ရှိနေပါတယ်။ အဲဒါကြောင့် နေ့စဉ်ပြေးဆွဲနိုင်တဲ့ ယာဉ်အစီးရေကမငြိမ်ဘူးဖြစ်နေတယ်။ ဒါကအမြန်ဆုံးအစားထိုးရမယ့် အစိတ်အပိုင်းတစ်ခုပါ။ ဟောင်းနွမ်းနေတဲ့ယာဉ်တွေနဲ့ပတ်သက်ပြီး ယာဉ်အသစ်တွေကိုအစားထိုးလိုက်မယ်ဆိုရင် ဒီနေ့ ပြည်သူလူထုအတွက်လိုအပ်နေတဲ့ ယာဉ်အစီးရေကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ မနေ့က အစည်းအဝေးဆုံးဖြတ်ချက်အရ ယာဉ်အစီးရေ ၁၀၀၀ လောက်ကို ဝန်ကြီးချုပ်က ဝယ်ဖို့ရှိပါတယ်။ လက်ရှိတင်သွင်းပြီးသားကုမ္ပဏီတွေကလည်း ကားတွေ ထပ်ဝယ်ဖို့ရှိပါတယ်။ ဒါက မလဲမနေရ ယာဉ်အို ယာဉ်ဟောင်းနေရာမှာ အစားထိုးဖို့ပါ။ ရေရှည်အတွက်ကတော့ ကားအစီးရေ တော်တော်များများကို အသစ်တွေနဲ့ ပြန်လဲသွားမှာပါ။

ယာဉ်ပိုင်ရှင်တွေအနေနဲ့လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းလိုပါတယ်။ ဒါပေမယ့် ပါဝင်ဖို့ အခက်အခဲဖြစ်နေတာက ယာဉ်မောင်းနဲ့ ယာဉ်အကူတွေပဲဖြစ်ပါတယ်။ ဘုံစနစ်ကိုကျင့်သုံးလိုက်တဲ့အတွက် အရင်လို နေ့တိုင်းပိုက်ဆံမရတော့မှာကိုစိုးရိမ်တဲ့ပုံစံမျိုးတွေဖြစ်နေကြတယ်။ဒီလိုဖြစ်နေတာကလည်း အရင်တုန်းကစနစ်အရ သူတို့ စိတ်ကြိုက်ယာဉ်လိုင်းက ယာဉ်နဲ့ ယာဉ်ပိုင်ရှင်တွေကိုပြောင်းရွှေ့လုပ်ကိုင်ခွင့်ရခဲ့တဲ့အတွက်ကြောင့်ပါ။ အခုတော့ ယာဉ်ပိုင်ရှင်တွေဆီက ယာဉ်မောင်းနဲ့ ယာဉ်အကူတွေစာရင်းကိုတောင်းပြီး အရင်လိုပုံစံမျိုး လုပ်လို့မရတဲ့စနစ်တွေနဲ့ ထိန်းချုပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူတို့အတွက် လိုအပ်တဲ့သင်တန်းပေးမှုတွေကို လေ့ကျင့်ရေးစင်တာတစ်ခုဖွင့်ပြီး ပြုလုပ်ပေးသွားမှာပါ။ နောက်ပိုင်းကတ်စနစ်ကို အကုန်လုံးပြောင်းလိုက်ပြီဆိုရင် ယာဉ်အကူမလိုတော့ဘဲ ယာဉ်မောင်းတစ်ဦးပဲလိုတော့မှာပါ။ အဲဒီအခါမှာ အကျင့်ပျက်ခြစားမှုတွေလည်း ပပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါကဒုတိယအဆင့်မှာ စတင်မှာပါ။

**မေး။ လက်ရှိပြောင်းလဲလိုက်တဲ့ YBS စနစ်မှာ သုံးဆင့်လောက် စီးနေရတဲ့ ပြည်သူတွေရှိပါတယ်။ အဲဒီအခက်အခဲတွေကိုဆောင်ရွက်ပေးသွားဖို့ရှိပါသလား။**

ဖြေ။ သုံးဆင့်လောက် စီးရတဲ့နေရာတွေ ရှိပါတယ်။ အဲဒီလိုသုံးဆင့်လောက် စီးရတဲ့ နေရာတွေမှာဆို ကျွန်မတို့ကို Complain တက်တာမျိုးရှိပါတယ်။ လောလောဆယ်က ကျွန်မတို့က ဒီလိုယာဉ်လမ်းကြောင်းတွေ သွားမယ်ဆိုတာကို ပြည်သူကို ချပြလိုက်တယ်။ ပြည်သူက ပြန်လည်ပြောလာတဲ့ အသံကို ကျွန်မတို့ နားထောင်တယ်။ အခုသန်လျင်လိုမျိုးဆို အဆင်မပြေဘူး။ နှစ်ဆင့် သုံးဆင့် စီးရတဲ့အတွက် စရိတ်ပိုတယ်။ ဒီတော့ ကျွန်မတို့က ဘယ်ယာဉ်လိုင်းကတော့ ဗိုလ်တထောင်အထိမထားတော့ဘဲ ပန်းဆိုးတန်းအထိ ဒါမှမဟုတ် ဆူးလေလောက်အထိပြေးဆွဲခွင့်ပြုမလဲဆိုတာကို ကျွန်မတို့ ညှိနေပါတယ်။ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ပတ်သက်ပြီး ပြည်သူတွေကြုံတွေ့နေရတဲ့ အခက်အခဲကိုစေတနာ့ဝန်ထမ်းတွေက ပြန်လည်ပြောပြပါတယ်။

**မေး။ သတ်မှတ်ထားတဲ့ယာဉ်လိုင်းတွေရှိပေမယ့် ပြေးဆွဲခြင်းမရှိတဲ့ ကားတွေကို ဘယ်လိုဆောင်ရွက်မလဲ။**

ဖြေ။ ပြည်သူတောင်းဆိုချက်နဲ့ လိုအပ်ချက်အရ လိုင်းအသစ်တွေ ထပ်ထွက်လာတယ်။ လိုင်းအသစ်တွေမှာပြေးဆွဲလိုတဲ့ ကုမ္ပဏီတွေ၊ ယာဉ်ပိုင်ရှင်တွေ မရှိဘူးဆိုရင်တော့ ကျွန်မတို့ YRTA ရဲ့ စီစဉ်မှုနဲ့ပြေးဆွဲမှာ ဖြစ်ပါတယ်။ အခုကယာဉ်လိုင်းတွေက မငြိမ်သေးဘူး။ ပြည်သူကအသုံးမလိုတဲ့ လိုင်းတွေကို ပြန်ဖြုတ်ချပြီး ပြည်သူကအသစ်တောင်းဆိုတဲ့ ယာဉ်လိုင်းတွေ ထပ်ထည့်မယ်။ အခုကတော့ ချိန်ဆပြေးဆွဲပေးနေတဲ့ သဘောပါ။

**မေး။ ပရဟိတယာဉ်တွေနဲ့စေတနာ့ဝန်ထမ်းတွေ အခုလိုဆောင်ရွက်ပေးနေတဲ့ အပေါ်မှာဘာများပြောချင်ပါသလဲ။**

ဖြေ။ စေတနာ့ဝန်ထမ်းတွေရှိတယ်။ ယာဉ်တွေကူညီပြီး အခမဲ့ပြေးဆွဲတာရှိတယ်။ စေတနာ့ဝန်ထမ်းတွေစားဖို့ ငွေအားဖြင့်ကူညီတာတွေရှိတယ်။ ဒါကို တကယ်ကျေးဇူးတင်တယ်။ ဒါပေမယ့် သူတို့ရဲ့ ပံ့ပိုးကူညီမှုက ငါးရက်လောက်ပဲရှိမယ်ဆိုတာ သိပါတယ်။ သူတို့မရှိတဲ့အခါ YBS အနေနဲ့ ဆက်လက် လုပ်ဆောင်နိုင်မယ့် အခြေအနေတွေကို ဝန်ကြီးချုပ်က ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

**မေး။ ပြောင်းလဲလိုက်တဲ့စနစ်နဲ့ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ပြည်သူတွေအနေနဲ့(Yangon Bus Service-YBS) ဝက်ဘ်ဆိုက်ကို ကြည့်ပေးပါ။ မီဒီယာတွေအနေနဲ့လည်း YBS ဝက်ဘ်ဆိုက်ကနေ တရားဝင်တင်ထားတာတွေကို ကြည့်ရှုပြီးအများပြည်သူသိအောင် ဖြန့်ဝေပေးပါလို့ ပြောလိုပါတယ်။

**အခုလို တွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဖိုးဇော်**

# ကလေးစာပေနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးစေချင်

အေးကြွယ်

ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာပင် ၂၀ ရာစုကြီး ကုန်ဆုံး၍ ၂၁ ရာစုကြီးသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။ ကုန်လွန်ခဲ့သည့် ရာစုနှစ်များကို ပြန်ကြည့်မည်ဆိုလျှင် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲဖြစ်ပေါ်မှုများ ဖြစ်ပေါ်ခဲ့၏။

၁၆ ရာစုကို အနုပညာထွန်းကားသောခေတ်ဟု ဆိုကြသည်။ မိုက်ကယ်အိန်ဂျလို၊ လီယိုနာဒိုဒါဘင်ချီ၊ ရှိတ်စပီးယား စသောပညာရှင်တို့က ကမ္ဘာကြီးကို အနုပညာလက်ရာများဖြင့် ခြယ်မှုန်းခဲ့ကြခြင်းကြောင့်ဖြစ်မည်ထင်သည်။ ၁၇ ရာစုကို သိပ္ပံပညာ အစပျိုးသောခေတ်ဟု ဆိုကြ၏။ ယင်းခေတ်တွင် ဒေးကား၊ ဂယ်လီလီယို၊ နယူတန် စသောပညာရှင်များက ကမ္ဘာကြီးကို သိပ္ပံပညာများဖြင့် အစပြုခဲ့ကြသည်။ ၁၈ ရာစုကို နိုင်ငံရေးပညာခေတ်ဟု ပြောကြပြန်သည်။ ဂျက်ဖာဆန်၊ အဒမ်စမစ် စသောပညာရှင်များက နိုင်ငံရေးအတွေးအခေါ် အယူအဆများ မွေးထုတ်ပေးကာ ပုံဖော်ကြ၏။ ၁၉ ရာစုကိုမူ လူအများက ကူးသန်းရောင်းဝယ်ရေးနှင့် ကိုလိုနီစနစ်တို့ ရောပြွမ်းဖြစ်ပေါ်သောခေတ်ဟု သတ်မှတ်ခဲ့ကြပြန်သည်။ ၂၀ ရာစုရောက်ရှိလာသည့်အခါ ယခင်ရာစုနှစ်များကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံပညာ စသည့် ကဏ္ဍတစ်ခုစီ သီးခြားဖြစ်ပေါ်တိုးတက်လာခြင်းမျိုး မဟုတ်တော့ဘဲ ကဏ္ဍစုံ၊ ရှုထောင့်စုံမှ ပေါင်းရုံးဖြစ်ပေါ်လာကြ၏။ ဤခေတ်ကို ပညာခေတ်ဟုဆိုကြကာ ပညာဆိုသည့် စကားလုံးကို ကမ္ဘာ့ဇာတ်ခုံပေါ် တင်ပြလာခဲ့ကြသည်။

**ပညာရေးသာ အဓိက**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ပညာရေးနှင့် ပတ်သက်သည့် ပေါ်လစီမိန့်ခွန်းတစ်ခုတွင် "ကျွန်တော်တို့ အဓိကဦးစားပေးလုပ်ရမယ့် လုပ်ငန်းသုံးခုရှိပါတယ်။ အဲဒါတွေကတော့ ပထမ ပညာရေး၊ ဒုတိယ ပညာရေး၊ တတိယ ပညာရေးပါပဲ"ဟု ပညာရေးအရေးပါပုံကို လှုပ်နှိုးပေးခဲ့ဖူး၏။ ဤမိန့်ခွန်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ပညာရှင် အသိုင်းအဝိုင်းအားလုံးက ကောင်းချီးပေးခဲ့ကြသည်။ အမှန်အတိုင်းပြောရလျှင် ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးသော အရင်းအမြစ်ဖြစ်လာရုံသာမက လူတစ်ဦးစီ၏ ဘဝအာမခံချက်အတွက် မရှိမဖြစ် အခြေခံအချက်လည်း ဖြစ်ခဲ့သည်။ ထို့ကြောင့် ယနေ့အချိန်တွင် သားသမီးများ၏နောင်ရေးကို ပူပင်တတ်သည့် မိဘတိုင်းက မိမိတို့၏သားသမီးများကို မူကြိုမှစ၍ တက္ကသိုလ်အထိတိုင် အတတ်ပညာမျိုးစုံကို အပြိုင်အဆိုင် သင်ယူစေလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

**ပညာခေတ်နှင့် ကလေးလူငယ်**

ခေတ်သစ်စီမံခန့်ခွဲမှုပညာတွင် "ပညာရှာခြင်း ဆိုသည်မှာ ရှာဖွေဖော်ထုတ်ရသော ဖြစ်စဉ်ဖြစ်ပြီး အပြုအမူပြောင်းလဲခြင်းသို့ ဦးတည်ရမည် (Learning is process to discover, leading to behavioural changes)"ဟု ပညာရှာခြင်းနှင့် ပတ်သက်သည့် အနက်အဓိပ္ပာယ်တစ်ခုကို ပညာရှင်အချို့က ဖွင့်ဆိုပေးခဲ့ဖူးသည်။

ပညာသင်ယူခြင်းကို စာသင်ခန်းအတွင်း သင်သမျှ အာဂုံဆောင်နိုင်ရုံဖြင့် မလုံလောက်တော့ဘဲ မိမိတွင်မရှိသေး၊ မသိသေးသည့်အရာများကို ရှာဖွေဖော်ထုတ်ပေးရမည့် အလုပ်ကိုပါ လုပ်ဆောင်ကြရတော့မည်ဟု ဆိုလိုဟန်ရှိသည်။

ယနေ့ကလေးလူငယ်များကို နိုင်ငံတိုင်းက အနာဂတ်၏ နိုင်ငံ့ရတနာများအဖြစ် မှတ်ယူထားကြသည်။ တစ်နည်းအားဖြင့် အနာဂတ်၏ပဲ့ကိုင်ရှင်များဟုလည်း ဆိုရမည်။ ယနေ့အချိန်တွင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ဆောင်ရွက်နေသည့် ကလေးလူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်လျှင် အားရဖွယ် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံတွင် ကလေးလူငယ်များ၏ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေဆဲဟု ဆိုရမည်။ အထူးသဖြင့် စာသင်ယူမှုနယ်ပယ်တွင် ကျောင်းတွင်းပညာရေးစနစ်ကိုသာ အခြေခံသင်ယူနေကြပြီး ကျောင်းပြင်ပနယ်ပယ် အသီးသီးတွင် သင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ၊ အလေ့အထကောင်းများ အားနည်းလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကလေးလူငယ်များ လေ့လာဆည်းပူးနိုင်သည့် ကလေးစာပေ၊ ကလေးစာကြည့်တိုက်များ ထင်သလောက် မဖွံ့ဖြိုးသေးဘဲ အားနည်းလျက်ရှိသဖြင့် ကလေးလူငယ်များ၏ စာဖတ်သည့်ဓလေ့ (Reading Culture)ပါ ပျောက်ဆုံးလုနီးနီးဖြစ်နေသည်ဟု ဝန်ခံရမည်။ ယနေ့အချိန်၌ ယင်းအားနည်းချက်များကို ပြန်လည်အားဖြည့်ရန်နှင့် ကလေးစာပေ၊ ကလေးစာကြည့်တိုက်များ ပြန်လည်အားကောင်းမောင်းသန်ဖြစ်လာစေရန် စာပေအဖွဲ့အစည်းအသီးသီး၊ လူမှုအဖွဲ့အစည်းအသီးသီးက တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုတွေ့ရ၍ အားရဝမ်းသာဖြစ်မိသည်။

**ကလေးများ ပြုစုပျိုးထောင်နည်း**

ကလေးများ ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်၍ ဆရာအောင်ကိုလတ်ရေးသားသည့် စာတစ်ပုဒ်ကို အွန်လိုင်း၌ ဖတ်ခဲ့ဖူးသည်။ အထူးသဖြင့် ဂျူးလူမျိုးများ၏ ကလေးများ ပြုစုပျိုးထောင်နည်းမှာ ကျွန်တော်တို့အတွက် မှတ်သားစရာကောင်းသည်။

ကမ္ဘာပေါ်တွင် ဩဇာတိက္ကမကြီးမားသည့် ပုဂ္ဂိုလ်များထဲတွင် ဂျူးလူမျိုးအများစု ပါဝင်ကြသည်။သုတေသနပြုချက်များအရ ယင်းသို့အောင်မြင်ခြင်းမှာ ဂျူးလူမျိုးတို့၏ မိသားစုနီတိနှင့် ကလေးပြုစုပျိုးထောင်နည်းများကြောင့် ဖြစ်သည်ဟု ပညာရှင်တို့က ဆိုကြသည်။

ကောင်းမွန်သည့် ကလေးပညာရေးကသာ တိုးတက်မှုအားလုံး၊ ကောင်းကျိုးအားလုံး၏ အခြေခံဖြစ်သည်ဟု ဂျူးလူမျိုးများက ယုံကြည်သည်။ ကလေးများ၏ လွတ်လပ်သည့် တွေးခေါ်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ရပ်တည်နိုင်မှု၊ မိမိကိုယ်ကိုယ် အားကိုးတတ်မှုများကို အလေးထားပျိုးထောင်ခဲ့ကြသည်မှာလည်း စံထားစရာကောင်းလှသည်။

အထူးသဖြင့် ကလေးများ လူမှန်းသိတတ်စအရွယ်ကပင် စာအုပ်ချစ်သည့်ဓလေ့ကို လေ့ကျင့်ပေးသည်။



ပျားရည်စက်တို့ထားသည့် ကျမ်းစာအုပ်များကို ကလေးများအား နမ်းရှုပ်စေကာ စာအုပ်များသည် ချိုမြိန်ကြောင်း၊ နှစ်သက်စရာကောင်းကြောင်း သိစေခဲ့သည်။ ထို့ပြင် မိသားစုတိုင်းလိုလို စာအုပ်စင်များကို ခေါင်းရင်းဘက်တွင် ထားရှိကာ စာအုပ်များကို ချစ်ရုံတင်မပြီးသေးဘဲ လေးစားရမည်ဆိုသည့် သဘောပါအောင် ကလေးများအား ရိုက်သွင်းပေးခဲ့သည်။ သုတေသနစာတမ်းများအရ အသက်(၁၄) နှစ်အထက်ကလေးများသည် တစ်လလျှင် အနည်းဆုံး စာအုပ်တစ်အုပ်ဖတ်ပြီးဖြစ်သည်ဟု သိရသည်။

နောက်ထပ်မှတ်သားစရာတစ်ခုမှာ ကလေးများကို စာဖတ်စေရုံသာမက စဉ်းစားဆင်ခြင်တတ်အောင်လည်း ပျိုးထောင်ပေးကြသည်။ ဖတ်မှတ်လေ့လာခြင်းသည် အတုခိုးခြင်း တစ်မျိုးသာဖြစ်ပြီး စဉ်းစားတွေးခေါ်တတ်ခြင်း၊ ကိုယ်ပိုင်အမြင်ရှိခြင်းနှင့် အသစ်ဖန်တီးတတ်ခြင်းသည်သာ အဓိကကျသည်ဟု ယူဆချက်များကို ကလေးများအား လေ့ကျင့်ပေးကြသည်။ ဗဟုသုတကြွယ်ဝပြီး မည်သည့်အရာမျှ မလုပ်တတ်သူကို "စာအုပ်များတင်ဆောင်ထားသည့်လား"ဟု စကားပုံများဖြင့် ခိုင်းနှိုင်းဆုံးမ၍ ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ကြသည်။

**ကလေးစာပေပွဲတော်နှင့် ကလေးများဖွံ့ဖြိုးမှု**

ကျွန်တော်တို့နိုင်ငံတွင် ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးများဖွံ့ဖြိုးတိုးတက်ရေးကို မည်သို့လုပ်ဆောင်ပေးခဲ့ပါသနည်းဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းတစ်ခုမေးခဲ့ဖူးသည်။ ယင်းမေးခွန်းနှင့်ပတ်သက်၍ လောက်လောက်လားလား အဖြေမပေးနိုင်ဘဲ ဝေဝါးထွေပြားခဲ့ရုံသာ အဖတ်တင်ခဲ့ဖူး၏။

အမှန်အတိုင်းပြောရလျှင် ယခင်က မြန်မာစာပေဧည့်ခန်းဆောင်ကြီးတွင် နေရာပေးဖတ်ရှုခဲ့ရသည့် ဆရာကြီး ဆရာမကြီးများ၏ ကလေးစာပေလက်ရာများပင် အားပျော့သွားခဲ့ပြီး အချို့တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်ကို စိတ်မကောင်းစွာ တွေ့ရသည်။

ယနေ့အချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးတကြီး ဆောင်ရွက်ရမည့်လုပ်ငန်းကို ပြောပါဆိုလျှင် ပြည်သူများ၏ အသိပညာမြင့်မားရေးသာဖြစ်သည်ဟု ပြောရမည်။ ပြည်သူများ အသိပညာမြင့်မားရေးလုပ်ငန်း၏ အခြေခံမှာ ကလေးများဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒွန်တွဲလျက်ရှိသည်။ တကယ်တမ်းပြောရလျှင် စာသင်ကျောင်းအများစုမှာ ကျောင်းစာကြည့်တိုက်များ အားနည်းလျက်ရှိကြပြီး ကလေးများ၏ ပတ်ဝန်းကျင်တွင် ကလေးစာပေများ မရှိသလောက်ဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ခဲ့သည့်အတွက် ကျောင်းပြင်ပ အတွေးအခေါ်၊ အယူအဆနှင့် ဆင်ခြင်နိုင်စွမ်းများကို ကန့်သတ်ပေးသကဲ့သို့ဖြစ်နေပြီး ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်နေသည်ဟု ခံစားရသည်။

တကယ်တမ်းပြောရလျှင် ကျွန်တော်တို့နိုင်ငံတွင် ကလေးလူငယ်ဖွံ့ဖြိုးရေးအတွက် ကလေးစာကြည့်တိုက်များကို လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကတည်းက ဆောင်ရွက်ခဲ့ကြသည်။ ယင်းအချိန်ကတည်းကပင် ကလေးလူငယ်များအတွက် စာပေသီးခြားလိုအပ်သကဲ့သို့ ကလေးစာကြည့်တိုက်များကိုလည်း သီးခြားဖွင့်လှစ်ပေးရန် လိုအပ်သည်ဟု နားလည်ထားခဲ့ကြသည်။ ကလေးလူငယ်များက လူကြီးစာကို အရောရောအယောင်ယောင် ကိုင်ဖတ်ကြရင်း အကောင်းရောအဆိုးပါ ရောထွေးသွားကြမည်ကို စိုးရိမ်ခဲ့ကြသည်ဟု ထင်သည်။ ၁၉၅၄ ခုနှစ် ကတည်းက ဘဝသစ်ပညာရေးစနစ်နှင့်အတူ ရန်ကုန်မြို့တွင် ကလေးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ကလေးစာကြည့်တိုက်များ အတော်ပင်ပေါ်ထွက်ခဲ့သည်ဟု သိရသည်။ ရန်ကုန်မြို့ တာမွေတွင် တေဇမျက်ပွင့်စာကြည့်တိုက်၊ ကြည့်မြင်တိုင်တွင် တေဇစာကြည့်တိုက်များဟူ၍ ကလေးစာကြည့်တိုက်များဖွင့်လှစ်ကာ ကလေးများအား စာကြည့်တိုက်အသုံးချတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ရရှိစေရန် ပျိုးထောင်ပေးခဲ့ကြသည်။ သို့ရာတွင် ယင်းကလေးစာကြည့်တိုက်များ၊ ကလေးစာဖတ်ခန်းများ၊ ကလေးစာပေများမှာ အုပ်ချုပ်ရေးစနစ်အမျိုးမျိုး ပြောင်းလဲမှုကြားတွင် အားပျော့ပျောက်ကွယ်ခဲ့ရသည်မှာ အားလုံးအသိပင်ဖြစ်သည်။

ယခုအခါ ကလေးလူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ကလေးများ စာပေနှင့်ရင်းနှီးပြီး ကလေးများ၏ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်ကြီးများကို စီစဉ်ကျင်းပလျက်ရှိကြသည်ကို တွေ့မြင်နေရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသည့် ကလေးစာပေပွဲတော်ကြီးတွင် နိုင်ငံတော်သမ္မတကြီးက "အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ၊ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေးကြရန် အကြံပြုတိုက်တွန်းလိုပါတယ်"ဟု မိန့်ကြားခဲ့သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်တို့၌ ကျင်းပရန် ပြင်ဆင်နေကြပါပြီ။

မန္တလေးမြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်ကြီးတွင် ကျောင်းသားလူငယ်များအတွက် ကျပန်းစကားပြောပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ စသည့်ပြိုင်ပွဲများ၊ ကလေးများအသိပညာမြင့်မားရေးနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် စာပေဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ၊ ကလေးများ ပျော်ရွှင်စေရေးအတွက် ဂိမ်းကစားပွဲများ၊ ကလေးစာပေ ခင်းကျင်းပြသပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ ဤကဲ့သို့ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများ တိုးတက်ဖွံ့ဖြိုးလာရန် အားပေးအားမြှောက်ပြုမည့် ပွဲတော်ကြီးမျိုး မန္တလေးမြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ကြပါစေဟု ဆုတောင်းရင်း ဝမ်းသာပီတိဖြစ်ရပါသည်။

ယနေ့အချိန်တွင် လူ့အဖွဲ့အစည်းတိုင်းက ပညာကို မဟာဗျူဟာ အသုံးခံပစ္စည်းကဲ့သို့ သဘောထားကာ ပြဿနာအရပ်ရပ်ကို ပညာဖြင့်သာ ဖြေရှင်းသွားနိုင်လိမ့်မည်ဟု မျှော်လင့်ချက်အချို့ရှိနေခဲ့ကြသည်။ ပညာရေးတွင် များများရင်းနှီးမြှုပ်နှံနိုင်လေ နိုင်ငံရေး၊ စီးပွားရေးတွင် ပိုမိုအောင်မြင်လေဆိုသည့် လောဂျစ်တစ်ရပ်လည်း ပေါ်လစီမိတ်ကာများကြား အထူးရေပန်းစားလျက်ရှိကြသည်။ အထူးသဖြင့် နှစ်ပေါင်းများစွာ အားပျော့မှေးမှိန်ခဲ့သော ကလေးစာပေများ၊ ကလေးစာကြည့်တိုက်များကို ပြန်လည်အားပေးမြှင့်တင်၍ ကျွန်တော်တို့၏ အနာဂတ်မျိုးဆက်များကို အသိပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည့်လုပ်ငန်းများသည် အခြေအနေ၊ အချိန်အခါအရ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများဟု ခံယူမိပါသည်။

ဤကလေးစာပေပွဲတော်ကြီးက ကလေးများ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင်၊ အိမ်ဝန်းကျင်၊ ကျောင်းပတ်ဝန်းကျင်များတွင် အသိပညာဆည်းပူးနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း ယုံကြည်သည်။ ဤယုံကြည်ချက်များ၊ တွေးမြင်ချက်များဖြင့်ပင် ကလေးစာပေပွဲတော်ကြီးများ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာအောင် တတ်အားသရွေ့ အားပေးကူညီပေးနေပါဦးမည်။

**ကိုးကား** - ကျော်ဝင်း *(စိန်ခေါ်ကြသူများ- လူငယ်ပညာခေတ်ရေစီး)*



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၉**
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ထာဝရငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ ပြည်သားများမှ လိုလားစွာ ဆောင်ရွက်နေမှုအခြေအနေများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆွစ်ဇာလန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၉**
ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ MiCasa ဟိုတယ်၌ ကျင်းပသည်။




ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပါတီများကြား၊ ကိုယ်စားလှယ်လောင်းများကြား တည်ရှိလာမည့် သို့မဟုတ် တည်ရှိနေသည့် ယှဉ်ပြိုင်မှုများကို စနစ်တကျ ထိန်းသိမ်းပေးနိုင်ပြီး ကောင်းမွန်သည့် ထိန်းညှိမှုများကို ဖန်တီးပေးနိုင်သည့် စနစ်တစ်ခု ဖြစ်ပါကြောင်း၊ ထိုသို့ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာသည့်အချိန်မှာ မဲဆွယ်စည်းရုံးရေးကာလ ဖြစ်ပါကြောင်း။

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည့်အတွက် ယနေ့ဖွင့်လှစ်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ သင်တန်းပို့ချဆွေးနွေးခြင်းသည် အရေးကြီးသည့် သင်တန်းတစ်ခု ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းစွာ မတူကွဲပြားနိုင်ရေးကို ရှေးရှုပြီး နိုင်ငံရေးပါတီများကြား ယှဉ်ပြိုင်မှုဆိုင်ရာ မူဘောင်တစ်ခုနှင့်ပတ်သက်ပြီး သဘောတူညီမှုတစ်ခု ရယူခြင်းဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာရှင်များက လက်ခံထားပါကြောင်း၊ ဒီမိုကရေစီနည်းကျ ယှဉ်ပြိုင်မှုတွင် စည်းမျဉ်းစည်းကမ်းများ တည်ရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ယှဉ်ပြိုင်သူများအကြား မလျော်ကန်သောနည်းလမ်းများဖြင့် အခွင့်အရေးရယူခြင်း၊ လှည့်ဖြားခြင်းနှင့် ကျင့်ဝတ်ဖောက်ဖျက်ခြင်းများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ကိုယ်စားလှယ်လောင်းများအတွက် ဥပဒေအရ ပေးထားသည့် အခွင့်အရေးများ ရှိပါကြောင်း၊ ထို့အတူ မဲဆွယ်စည်းရုံးခြင်းနှင့် ပတ်သက်သည့် အခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ အခွင့်အရေးများနှင့်အတူ တာဝန်ဝတ္တရားများလည်း ပါရှိလာပါကြောင်း၊ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို အခြားနိုင်ငံများက အတုယူလေးစားဖွယ်ဖြစ်အောင် ဆောင်ရွက်ရန် အခွင့်အရေးရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကျင့်ဝတ်နှင့်မညီသည့် မဲဆွယ်စည်းရုံးခြင်းများနှင့် မဲဆွယ်စည်းရုံးစရိတ် အသုံးပြုခြင်းများကို ရှောင်ရှားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအကြို လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာသင်တန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ DANISH INSTITUTE FOR PARTIES AND DEMOCRACY (DIPD) နှင့် INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE (IDEA) တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းတွင် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ စုစုပေါင်း ၇၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ညိုညိုနှင့် IDEA မှ ဦးပြည့်စုံတို့က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အချိန်ဇယားများ၊ လုပ်ငန်းများနှင့် လုပ်ငန်းများဆောင်ရွက်နေသည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ဖွယ်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဲဆွယ်စည်းရုံးရေး အသုံးစရိတ်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ ထွက်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများအား ဖော်ထုတ်ခြင်း၊ ကျင့်ဝတ်နှင့်ညီသောမဲဆွယ်စည်းရုံးမှုဆောင်ရွက်ခြင်းနှင့်ရွေးကောက်ပွဲများအပြီး ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ပွဲအတွေ့အကြုံများမှသင်ယူခြင်း စသည့် ခေါင်းစဉ်များဖြင့်လည်း အုပ်စုဖွဲ့ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

■ **မုန်းချောင်းမှ**
များစွာပိုမိုပြီး ရေကျော်ကျခဲ့သောကြောင့် ရေပိုလွှဲများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။

ဤကဲ့သို့ ရေလှောင်တမံများ၏ ရေပိုလွှဲများပေါ်မှ ဒီဇိုင်းရေကျော်စီးနှုန်းထက်ရေပိုမိုကျော်ကျခဲ့သဖြင့် မုန်းချောင်းရေလှောင်တမံ၏ ပင်မရေပိုလွှဲအောက်ပိုင်း ရေငြိမ်ကန်နှင့် ကြမ်းခင်းဘေးနှစ်ဖက်မြေထိန်းနံရံများ ပြိုကျပျက်စီးခြင်း၊ ချောင်းကြမ်းပြင်အောက်သို့ ပေ ၅၀ ခန့်ရေတိုက်စားခြင်း၊ ရေကျအဆောက်အအုံ (၁) နှင့် (၂)တို့၏ ရေငြိမ်ကန်ကြမ်းခင်းနှင့် ဘေးနှစ်ဖက်မြေထိန်းနံရံများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ကြီးအုံကြီးဝရေလှောင်တမံတွင် ပင်မရေပိုလွှဲ ရေငြိမ်ကန်ကြမ်းခင်းအောက်သို့ ပေ ၄၀ ခန့်နှင့် အလျှောရေဆင်းနေရာတွင် ကြမ်းခင်းအောက်သို့ ပေ ၁၀၀ ခန့် ရေတိုက်စားသွားခဲ့သည်။ အလျှောရေဆင်း၏ညာဘက်မြေထိန်းနံရံ အခန်းလေးခန်းပျက်စီးခြင်း၊ ရေချိန်ညှိရန် တပ်ဆင်ထားသော ရေတံခါးများ ပျက်စီးခြင်းနှင့်အတူ ရေပိုလွှဲအဝင်ကြမ်းခင်းနှင့် နံရံများပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

မန်းချောင်းရေလှောင်တမံ၏ ပင်မရေပိုလွှဲ (၁)နှင့်(၂) တို့တွင် ကြမ်းခင်းများ ရေတိုက်စားခြင်းနှင့် ဘေးနှစ်ဖက် ဆင်ခြေလျှောမြေထိန်းကျောက်စီနံရံများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဤကဲ့သို့ ရေလှောင်တမံ သုံးခု၏ ရေပိုလွှဲများမှ မူလဒီဇိုင်းပြုလုပ်ထားသည့် ရေကျော်စီးနှုန်းထက် များစွာပိုမိုပြီး ရေကျော်ကျခဲ့သောကြောင့် ရေပိုလွှဲမှ ထိခိုက်ပျက်စီးမှုများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၆ ခုနှစ် ဧပြီလတွင် လာရောက်စစ်ဆေးပြီး ပြုပြင်ရေးလုပ်ငန်းများကို ယခုနှစ် မိုးရာသီရေမကျော်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။

ရေလှောင်တမံသုံးခု၏ မူလဒီဇိုင်းပြုလုပ်ထားသည့် ရေကျော်စီးနှုန်းထိသာ ခံနိုင်ရည်ရှိမည်ဖြစ်ပြီး ထို့ထက်ပိုမိုလာပါက ပျက်စီးမှုများ ထပ်မံဖြစ်ပေါ်လာနိုင်သည့်အတွက် ပိုမိုဝင်ရောက်လာနိုင်သည့် ရေစီးနှုန်းကို လျှော့ချပေးရန်အတွက် အကူရေပိုလွှဲများ တည်ဆောက်ရန် လိုအပ်လာသည်။ ထို့ကြောင့် မုန်းချောင်းရေလှောင်တမံတွင် အကျယ် ပေ ၂၂၀ ရှိသော အကူရေပိုလွှဲ၊ ကြီးအုံကြီးဝရေလှောင်တမံတွင် အကျယ် ပေ ၄၅၀ ရှိသော အကူရေပိုလွှဲနှင့် မန်းချောင်းရေလှောင်တမံတွင် အကျယ် ပေ ၃၀၀ ရှိသော အကူရေပိုလွှဲများ တည်ဆောက်ခဲ့သည်။ ယခုအခါ ရေလှောင်တမံကြီး သုံးခုတွင် စက်ယန္တရားကြီးများဖြင့် နောင်ရေရှည်လုံခြုံစိတ်ချစေရန်အတွက် တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။

ကြီးအုံကြီးဝရေလှောင်တမံသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးတွင် တည်ရှိပြီး စိုက်ပျိုးမြေ ဧက ၉၆၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်သည်။ တမံမှ စီးဆင်းလာသော ရေကို တမံအောက်ဘက် ငါးမိုင်ခန့်အကွာရှိ မဲဇလီရေလွှဲဆည်မှတစ်ဆင့် တောင်မုန်းမြောင်းမကြီးနှင့်မြောက်မုန်းမြောင်းမကြီးတို့ဖြင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ယာမြေများအား မိုးစပါး၊ နွေစပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်အတွက် စိုက်ပျိုးရေပေးဝေနေသော ရေလှောင်တမံကြီးဖြစ်သည်။

ကြီးအုံကြီးဝ ရေလှောင်တမံသည် စေတုတ္တရာမြို့နယ်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်အတွက် ယခင်အကျယ် ပေ ၂၅၀ မှ အကျယ် ပေ ၂၀၀ ထပ်မံတိုးချဲ့၍ အကူရေပိုလွှဲအား ပေ ၄၅၀ အထိ တိုးချဲ့ပြင်ဆင်ခဲ့သည်။ တမံအတွင်းသို့ ရခိုင်ရိုးမမှ စတင်စီးဆင်းလာသော မုန်းချောင်း၊ ဆီမီးချောင်းနှင့်ကျီးချောင်းတို့မှ အဓိကစီးဝင်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် မိုးတွင်းကာလတွင် များပြားသောစီးဝင်ရေများကို ရေပိုလွှဲများမှ ထုတ်နိုင်ခဲ့သဖြင့် ပြင်ဆင်တိုးချဲ့ထားမှုများမှာ များစွာအကျိုးရှိခဲ့သည်။

ကြီးအုံကြီးဝရေလှောင်တမံမှာ ၂၀၁၇ ခုနှစ် နွေစပါး စိုက်ပျိုးရန် တမံအတွင်း ရေလှောင်ပမာဏမှာ ၃၁၃၁၅၉ ဧကပေ သိုလှောင်ထားပြီးဖြစ်၍ ယခုနှစ်နွေစပါး၊ နွေနှမ်းနှင့်ပဲမျိုးစုံ စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေအလုံအလောက် ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

○

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဆုံးဖြတ်ချက် ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁၉**
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သော စုံညီခုံရုံးသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ပါ ၂၃ ဦးတင်သွင်းလာသည့် တင်သွင်းလွှာအမှတ် (၁/၂၀၁၆) ကို ယနေ့ နံနက် ၁၀ နာရီတွင် ခုံရုံး၊ ရုံးခန်းအမှတ်-၁ ၌ ဆုံးဖြတ်ချက်ချမှတ်သည်။

ယင်းဆုံးဖြတ်ချက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ပါ ၂၃ ဦး၏ တင်သွင်းလွှာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၂၂ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိသဖြင့် တင်သွင်းလွှာကို ပလပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငွေကျပ် ၂၀၀ တန်ထီ ဖေဖော်ဝါရီ ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**
(၃၃၇)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၁၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း၁၀၀ ၁၈ ဆု၊ ကျပ်သိန်း ၅၀ ဆု ၂၀၊ ကျပ်၂၅ သိန်း ၂၀ ဆု၊ ကျပ် ၁၀ သိန်း၂၇ ဆု၊ ကျပ် ၅ သိန်း ၃၃ ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ (၁၀) ယူနစ်အတွက် ကျပ်သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ (၁၁)ယူနစ်အတွက် ကျပ် တစ်သိန်း ၁၁၀၀၀ ဆုနှင့်အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ (၃)ယူနစ်အတွက် ကျပ် ငါးသောင်း ၃၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၄၂၂၉၉ ဆုခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**ပြည်ပသတင်းဌာနအချို့မှ**
အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားခဲ့သည်။



ရေခပ်ချောင်းဂွဆုံကျေးရွာမှ ရပ်မိရပ်ဖ မာမက်တာလောင်အား မေးမြန်းစဉ်။
(ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)

အလားတူ ရေခပ်ချောင်းဂွဆုံကျေးရွာ ဆယ်အိမ်မှူး မာမောက်ရော်ရှီးက မိမိမှာ ရေခပ်ချောင်းဂွဆုံကျေးရွာ နေထိုင်သူဖြစ်ပြီး လွန်ခဲ့သည့် ၁၄ ရက်က ဆယ်အိမ်မှူး တာဝန်ထမ်းဆောင်ကြောင်း၊ Zafor Alam ကို ကောင်းစွာသိရှိကြောင်း၊ အိမ်ထောင်စု ၁၁၂ တွင် နေထိုင်သူဖြစ်ပြီး လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ရွာခန့်စာရေး ဆော်လီမော်လာကလည်း မိမိမှာ ရေခပ်ချောင်းဂွဆုံကျေးရွာ ဇာတိဖြစ်ပြီး လွန်ခဲ့သော သုံးနှစ်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်ရွာခန့်စာရေး အဖြစ် တာဝန်ထမ်းဆောင်နေကြောင်း၊ Zafor Alam ကို ကောင်းစွာသိရှိပြီး အိမ်ထောင်စု ၁၁၂ တွင် နေထိုင်ကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက် ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ရပ်မိရပ်ဖ မာမက်တာလောင်ကလည်း မိမိမှာ ရေခပ်ချောင်းဂွဆုံကျေးရွာဇာတိဖြစ်ပြီး Zafor Alam ကိုကောင်းစွာသိရှိပြီး အိမ်ထောင်စု ၁၁၂ တွင် နေထိုင်ကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

ဦးရှင်းကျားကျေးရွာတွင် နေထိုင်ပြီး ကျပန်းအလုပ်လုပ်ကိုင်သူ မာမက်ရော်ဖီးကလည်း Zafor Alam ကို ကောင်းစွာသိရှိပြီး ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူဖြစ်ကြောင်း၊ ၎င်းထံမှ ပစ္စည်းဝယ်ယူလေ့ရှိသည့်အတွက် ကောင်းစွာသိရှိ ရင်းနှီးပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

Zafor Alam ၏ ညီမအရင်းဖြစ်သူ ရေခပ်ချောင်းဂွဆုံကျေးရွာနေ ဆေဒါခါတွန်(ခ) ဆော်ရော်တာခါတူ (ဘ) ဒူဒူမီယာက မှတ်တမ်းဓာတ်ပုံပါ Zafor Alam (ခ) ဇာဖာဟူဆင်အား ကောင်းစွာသိရှိပြီး မိမိ၏ အစ်ကိုအရင်းဖြစ်ပါကြောင်း၊ အိမ်ထောင်စု ၁၁၂ တွင် နေထိုင်သူဖြစ်ပြီး ၎င်းတွင် သားနှစ်ဦးရှိကြောင်း၊ ဆိုဖိုက်တ်သုံးနှစ်နှင့် တစ်နှစ်ခြောက်လအရွယ် မိုဟာမက်ရှုဟာဘတ်တို့ဖြစ်ကြောင်း၊ Zafor Alam (ခ) ဇာဖာဟူဆင်မှာ နေအိမ်မီးလောင်ခံရသဖြင့် လွန်ခဲ့သည့် နှစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားပြီး LADA ဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိကြောင်း၊ ဇနီးနှင့် သားနှစ်ဦးမှာ လွန်ခဲ့သည့် နှစ်လခန့်က နေအိမ်မှ ထွက်ခွာသွားပြီး ယနေ့အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ သေဆုံးသွားသည်ဟု သတင်းကြားသိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက် ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ သေဆုံးကြောင်းကို မကြားသိကြောင်း ပြောကြားသည်။

သတင်းမီဒီယာအချို့တွင် ဦးရှင်းကျားကျေးရွာမှ Zafor Alam ဟု ဖော်ပြခဲ့သော်လည်း လက်တွေ့မြေပြင်တွင် ဦးရှင်းကျားကျေးရွာမှ Zafor Alam ဆိုသူမှာ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုများ မဖြစ်ပွားမီကပင် ဘီဒီပြေးအဖြစ် ကျောက်ဖြူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း သိရှိရသည်။

သတင်းဌာနပါ Zafor Alam ၏ ဓာတ်ပုံဖြင့် လိုက်လံရှာဖွေရာ ရေခပ်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိရသော်လည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် လှေတိမ်းမှောက်သည့် ဖြစ်စဉ်သတင်းများ မတွေ့ရှိရပေ။ သို့သော်လည်း သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော ဖြစ်စဉ်သတင်းနှင့်စပ်လျဉ်း၍ ပိုမိုတိကျစွာ သိရှိနိုင်ရန် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



ရေခပ်ချောင်းဂွဆုံကျေးရွာမှ ဆယ်အိမ်မှူး မာမောက်ရော်ရှီးအား မေးမြန်းစဉ်။
(ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)



ရေခပ်ချောင်းဂွဆုံကျေးရွာမှ Zafor Alam ၏ ညီမအရင်းဖြစ်သူ ဆေဒါခါတွန်(ခ) ဆော်ရော်တာ ခါတူအား မေးမြန်းစဉ်။
(ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)

# လက်နက်ကိုင်အဖွဲ့များအတွက် ငွေကြေးထောက်ပံ့ကူညီခြင်း၊ သတင်းပေးခြင်း၊ လူသစ်စုဆောင်းပေးခြင်းနှင့် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်းများ ဆောင်ရွက်ခဲ့သူနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**
မုံးကိုးတိုက်ပွဲဖြစ်စဉ်၌ လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်းပေးခြင်း၊ သတင်းပေးခြင်း၊ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်းများကို ပါဝင်လုပ်ဆောင်ခဲ့ကြသူများ မုံးကိုးမြို့အတွင်း ပြန်လည်ရောက်ရှိနေကြောင်း သတင်းဖော်ထုတ်ချက်များအရ တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှာဖွေခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် မုံးကိုးမြို့ အမှတ်(၁)ရပ်ကွက်နေ မသက်ာဖွယ် အဘ ဦးဒွေ့နော်၏သား ဒီဒီနောင်လတ်နှင့် မုံးကိုးမြို့ ကောင်းလုံကျေးရွာနေ အဘ ဦးလန်ဂျော်လဖုန်း၏သား လန်ဂျော်ဂမ်ဆိုင်းတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ နှစ်ဦးသည် ဒီဇင်ဘာ ၄ ရက်တွင် မုံးကိုးမြို့သို့ တပ်မတော်စစ်ကူစစ်ကြောင်းများ ရောက်ရှိထိန်းချုပ်နိုင်ခဲ့ပြီးနောက် နယ်မြေရှင်းလင်းလျက်ရှိစဉ် တစ်ဖက်နိုင်ငံသို့ ခေတ္တထွက်ပြေးတိမ်းရှောင်နေခဲ့ကာ ဒီဇင်ဘာ ၇ ရက်တွင် မုံးကိုးမြို့အတွင်းသို့ တိုက်ပွဲရှောင်ပြည်သူများနှင့်အတူ ပြန်လည်ဝင်ရောက်နေထိုင်လာစဉ် ရှာဖွေဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ အသေးစိတ် ဖော်ထုတ်စစ်ကြောမေးမြန်းချက်များအရ ဒီဒီနောင်လတ်ဆိုသူသည် မုံးကိုးတိုက်ပွဲဖြစ်စဉ်ကာလအတွင်း မုံးကိုးမြို့နှစ်ခြင်းခရစ်ယာန်အသင်း၏ ဥက္ကဋ္ဌအဖြစ် အသွင်ယူ၍ တပ်မတော်စစ်ကြောင်းများ၏ လှုပ်ရှားမှုများအား လက်နက်ကိုင်အဖွဲ့များထံသို့ သတင်းပေးခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်း၊ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်၍ တပ်မတော်အပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်း၊ မုံးကိုးတိုက်ပွဲဖြစ်စဉ် မတိုင်မီနှင့် တိုက်ပွဲကာလများအတွင်း KIA လက်နက်ကိုင်အဖွဲ့နှင့် အကြိမ်ကြိမ် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းများကို လုပ်ဆောင်ခဲ့သူဖြစ်ကြောင်းနှင့် လန်ဂျော်ဂမ်ဆိုင်း ဆိုသူသည်လည်း တိုက်ပွဲဖြစ်စဉ်ကာလအတွင်း KIA လက်နက်ကိုင်အဖွဲ့များအား တပ်မတော်သတင်းများပေးခြင်း၊ လက်နက်ကိုင်အဖွဲ့များအတွက် လူသစ်စုဆောင်းပေးခြင်းနှင့် သွားလာမှုအဆင်ပြေစေရန် စက်သုံးဆီများ သယ်ယူပို့ဆောင်ပေးခြင်းများကို ကူညီလုပ်ဆောင်ပေးခဲ့သူဖြစ်ကြောင်း စစ်ဆေးဖော်ထုတ် သိရှိရသည်။



တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်အဖွဲ့များ၏ အမာခံများ ထပ်မံဖမ်းဆီးရမိရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်စိစစ်ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုင်းပန်မြို့နယ် တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျပ်သိန်း ၅၅၀၀ ကျော် တန်ဖိုးရှိ ဘိန်းညိုမှုန့်/ခဲများ သိမ်းဆည်းရမိ



**မိုင်းပန် ဇန်နဝါရီ ၁၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဇန်နဝါရီ ၁၄ ရက်က ကာလတန်ဖိုး ကျပ်သိန်း ၅၅၂၀ ခန့်တန်ဖိုးရှိ ဘိန်းညိုမှုန့်နှင့် ဘိန်းညိုခဲများ သိမ်းဆည်းရမိသည်။

လင်းခေးခရိုင် မိုင်းပန်မြို့နယ် တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၂၇) တာဆန်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်အေးမင်းကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ တာဆန်းရဲကင်းမှ ဒုရဲအုပ် အောင်စိုးညိမ်း ဦးစီးတပ်ဖွဲ့ဝင်များ၊ လင်းခေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ကြပ် အောင်ကျော်သိန်း၊ နယ်မြေခံတပ်မှ ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးနေစဉ် မိုင်းပန်မြို့ဘက်မှ မိုင်းတုံမြို့ဘက်သို့ ယာဉ်မောင်း ခွန်မောင်သိန်း မောင်းနှင်ပြီး ဦးကောပေါလု လိုက်ပါလာသည့် 9G\....NISSAN NAVARA ခဲရောင်ယာဉ်ကို ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်၏နောက်ဘော်ဒီကြမ်းခင်း အံဝှက်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ဘိန်းညိုမှုန့်(အလေးချိန် ၃၆ ကီလိုဂရမ်ခန့်)နှင့် ဘိန်းညိုခဲ (အလေးချိန် ၁၀ ကီလိုဂရမ်ခန့်)ကာလတန်ဖိုး ကျပ်သိန်း ၅၅၂၀ ခန့်အား ရှာဖွေတွေ့ရှိသဖြင့် ဘိန်းညိုမှုန့်၊ ဘိန်းညိုခဲများနှင့် မော်တော်ယာဉ်ကို သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ခွန်မောင်သိန်း(၃၃)နှစ်၊ ဦးကောပေါလု(၅၃)နှစ် ကောင်းမူဗ္ဗာရွာ ဆီဆိုင်မြို့နယ်နေသူတို့အား မိုင်းပန်းမြို့မရဲစခန်းက မယ(ပ)၁/၂၀၁၇ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၁၁)**

# ကောင်းမှုလုံရွှေဆတ်မင်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ပူတာအို ဇန်နဝါရီ ၁၉**
ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်ရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံရွှေဆတ်မင်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက် မှ ၁၁ ရက် အထိ အဆိုပါစေတီတော်ကြီး၏ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ပထမနေ့တွင် တရားပွဲ၊ ဒုတိယနေ့တွင် ပဌာန်းပွဲနှင့် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ ရိုးရာလှေပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ခြင်း၊ တရားပွဲ၊ ရိုးရာအကနှင့် စင်တင်တေးဂီတ၊ တတိယနေ့တွင် ရိုးရာမီးပုံစေတီပူဇော်ခြင်း၊ မသိုးသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ပဌာန်းပိတ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ တရားနာရေစက်ချခြင်းနှင့် ဆုပေးပွဲအခမ်းအနားများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရဲမြင့်အောင်(ကေမသုမ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၇၁၀၀၀ | - | ၈၇၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၇၁၀၀၀ | - | ၈၇၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၄. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၁၀၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၃၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၈၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၇၆. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၅၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၃. ၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၄. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဇန်နဝါရီ ၁၉**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဇန်နဝါရီ ၁၅ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်သည် ပိန်းဇလုပ်မြို့အုပ်ချုပ်ရေးမှူး ဦးစတီးဘိုဘိုနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် ခွင့်ပြုရန်ပုံငွေ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အား ဆက်သွယ်ထားသော ပိန်းဇလုပ်-ကညင်ကျိုး ကျောက်ချောလမ်း (၁/၀)မိုင်၏ လက်ရှိဆောင်ရွက်နိုင်မှုအခြေအနေအား စစ်ဆေးခြင်း၊ ပြုပြင်ပေးရန်နှင့် ထပ်မံဆောင်ရွက်ပေးနိုင်ရေးအတွက်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ အင်းပရိကျေးရွာ၊ ကျောင်းကုန်းကျေးရွာအတွင်းရှိ လမ်းတံတားအခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ အဆင့်မြင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရေတွင်းကုန်းကျေးရွာအတွင်းရှိ ချိန်းချောင်းဖြတ် သံကူကွန်ကရစ်တံတားအား ကျေးရွာလူထုနှင့် အလှူရှင်များ၏အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ကျော်လင်းဆွေ | အဲလ်ဗစ်ပရက်စ်လီ | ၁၅၀၀ိ/- | မူဝံစာပေ |
| ၂ | Dr.HtinZawMyint | 2017 (10) တန်း Get Ready For Chemistry | ၃၀၀၀ိ/- | Apex စာပေ |
| ၃ | Duncan Clark | Alibaba THE HOUSE THAT JACK MA BUILT | ၃၅၀၀ိ/- | Gold စာပေ |
| ၄ | ကလောင်စုံ | သည်အရွေ့(ကဗျာများ) | ၁၅၀၀ိ/- | PicamediaPublication |
| ၅ | ဒဂုန်ရွှေမျှား | အင်မ်ကြာရိုး | ၆၀၀၀ိ/- | Quality Publishing House |
| ၆ | ကိုအောင်(မြောက်ဦး) | နာမည်ခုနစ်လုံးနှင့်မိန်းကလေး (ဟေယွန်ဆီယိုလီ)မြောက်ကိုးရီးယားမှ လွတ်မြောက်ခြင်း | ၅၀၀၀ိ/- | Quality Publishing House |
| ၇ | ဒဂုန်ရွှေမျှား | ကြမ္မာငင်သော ယမ်းထောင့်နှင့် ဆန်းကြယ်ဝတ္ထုတိုများ | ၂၅၀၀ိ/- | Quality Publishing House |
| ၈ | | စာစဉ် (၅၄) ဂျော့ဝါရှင်တန် ကာဗာ | ၁၅၀၀ိ/- | TheKeyCollection |
| ၉ | မြသန်းတင့် | မနော်နှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | TheKeyCollection |
| ၁၀ | စည်းစိမ်ရှင် | တပ်မတော်လောကဟာသများ | ၁၅၀၀ိ/- | ခရီးသည်စာပေ |
| ၁၁ | ဇွဲနေယံဖော် | ဇင်အလင်းစကား-၁၀၀ | ၂၀၀၀ိ/- | စံပယ်စာပေ |
| ၁၂ | တောသားကြီး လူနိုင် | လက်ရွေးစင် ကဗျာ-၁၀၀ | ၂၀၀၀ိ/- | စွယ်တော်စာပေ |
| ၁၃ | မမိုးမြေ | စာဖတ်ချင်အောင်ဘယ်လိုရေးခဲ့ကြသလဲ | ၂၅၀၀ိ/- | စိုးမိုးလွင် မိသားစုစာပေ |
| ၁၄ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | MICKEY MOUSE ပါဝင်သော WALT DISNEP ကာတွန်းပုံပြင်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၅ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | SPECIAL AGENT OSO ပါဝင်သော WALT DISNEP ကာတွန်းပုံပြင်များ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၆ | တက္ကသိုလ်တာရာလင်း | စာဖတ်ခြင်းအနှစ်သာရနှင့်စိတ်အားဖြည့် ဘာသာပြန်ရသများ | ၂၀၀၀ိ/- | ဇွန်ပွင့်စာပေ |
| ၁၇ | တင်မောင်မြင့် | မာလာလာ | ၁၅၀၀ိ/- | မူဝံစာပေ |
| ၁၈ | ရဲကောင်းထက် | အဲလ်ဖရက်ဟစ်ချ်ကော့ | ၁၅၀၀ိ/- | မူဝံစာပေ |
| ၁၉ | ငွေးဝင်းနှစ် | အဲလ်ဘတ်အိုင်းစတိုင်း | ၁၅၀၀ိ/- | မူဝံစာပေ |
| ၂၀ | ဆုမြတ်မွန် | ဟယ်လင်ကယ်လာ | ၁၅၀၀ိ/- | မူဝံစာပေ |
| ၂၁ | ဆန်းလင်းထွန်း | စတိဗ်ဂျော့ဘ်စ် | ၁၅၀၀ိ/- | မူဝံစာပေ |
| ၂၂ | လင်းတည်ဦး | ဘီလ်ဂိတ်စ် | ၁၅၀၀ိ/- | မူဝံစာပေ |
| ၂၃ | ဦးဝမ်ထိန် | ကျောင်းသားစွယ်စုံကျောင်းသား လူငယ်တိုင်းအတွက် ဗဟုသုတဖြစ်ဖွယ် စကားလုံးများအကြောင်းအရာ | ၂၅၀၀ိ/- | ပတ္တမြား ငမောက်စာပေ |
| ၂၄ | ပထမမောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး | အမေးတော်ဖြေကျမ်း | ၁၀၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၂၅ | ကျော်ဦး | မိုးရေလှောင်ကန် | ၄၀၀၀ိ/- | ပါရမီ |
| ၂၆ | ရဲကျော်မြင့် | ဗြိတိန်နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ် ထရီဆာမေ | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၇ | မသင်းသဇင်စိုး (ဘာသာစုံဂုဏ်ထူးရှင်) | ထူးချွန်လက်ဆောင်ဂုဏ်ထူးရစာစီစာကုံးများ | ၂၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၈ | ထိန်လင်း(BE.Mechanical) | လိုတိုရှင်းရေးသား အင်္ဂလိပ်Essayများ | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၉ | အမျိုးသားစာပေဆုရ အောင်စိုး | ပန်းအလှပင်မွေး၍စီးပွားရေး လုပ်ကိုင်ခြင်း(အထူးထုတ်) | ၄၀၀၀ိ/- | မဟူရာပွင့်စာပေ |
| ၃၀ | ဇေယျမင်းသျှင် | မျက်ရည်ပွင့်ပုံပြင် | ၃၀၀၀ိ/- | မိတ်ဆွေများစာပေ |
| ၃၁ | မင်းသန့် | သော့ပြင်ဆရာနှင့်အလကားလူ | ၂၀၀၀ိ/- | မိတ်ဆွေများစာပေ |
| ၃၂ | Kaung Kin | Coloring Book | ၁၀၀၀ိ/- | မီးမီးအိမ်စာပေ |
| ၃၃ | မြင့်နောင်(မြန်မာပြန်) | အမှန်တရားအတွက် တိုက်ပွဲဝင်ခြင်း (ဗမာ့ဒီမိုကရေစီရေးဆောင်ရွက်သူ--ဂျိမ်း(စ်) မောဒ်(စ်)လေ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၃၄ | ဆရာဦးအေးချစ်EEAC (မြန်မာပြန်) | မြန်ဆန်လွယ်ကူ ရုပ်ပြ အင်္ဂလိပ်စကားပြော(၁) | ၅၀၀၀ိ/- | ပြည်မြန်မာစာပေ |
| ၃၅ | ခင်မောင်ဌေး(ပညာရေး) | ရှုထောင့်ပြောင်းမှ မြင်ကွင်းပြောင်းနိုင်မည့်နှင့် ၈၈၈၈ အမှတ်တရပုံရိပ်များ | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၃၆ | စိမ်းမြမြ | ကျွန်မဆရာဝန်ကတော် | ၄၀၀၀ိ/- | ရှင်မတောင်စာပေ |

ဆက်လက်ဖော်ပြပါမည်။

# မောင်တောခရိုင်အတွင်း ရေငန်ငါးဖမ်းလုပ်ငန်းအပြင် ရေချိုငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးသားပေါက်ဖြန့်ဖြူးရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်လျက်ရှိ

**မောင်တော ဇန်နဝါရီ ၁၉**

မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ စားသုံးသူလိုအပ်ချက်အရ ပင်လယ်ပြင် ငါးဖမ်းဆီးရေးလုပ်ငန်းအပြင် ရေချိုငါးမွေးမြူရေးလုပ်ငန်းများပါ တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းကပြောသည်။

လက်ရှိမောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်း ရေချိုငါးမွေးမြူရေးစခန်းနှစ်ခု ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်ကောင်ရေဆယ်သိန်းခန့် ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုလအတွင်း ဘူးသီးတောင်နှင့် မောင်တောငါးသားပေါက် မွေးမြူရေးစခန်းတွင် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ နှစ်သိန်းခန့် ဆက်လက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်တောခရိုင် ငါးမွေးမြူရေးကန်နှစ်ခုတွင် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ တီလားဘီးယားနှင့် ငါးတန်ငါးမျိုးများကို သားဖောက်ဖြန့်ဖြူးပေးလျက်ရှိပြီး အဆိုပါငါးမျိုးများကို ရန်ကိုင်တိုင်းဒေသကြီးအတွင်းမှ မျိုးငါးများကို ဝယ်ယူ၍ သားဖောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဘူးသီးတောင် ငါးသားပေါက်မွေးမြူရေးစခန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မောင်တောငါးသားပေါက်မွေးမြူရေးစခန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စတင်ဆောင်ရွက်ချိန်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးသဖြင့် ဧက ၁၀၀ ခန့်သာ စတင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအချိန်တွင် ရေချိုငါးမွေးမြူရေးကန် ဧက ၄၀၀ ခန့်နှင့် ငါးမွေးမြူရေးလုပ်ကိုင်သူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာတင်မကဘဲ ကမ္ဘာ့ငါးသယံဇာတဟာလည်း ရှားပါးလာနေပြီ။ ဒီအတိုင်းဆက်ပြီးတော့ ငါးဖမ်းဆီးနေမယ်ဆိုရင် ၂၀၅၀ ပြည့်နှစ်လောက်မှာ ငါးမျိုးလုံးဝပြုန်းတီးတဲ့ထိ ဖြစ်သွားနိုင်ပါတယ်။ အဲဒီအတွက်ကြောင့် လူဦးရေကလည်း တိုးပွားလာတယ်။ ငါးကလည်းရှားလာတာဖြစ်တဲ့အတွက် ငါးစားသုံးရေးအတွက်ပိုပြီးတော့ လိုအပ်လာပါတယ်။ ဒါကြောင့် ငါးပွားလာဖို့အတွက် မောင်တောခရိုင်အတွင်းမှာ ဖမ်းဆီးရေးကိုပဲ တစ်ခုတည်း ဦးမတည် ဘဲနဲ့ မွေးမြူရေးပိုင်းကိုလည်း ကြိုးစားပြီး ဦးတည်ဆောင်ရွက်နေပါတယ်" ဟု ဦးနိုင်ဝင်းသိန်းက ပြောသည်။

မောင်တောခရိုင်အတွင်း ယခင်က ရေငန်ပုစွန်မွေးမြူရေးကန် ဧက ၁၅၀၀၀ ခန့်ရှိရာမှ အချို့ကန်များတွင် ယခုအခါ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ ငါးဖမ်းလုပ်ငန်းအပြင် မွေးမြူရေးပါ ဆက်လက်ဆောင်ရွက်ကာ ပင်လယ်ပြင်မှ ငါးမဖမ်းရရာသီမှာလည်း ငါးမဖမ်းဆီးရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းထိန်းချုပ်သွားမည်ဆိုပါက ပင်လယ်ပြင်တွေလည်း ငါးသယံဇာတပေါများလာမည်ဖြစ်ကြောင်း၊ ကုန်းတွင်းပိုင်းကလည်း ထုတ်လုပ်မှုပိုမိုလာသဖြင့် ပြည်သူလူထု ငါးစားသုံးမှုလည်း ဖူလုံလာပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပါ ပိုမိုတိုးတက်လာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"အရင်တုန်းကတော့ ဒီဒေသမှာ ရေငန်ငါးပဲစားတော့ ရေချိုငါးမွေးတဲ့ အလေ့အထမရှိဘူး။ စားလည်းမစားကြဘူး။ အခုတော့ ရေချိုငါးကိုတော်တော်လေး စားလာကြပါပြီ။ အခုလက်ရှိမှာတော့ မွေးမြူရေးငါးက ပြည်တွင်းစားသုံးမှုမဖူလုံသေးတာကြောင့် ပြည်ပထိမပို့နိုင်သေးပါဘူး။ ရန်ကုန်မှာ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၈၀၀ လောက်သာရှိပြီးတော့ အခုကျွန်တော်တို့ ဒေသမှာ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၈၀၀၀ ဈေးလောက်ထိပေါက်နေတဲ့အတွက် ပြည်တွင်းစားသုံးမှုမှာတင်ကို စားသုံးသူတွေအတွက် မဖူလုံသေးဘူးဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့်မို့ ရေချိုငါးမွေးမြူရေးလုပ်ငန်းတွေတိုးတက်ဖို့အတွက် လက်ရှိမှာလည်း ဆောင်ရွက်နေပါတယ်"ဟု ဦးနိုင်ဝင်းသိန်းက ပြောသည်။

မောင်တောခရိုင်ရှိ ရွာပေါင်း ၉၆ ရွာတွင် ငါးမြစ်ချင်းမွေးမြူမည့် ငါးမွေးကန်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ငါးမွေးမြူနိုင်ရန် လိုအပ်သော ငွေအရင်းအနှီးများကိုလည်း အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်ချေးငွေများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ - သီဟစည်သူ**



## အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ

**တံတားဦး ဇန်နဝါရီ ၁၉**

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးဘိုမောင်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် အလှူရှင်တို့က ဆုများချီးမြှင့်ပေးကြသည်။ **(ရဲတင့်)**

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ဘီးလင်း ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘိုဘိုဦးတို့၏ လမ်းညွှန်ချက်အရ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့် အနီးကပ်ကြီးကြပ်မှုဖြင့် ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ခေါင်းဆောင်သောအဖွဲ့သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက်က ဘီးလင်းမြို့နယ် ဘုရားရွာကျေးရွာ မူလတန်းကျောင်းရှေ့၌ သွားရောက်ပြသခဲ့သည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ် ပြသခြင်းနှင့်အတူ လာရောက်ကြည့်ရှုကြသော ကျောင်းသား ကျောင်းသူများ၊ ကျေးရွာပြည်သူများအား မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စခန်းမှူးတို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများကို ပညာပေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့အကောင်အထည်ဖော်ရန် ဒေသခံတောင်သူများထံ လျော်ကြေးငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

သီလဝါအထူးစီးပွားရေးဇုန် ဇရိယာ ၂-၁ နှင့် ၂-၂ တို့တွင် ဆက်လက် အကောင်အထည်ဖော်မည့် ဇရိယာအတွင်းပါဝင်သည့် ရွှေပျောက်ကျေးရွာ၊ ရွှေပြည်သာယာကျေးရွာ၊ အေးမြသီတာကျေးရွာတို့မှ ဒေသခံတောင်သူ ၁၀၀ ကျော်အတွက် ပေးအပ်ရန် ကျန်ရှိသည့် မြေယာလျော်ကြေးပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ယာယီရုံးတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က "ဒီလို မြေယာနဲ့ ပတ်သက်တဲ့ သူတွေအတွက်လည်း ထိခိုက်နစ်နာမှု မရှိရအောင် ရသင့်ရထိုက်တဲ့ အကျိုးကျေးဇူးကို ခံစားရပါလိမ့်မယ်လို့ ကတိပြုထားတာလည်း ဒီကပြည်သူတွေ အသိပါပဲ။ ဒေသခံတွေအနေနဲ့လည်း မြေကို ပေးလိုက်ရလို့ လျော်ကြေးရတယ်လို့ မထင်ပါနဲ့။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာပါ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှ ဒေသခံတွေရော၊ ပြည်သူတွေရော အဆင်ပြေစွာနေကြရမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမယ်။ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကျွန်မတို့ဆောင်ရွက်ရပါမယ်။ အဲဒီအတွက် ဝိုင်းဝန်းကူညီကြတယ်လို့ ခံယူပါတယ်"ဟု ပြောကြားသည်။




ယင်းနောက် ဒေသခံတောင်သူ ၁၂ ဦးအား မြေယာလျော်ကြေးငွေနှင့် ကရုဏာကြေးငွေများကို ပေးအပ်ရာ ဒေသခံတောင်သူ ဦးတင်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဦးတင်အုန်းက "ကျွန်တော်တို့ ဒီအထူးစီးပွားရေးဇုန်ကြီး ဆောက်မယ်ဆိုကတည်းက ဝမ်းသာစွာကြိုဆိုပြီး စောင့်မျှော်နေတာပါ။ မြန်မာနိုင်ငံမှာ မြေဧရိယာအများကြီး ရှိတဲ့အထဲကမှ ကျွန်တော်တို့ သန်လျင်-ကျောက်တန်းနေရာလေးမှာ ဒီလိုဇုန် ပေါ်ပေါက်လာတာ ဂုဏ်ယူပါတယ်။ ကျန်တဲ့နေရာမှာရှိတဲ့ ဒေသခံ တောင်သူတွေကလည်း အကောင်အထည်ဖော်ဖို့ ကြိုဆိုနေပါတယ်။ ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ အတွက်လည်း ကျွန်တော်တို့က ဝိုင်းဝန်းကြိုးပမ်းပေးမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ဒေါ်နီလာကျော်က နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားရာတွင် ယခုဒေသခံများလက်အတွင်းသို့ ပေးအပ်လိုက်သည့် မြေယာတန်ဖိုးငွေကြေးကို အကျိုးရှိရှိအသုံးချ၍ ရရှိလာသည့် ငွေများကိုအကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ ရရှိလာသည့် ငွေကြေးကို အိမ်တွင်းတစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်း (SMEs) လုပ်ဆောင်၍ ရနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများရှိပါက အကူအညီပေးမည်ဖြစ်ကြောင်း၊ ရရှိလာသည့် ငွေကြေးကို ထိုင်သုံး၍ ကုန်သွားတာမျိုးမဖြစ်စေဘဲ တိုးပွားအောင် ဆောင်ရွက်ရန် ပြောကြားသည်။

ရွှေပျောက်ကျေးရွာ၊ ရွှေပြည်သာယာကျေးရွာ၊ အေးမြသီတာကျေးရွာတို့မှ ဒေသခံတောင်သူ ၁၀၀ ကျော်အနက် တောင်သူ ၁၂ ဦးတို့အား လျော်ကြေးငွေနှင့် ကရုဏာကြေးများ ပေးအပ်ခဲ့ပြီး ကျန်ရှိနေသေးသည့် ဒေသခံတောင်သူများကိုလည်း ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။ ဆုံးရှုံးသွားသည့် မြေနေရာနှင့် လိုအပ်သည့် အိမ်များအတွက် အိမ်ခြေ ၈၇ လုံးအား မြိုင်သာတိုးချဲ့ရပ်ကွက်သစ် ဆောက်လုပ်ရန် အကောင်အထည် ဖော်လျက်ရှိသည်။

**(သတင်းစဉ်)**

## ကြာအင်းကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၉။** ။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRCအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပေးအပ်ပွဲကို ကြာအင်းကျေးရွာအုပ်စု အထက(ခွဲ)(ကြာအင်း)၌ ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အထက(ခွဲ)(ကြာအင်း)မှ ကျောင်းသား ၄၄ ဦး၊ ကျောင်းသူ ၄၂ ဦး၊ ကြာအင်းကျေးရွာနှင့် ကွီးလေးကျေးရွာမှ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၅၄ ဦး စုစုပေါင်း ၁၈၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ် ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သန်လျင်အုတ်ဖိုစု-သနပ်ပင်လမ်း၌ မီးရထားနှင့်ကား တိုက်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၉**
သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် အုတ်ဖိုစု-သနပ်ပင်လမ်း၌ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၄ မိနစ်က မီးရထားနှင့် TOYOTAR PROBOX အငှားမော်တော်ယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သန်လျင်အုတ်ဖိုစုဘူတာမှ မီးရထားအမှတ် DD --- အရှေ့ပိုင်းတက္ကသိုလ်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော မီးရထားသည် အုတ်ဖိုစု-သနပ်ပင်လမ်း အရောက် အုတ်ဖိုစု-သနပ်ပင်လမ်းအတိုင်း ယာဉ်မောင်း မောင်မျိုး မောင်းနှင်လာသော ယာဉ်အမှတ် 5G/------ TOYOTAR PROBOX လိမ္မော်ရောင် အငှားယာဉ်နှင့် တိုက်မိခဲ့သည်။

ထိုသို့တိုက်မိခဲ့သဖြင့် ယာဉ်မောင်း မောင်မျိုးမောင်းနှင်လာသော 5G/------ TOYOTAR PROBOX အငှားယာဉ် ယာဘက်ခြမ်းပျက်စီး၊ ယာဘက်ရှေ့တံခါး ပျက်စီးခဲ့ပြီး လူဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်အား မဆင်မခြင်မောင်းနှင်ပြီး မီးရထားနှင့် ကားတိုက်မှုဖြစ်ပွားကာ ယာဉ်ပျက်စီးစေသူ ယာဉ်မောင်း မောင်မျိုးအား သက်နိုးကျွန်း မီးရထားရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**






# ဂက်(စ်)ပိုက်ပေါက်သည့်နေရာသို့ လျှပ်စစ်မီးပွားလွင့်စဉ်ရာမှ ကားသုံးစီးမီးလောင်

**ရန်ကုန် ဇန်နဝါရီ ၁၉**
ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ရတနာလမ်းနှင့် သံသုမာလမ်းထောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး အနီးတွင် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က ဂက်(စ်)ပိုက်လိုင်းပေါက်သည့်နေရာသို့ လျှပ်စစ်မီတာဘောက်မှ မီးပွားလွင့်စင်ရာမှ မီးလောင်ပြီး ကားသုံးစီး မီးလောင်သွားကြောင်း သိရသည်။

"လွန်ခဲ့တဲ့ရက်ကတည်းက ဂက်(စ်) ပိုက်လိုင်းက ယိုစိမ့်နေတာပါ။ ဒါကို ပတ်ဝန်းကျင်ကတော့ ဂက်(စ်)နံ့ နံတယ်ဆိုတာတော့ သိတယ်။ ဂက်(စ်)လိုင်း ပေါက်တယ်လို့ သူတို့က မထင်ဘူး။ ကားတွေကနေပြီးတော့မှ ဂက်(စ်)နံ့နံတယ်ဆိုပြီး သူတို့ကယူဆတာပေါ့။ ဒါပေမယ့် ဒီနေ့မနက် ၈ နာရီခွဲလောက်ကြတော့ ခါတ်တိုင်မှာ တပ်ဆင်ထားတဲ့ ဒစ်ဂျစ်တယ်မီတာကနေ မီးပွားလွင့်ပြီး ဂက်(စ်)ပိုက်ပေါ်ကိုကျတော့မှ အဲဒီဂက်(စ်)တွေကအနားတစ်ဝိုက်ရှိကားတွေ အောက်မှာအငွေ့တွေက ပျံနေတဲ့အတွက် အရှိန်နဲ့ ပြန့်ပြီးတော့မှ မီးလောင်မှုဖြစ်တယ်။ ကားတစ်စီးကတော့ မီးနည်းနည်းပဲစွဲတော့ မောင်းထွက်သွားတယ်။ နှစ်စီးကတော့ မီးလောင်သွားတယ်" ဟု အရှေ့ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ကိုကိုဦးက ပြောသည်။

အဆိုပါမီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်ဌာနချုပ်ရှိ Command and Control Centre တွင် ညွှန်ကြားရေးမှူးချုပ်က စောင့်ကြည့်ကာ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၃ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် အင်အား ၇၀ ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

"မီးလောင်တာ ၈ နာရီ မိနစ် ၂၀ လောက်က သတင်းရတယ်။ ၈ နာရီ ၂၅ မိနစ်မှာ ကျွန်တော်တို့ရောက်ရှိပြီး ၈ နာရီ ၄၂ မိနစ်မှာ မီးငြိမ်းနိုင်ခဲ့ပါတယ်။ ကားသုံးစီးနဲ့ မီတာဘောက်သုံးလုံး မီးလောင်ခံရပါတယ်" ဟု မီးသတ်ဦးစီးမှူး ကိုကိုဦးက ပြောသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဂက်(စ်)ပိုက်လိုင်းပြုပြင်သည့် တာဝန်ခံနှင့် လျှပ်စစ်မီတာတပ်ဆင်သည့် EPC မှ တာဝန်ခံတို့ကို တရားစွဲမည်ဖြစ်ကြောင်း မီးသတ်ဦးစီးမှူး ကိုကိုဦးက ပြောသည်။ ယင်းအပြင် ဂက်(စ်)ပိုက်လိုင်းမှာ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်ရှိ ဂက်(စ်)ဆိုင်နှင့် ဒဂုံတောင်ဂက်(စ်) ဆိုင်ကို သွယ်တန်းထားကြောင်း သိရသည်။

**(ဇာနည်မောင်)**

# ရွှေတောင်ရိုး Express ခရီးသည်တင်ယာဉ်က လမ်းဖြတ်ကူးသူအား ဝင်တိုက်

**နေပြည်တော် ဇန်နဝါရီ ၁၉**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ်(၇၆/၀) အနီး မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဦးမြင့်ဇော်လွင် မောင်းနှင်လာသော STAREXယာဉ်မှာ လမ်းယာဘက်မြေသားပေါ် ရပ်နား၍ လမ်းမကြီးတစ်ဖက်ခြမ်းရှိ ထမင်းဆိုင်သို့ ထမင်းစားပြီး လမ်းတစ်ဖက်ရှိ မော်တော်ယာဉ်သို့ ပြန်လာကြရာ ၎င်းယာဉ်ပေါ်ပါ ဦးသန်းအောင် နတ်တလင်းနေသူမှာ ယာဉ်မောင်း ဦးကျော်ကျော်မြင့် မောင်းနှင်လာသော ရွှေတောင်ရိုး EXPRESS ယာဉ်မှ ယမန်နေ့ည ၉နာရီ ၃၅ မိနစ်တွင် ဝင်တိုက်ခဲ့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် EXPRESS ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ အန္တရာယ်ကင်းခဲ့သော်လည်း ယာဉ်တိုက်ခံရသူ ဦးသန်းအောင်မှာ ဦးခေါင်းဝဲဘက် ပေါက်ပြဲ၊ ဝဲပါးပွန်းပဲ့၊ ပါးစပ်သွေးထွက်၊ ဝဲနဖူးပေါက်ပြဲ၊ ဝဲလက်ပွန်းပဲ့(အတွင်းလူနာ-စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။

သို့ပါ၍ ဒဏ်ရာပြင်းထန်စွာရရှိသူ ဦးသန်းအောင်အား မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းပိုင် မော်တော်ယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ အမြန်လမ်းမကြီးပေါ်သို့ ဖြတ်သန်းသွားလာခွင့်မရှိဘဲ လမ်းဖြတ်ကူးသူအား ရာဇသတ်ကြီး ပုဒ်မ ၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ကျောက်ထု၌ လေးထောင့်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ကျောက်ထု ဇန်နဝါရီ ၁၉**
မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ ကျောက်ထုရဲတပ်ဖွဲ့စခန်းမှ တပ်ကြပ်ကြီး တင်မောင်၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ကိုသက်တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ဒေသ တေးကျေးရွာအရှေ့ဘက် သုံးဖာလုံခန့်အကွာ ယောချောင်း၏မြောက်ဘက်တွင် ဇန်နဝါရီ ၁၈ ရက် နံနက်က သတင်းအရ သွားရောက်ရှာဖွေရာ ကောက်ရိုးခြောက်များဖြင့် ဖုံးအုပ်ထားရှိသည့် လေးထောင့်ပိတောက်ခွဲသား စကွဲယားတုံး ၃၂ တုံး ( ၃ ဒသမ ၂၃၇၉ တန်) ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သစ်ခွဲသားများ သိမ်းဆည်းရရှိမှုနှင့် စပ်လျဉ်း၍ ကျောက်ထုမြို့ သစ်တောဦးစီးဌာနက ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းထားကြောင်းနှင့် ကျောက်ထုမြို့နယ်မြေ ရဲတပ်ဖွဲ့စခန်း ရဲတပ်ကြပ်ကြီး တင်မောင်က အမှုလိုက်အဖြစ် ဆောင်ရွက်အရေးယူထားကြောင်း သိရသည်။ **(၄၆၅)**

■



# မိုင်းခတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းနှုန်း-ဟုတ်ပုံလမ်းကြောင်းပေါ်တွင် တပ်မတော်စစ်ကြောင်းက လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ဟုတ်ပုံကျေးရွာဘက်မှ မိုင်းနှုန်းဘက်သို့ ဦးအားကော်(ဘ)ဦးအားကြည် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၈၀ အား သိမ်းဆည်းရမိခဲ့သည်။

ဦးအားကော်အား စစ်ဆေးချက်အရ ဟုတ်ပုံကျေးရွာနေ ဦးအိုက်လွတ်(ခ)ဦးအိုက်ဖူး (ဘ)ဦးလုံစိုင်းထံမှ ဝယ်ယူလာကြောင်း သိရသဖြင့် ဦးအိုက်လွတ်၏ နေအိမ်အား ညနေ ၃ နာရီခန့်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၃၇၀ ခန့်၊ ဘိန်းစိမ်း ၁ ကီလိုဂရမ်ခန့်၊ ငွေကျပ် ၁၀၂၀၀၀၊ ယွမ်ငွေ ၂၀၂၈ ယွမ်၊ ဘတ်ငွေ ၁၀၀ နှင့် ပစ္စတိုတစ်လက်၊ ၎င်းကျည် ၅၅ တောင့်၊ ကျည်အိမ်နှစ်ခု၊ AK-47 ကျည် ၁၆ တောင့်တို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (စုစုပေါင်းကာလတန်ဖိုး ၅၄၅ သိန်းကျော်) လက်နက်ခဲယမ်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဖမ်းဆီးရမိသူနှစ်ဦးအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး မိုင်းခတ်မြို့နယ်ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ၁၂ နှစ်အတွင်း ကမ္ဘာ့ဝင်ငွေအများဆုံး ဘောလုံးကလပ်အသင်းဖြစ်လာတဲ့ မန်ယူ

မန်ယူအသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီ၏ ကမ္ဘာ့ဝင်ငွေအများဆုံး ဘောလုံးကလပ်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ဒီလွိုက်၏ နှစ်စဉ်အစီရင်ခံစာအရ သိရသည်။ မန်ယူသည် ၁၁နှစ်ဆက်တိုက် ကမ္ဘာ့ဝင်ငွေအများဆုံးကလပ်အသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းကို ကျော်ဖြတ်၍ စံချိန်တင်ဝင်ငွေ ယူရို ၆၈၉သန်း(ပေါင် ၅၁၅ သန်း)ဖြင့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်း ကမ္ဘာ့ဝင်ငွေအများဆုံးရရှိသည့် ဘောလုံးကလပ်အသင်းဖြစ်လာခဲ့သည်။

ပရီမီယာလိဂ်ကလပ်မန်ယူသည် စီးပွားဖြစ် ဝင်ငွေသီးသန့်မှုပင် ယူရိုသန်း ၁၀၀ (ပေါင် ၇၁ သန်း)အထိ တိုးတက်ရရှိလာခဲ့သည်။ ယခုကဲ့သို့ မန်ယူအသင်း ထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခြင်းမှာ ယခင်စီးပွားရေးတွဲဖက် လုပ်ကိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းအပြင် အခြားသော လုပ်ငန်းအင်အားစုများနှင့်ပါ ထပ်တိုးလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်သည်။ ဝင်ငွေအကောင်းဆုံးထိပ်တန်း ကလပ်အသင်း ၂၀ ၏ စုစုပေါင်းဝင်ငွေမှာလည်း ၁၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ယူရို ၇ ဒသမ ၄ ဘီလီယံ (ပေါင် ၆ ဒသမ ၄၁ ဘီလီယံ)အထိ စံချိန်တင်ရောက်ရှိလာခဲ့သည်။

မန်ယူအသင်းသည် ဒီလွိုက်၏ နှစ်စဉ်ဘောလုံးအစီရင်ခံစာတွင် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီကတည်းက ကမ္ဘာ့ဝင်ငွေအများဆုံးကလပ်အသင်းအဖြစ် ပထမဦးဆုံးအကြိမ်ပြန်လည် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းကမူ လာလီဂါပြိုင်ဘက် ဘာစီလိုနာနောက် တတိယဝင်ငွေအများဆုံးအသင်းအဖြစ်သာ ရပ်တည်နိုင်ခဲ့သည်။

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်နှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့သည် ယမန်နှစ်ကထက် ဝင်ငွေများ ပိုမိုတိုးတက်ရရှိလာခဲ့သလို စတုတ္ထနှင့် ပဥ္စမနေရာတို့သို့ အသီးသီးတက်လှမ်းလာနိုင်ခဲ့သည်။ မန်စီးတီးဆိုလျှင် ယူရို ၄၆၃ ဒသမ ၅သန်း (ပေါင် ၃၅၂ ဒသမ ၆ သန်း) မှ ယူရို ၅၂၄ ဒသမ ၉ သန်း(ပေါင် ၃၉၂ ဒသမ ၆ သန်း) အထိ တိုးတက်လာခဲ့ပြီး ထိပ်ဆုံးငါးနေရာသို့ ပထမဦးဆုံးအကြိမ် တက်လှမ်းလာနိုင်ခဲ့သည်။

ဝင်ငွေအကောင်းဆုံး ထိပ်တန်းအသင်း ၂၀ စာရင်းမှာပင် ပရီမီယာလိဂ်ကလပ်အသင်းရှစ်သင်းအထိ ပါဝင်နေပြီး ထိုအသင်းများ၏ ဝင်ငွေစုစုပေါင်းမှာပင် ယူရို ၃ ဒသမ ၂ ဘီလီယံ(ပေါင် ၂ ဒသမ ၄ ဘီလီယံ) အထိ ရှိခဲ့ကြောင်းလည်း သိရသည်။

ပရီမီယာလိဂ် ချန်ပီယံလက်စတာစီးတီးအသင်းဆိုလျှင် ထိပ်ဆုံးအသင်း ၂၀ စာရင်းသို့ ပထမဦးဆုံးဝင်ရောက်လာခြင်းနှင့်အတူ ၂၀၁၄-၁၅ ဘောလုံးရာသီအတွင်း ရရှိခဲ့သည့်ဝင်ငွေထက် ငါးဆခန့်တိုးတက်ရရှိလာသည်။ အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် စပါးအသင်းတို့သည် အဆင့်(၇)၊ (၈)၊ (၉)နှင့် (၁၂)နေရာတို့တွင် ရပ်တည်နေပြီး ဝက်စ်ဟမ်းအသင်းကမူ အဆင့်( ၁၈)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။



| ကမ္ဘာ့ဝင်ငွေအများဆုံး ထိပ်တန်းကလပ်အသင်း(၁၀)သင်း | | | | |
|---|---|---|---|---|
| အသင်းအမည် | ယခုနှစ်ရပ်တည်မှု | ပြီးခဲ့သည့်နှစ်ရပ်တည်မှု | ယခုနှစ်ဝင်ငွေ | ပြီးခဲ့သည့်နှစ်ဝင်ငွေ |
| မန်ယူ | ၁ | ၃ | ယူရို ၆၈၉ သန်း | ယူရို ၅၁၉ ဒသမ ၅ သန်း |
| ဘာစီလိုနာ | ၂ | ၂ | ယူရို ၆၂၀ ဒသမ ၂ သန်း | ယူရို ၅၆၀ ဒသမ ၈ သန်း |
| ရီးယဲလ်မက်ဒရစ် | ၃ | ၁ | ယူရို သန်း ၆၂၀ ဒသမ ၁ | ယူရို ၅၇၇ သန်း |
| ဘိုင်ယန်မြူးနစ် | ၄ | ၅ | ယူရို ၅၉၂ သန်း | ယူရို ၄၇၄ သန်း |
| မန်စီးတီး | ၅ | ၆ | ယူရို ၅၂၄ ဒသမ ၉ သန်း | ယူရို ၄၆၃ ဒသမ ၅ သန်း |
| ပီအက်စ်ဂျီ | ၆ | ၄ | ယူရို ၅၂၀ ဒသမ ၂ သန်း | ယူရို ၄၈၀ ဒသမ ၈ သန်း |
| အာဆင်နယ် | ၇ | ၇ | ယူရို ၄၆၈ ဒသမ ၅ သန်း | ယူရို ၄၃၅ ဒသမ ၅ သန်း |
| ချယ်လ်ဆီး | ၈ | ၈ | ယူရို ၄၄၇ ဒသမ ၄ သန်း | ယူရိုသန်း ၄၂၀ |
| လီဗာပူး | ၉ | ၉ | ယူရို ၄၀၃ ဒသမ ၈ သန်း | ယူရို ၃၉၁ ဒသမ ၈ သန်း |
| ဂျူဗင်တပ် | ၁၀ | ၁၀ | ယူရို ၃၄၁ ဒသမ ၁ သန်း | ယူရို ၃၂၉ ဒသမ ၉ သန်း |




# လိုင်ယွန်အသင်းတွင် ရောက်ရှိနေသည့် ဒီပိုင်း မန်ယူမှ ထွက်ခွာရန် ပိုမိုနီးစပ်လာ

မန်ယူတောင်ပံတိုက်စစ်မှူး ဒီပိုင်းအနေဖြင့် ဇန်နဝါရီ ၁၈ ရက် ညပိုင်းပြင်သစ်ကလပ် လိုင်ယွန်သို့ ရောက်ရှိနေသည့်ပုံကို လိုင်ယွန် အသင်းတွစ်တာ စာမျက်နှာတွင် မြင်တွေ့ခဲ့ရပြီးနောက် ဒီပိုင်းအနေဖြင့် ပြင်သစ်ကလပ်အသင်းသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီခဲ့ပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ လိုင်ယွန်သည် မန်ယူနှင့် ဒီပိုင်းအနာဂတ် မတည်မငြိမ်ဖြစ်နေသည့် ကာလအတွင်း အဆိုပါ နယ်သာလန် တိုက်စစ်မှူးကိုရရှိရန် တောက်လျှောက် ချဉ်းကပ်ခဲ့ပြီး သုံးကြိမ်ကမ်းလှမ်းမှုအပြီးတွင် ယခုလို သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ လိုင်ယွန်အသင်း၏ ပေါင် ၁၁ သန်းဖြင့် ကနဦးကမ်းလှမ်းမှုကို မန်ယူအသင်းဘက်မှ ပယ်ချခဲ့ပြီးနောက် ဒုတိယအကြိမ်အဖြစ် ပေါင် ၁၃ သန်းဖြင့် ထပ်မံကမ်းလှမ်းခဲ့သေးသည်။ သို့သော် ပေါင် ၁၆ သန်းဖြင့် တတိယအကြိမ်ကမ်းလှမ်းမှုကို မန်ယူအသင်းက လက်ခံဆွေးနွေးခဲ့သော်လည်း ပေါင် ၂၁ သန်း ရရှိလိုကြောင်း တုံ့ပြန်ထားသည်ဟု သိရသည်။

အကယ်၍ မန်ယူအသင်းက ဒီပိုင်းအား ရောင်းချလျှင်ပင် ပြန်လည်ဝယ်ယူခွင့်နှင့် ရောင်းချခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အချက်နှစ်ရပ်ကို စာချုပ်တွင်ထည့်သွင်းချုပ်ဆိုသွားရန် စီစဉ်ထားကြောင်းလည်း တယ်လီဂရပ် သတင်းဌာနမှ ဂျိမ်းစ်ဒက်ကာ၏ အဆိုအရ သိရသည်။ မန်ယူအသင်းသည် ပေါ့ဘာအား ဂျူဗင်တပ်အသင်းသို့ ထုတ်ရောင်းစဉ်က အဆိုပါ အချက်အလက်မျိုး ထည့်သွင်းမိခဲ့ခြင်း မရှိသဖြင့် ကမ္ဘာ့စံချိန်တင် ပေါင် ၈၉ သန်းဖြင့် ပြန်လည်ဝယ်ယူခဲ့ရသည့် အစဉ်အလာလည်းရှိခဲ့ရာ ယခုတစ်ကြိမ်တွင်မူ ယင်းကဲ့သို့ အခြေအနေမကြုံတွေ့စေရန် နည်းပြမော်ရင်ဟိုက ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။ ထို့ပြင် ဒီပိုင်းမှာ ကွင်းပြင်ပအပြုအမူများ အားနည်းခြင်းကြောင့်သာ ပုံမှန်ခြေစွမ်းမပြသနိုင်ခြင်းဖြစ်ပြီး ပါရမီရှိသူဖြစ်သောကြောင့် မန်ယူအသင်းက တစ်ချိန်ချိန်တွင် ပြန်လည်ဝယ်ယူနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။

**မေလှဲ့သင်း**
**စုစည်းသည်**

# ရီးယဲလ်မက်ဒရစ်အသင်း ဆိုးရွားသည့် အခိုက်အတန့်ရောက်ရှိနေပြီဟု ဇီဒန်းဝန်ခံ

ရီးယဲလ်မက်ဒရစ်အသင်းသည် ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆယ်လ်တာဗီဂိုအသင်းအားအိမ်ကွင်းမှာပင်နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် လေးရက်အတွင်းနှစ်ပွဲဆက် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရပြီဖြစ်ရာ ရီးယဲလ်နည်းပြဇီဒန်းက ကလပ်အသင်းအနေဖြင့် ဆိုးရွားသည့် အခိုက်အတန့်ကို ရောက်ရှိခဲ့သည်ဟု ဝန်ခံလိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါပွဲစဉ်တွင်လည်း ဆီဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းကြောင့် ပွဲ(၄၀) နိုင်ပွဲဆက်စံချိန်တစ်ရပ်ရပ်တန့်သွားခဲ့ပြီးနောက် နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

ဇီဒန်းက ရီးယဲလ်အသင်းကစားပုံဆိုးရွားခဲ့ပြီး နှစ်ပွဲဆက်ရှုံးနိမ့်မှုကြောင့် ပြောင်းလဲမှုကို စတင်ဆောင်ရွက်ဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

ဇီဒန်းက“ကျွန်တော်တို့အသင်းနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့ရသလို သုံးပွဲဆက်လည်း နိုင်ပွဲလုံးဝမရှိခဲ့ပါဘူး။ ဒါကတကယ်ကို ဆိုးရွားတဲ့အခိုက်အတန့်ဖြစ်ပါတယ်။ ဒါကိုပုန်းရှောင်နေလို့မရပါဘူး။ သေချာပေါက်အပြောင်းအလဲဆောင်ရွက်ရတော့မှာပါ”ဟု ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရီးယဲလ်ကွင်းလယ်လူကက်စီမီရိုကလည်း ရီးယဲလ်အသင်း ပထမပိုင်းကစားပုံကောင်းမွန်ခဲ့ကာ ဒုတိယပိုင်းတွင် ကစားကွက်ပျက်နေသည်ကို ဝန်ခံခဲ့သည်။ သို့သော် ရီးယဲလ်အသင်း ယခုကဲ့သို့ အရေးနိမ့်ခဲ့ခြင်းက ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့မှု၏ နောက်ဆက်တွဲဆိုးကျိုးပင်ဖြစ်သည်ဟုလည်းကက်စီမီရိုက ရှုမြင်သည်။ ဆယ်လ်တာဗီဂိုအသင်းတိုက်စစ်မှူး အက်စ်ပတ်ကဆိုလျှင် ဆယ်လ်တာဗီဂိုမှာ ရီးယဲလ်ကို ပွဲချိန်ပြည့် လွှမ်းမိုးကစားခဲ့သလို အနိုင်ရလဒ်နှင့်လည်း ထိုက်တန်ကြောင်း ဆိုခဲ့သည်။ ■



# ထိုင်းနိုင်ငံသို့ သွားရောက်ကြမယ့် Goblin အဖွဲ့သားများ

လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲ ရုပ်ရှင် “Goblin”မှ ရုပ်ရှင်အဖွဲ့သားတွေဟာ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းတွေ ပြီးဆုံးတဲ့ အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံမှာရှိတဲ့ ဖူးခက်ကမ်းခြေကို အလည်အပတ်ခရီးထွက်ရန် စီစဉ်ထားကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားရဲ့ ဒေသတွင်းရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ tvN က ရိုက်ကူးထုတ်လွှင့်ပြသခဲ့တဲ့ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ ပြသစဉ်ကာလအတွင်း အပြိုင်ပြသခဲ့တဲ့ ရုပ်ရှင်တွေထက် ကြည့်ရှုသူအများဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ အောင်မြင်မှုတွေနဲ့အတူ ပြီးဆုံးသွားခဲ့ပြီဖြစ်တဲ့ ရိုက်ကူးရေးလုပ်ငန်းတွေရဲ့ အဆုံးသတ်အနားယူမှုအဖြစ် အဖွဲ့သားတွေဟာ လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ ယခုလိုအပန်းဖြေခရီးထွက်ကြဖို့ စီစဉ်ခဲ့ကြတာ ဖြစ်ပါတယ်။

အဆိုပါအပန်းဖြေခရီးစဉ်မှာ လိုက်ပါနိုင်ဖို့ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ အနုပညာရှင်တွေက သူတို့ရဲ့ အနုပညာလုပ်ငန်းအစီအစဉ်တွေနဲ့ပတ်သက်ပြီး အချိန်ပြန်လည်ညှိနှိုင်းမှုတွေလုပ်ဆောင်နေကြပြီး ယင်းရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသားဖြစ်တဲ့ ဂွန်ယိုးကတော့ လတ်တလောအချိန်မှာ အတူလိုက်ပါမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့ရုပ်ရှင်အဖွဲ့သားတွေကတော့ လိုက်ပါနိုင်ခြင်း ရှိ၊ မရှိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။




ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် “Goblin”ရဲ့ ထုတ်လွှင့်ပြသမှုဟာ ယခုသီတင်းပတ်အတွင်း ပြီးဆုံးတော့မှာဖြစ်ပါတယ်။ စုစုပေါင်းအပိုင်း ၁၄ ပိုင်းပါဝင်တဲ့ ယင်းရုပ်ရှင်ရဲ့ ဇာတ်သိမ်းပိုင်းကို လာမယ့် ဇန်နဝါရီ ၂၁ ရက်မှာ ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဖိအားတွေနဲ့ရင်ဆိုင်နေရတဲ့ အန်ဂျလီနာဂျိုလီ

လတ်တလောမှာ ကွာရှင်းဖို့ဆောင်ရွက်လျက်ရှိပြီး ကလေးတွေရဲ့ စောင့်ရှောက်ခွင့်အတွက် တရားရင်ဆိုင်နေရတဲ့ အန်ဂျလီနာဂျိုလီဟာ ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်နဲ့ စတင်လမ်းခွဲစဉ်ကစပြီး ကလေးတွေကို မိမိနဲ့အတူခေါ်ထားရာက လတ်တလောမှာတော့ ကလေးတွေကို ဘရက်ပစ်ဆီကို လက်လွှဲပေးဖို့ အတင်းဖိအားပေးတာတွေနဲ့ ရင်ဆိုင်နေရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အန်ဂျလီနာဂျိုလီဟာ ကလေးတွေရဲ့ စောင့်ရှောက်ခွင့်ကို တစ်ဦးတည်းရလိုပေမယ့် ရှုံးနိမ့်ခဲ့ရပြီး ဖခင်ဖြစ်သူ ဘရက်ပစ်လည်း ကလေးတွေစောင့်ရှောက်ခွင့်ရခဲ့တာကြောင့် ကလေးတွေကို ဘရက်ပစ်ကတစ်လှည့်စောင့်ရှောက်ခွင့်ရစေဖို့ ဘရက်ပစ်ဆီကို လွှဲပြောင်းပေးဖို့ ဖိအားပေးတာတွေနဲ့ တွေ့ကြုံနေရတာဖြစ်ပါတယ်။

လိုက်ဖ်အန်စတိုင်လ်မဂ္ဂဇင်းရဲ့ ဖော်ပြချက်အရ ဘရက်ပစ်ဟာ ကလေးတွေကို ယခင်ကထက် ပိုမိုတွေ့ဆုံခွင့်ရတော့မှာဖြစ်ကြောင်းနဲ့ သူရဲ့ရင်သွေးခြောက်ဦးနဲ့အတူ နေထိုင်ခွင့်တွေရတော့မှာဖြစ်ကြောင်းလည်း သိရပါတယ်။





# “Smurfs”ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဂျူလီယာရောဘတ်

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက ဖန်တီးတင်ဆက်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် “ Smurfs: The Lost Village”မှာ ဟောလိဝုဒ်ရဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျူလီယာရောဘတ် ပါဝင်သရုပ်ဆောင်ထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟာသဆန်ဆန်ဇာတ်လမ်းလေးတွေကို ဖန်တီးရိုက်ကူးထားတဲ့ “Smurfs”ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် “Smurfs: The Lost Village” ကို လတ်တလောမှာ ရိုက်ကူးလျက်ရှိပြီး အဆိုပါရုပ်ရှင်သစ်မှာ ပါဝင်လာမယ့် ဇာတ်ကောင်သစ် စမာ့စ်ဝစ်လိုးရဲ့နေရာမှာ ဂျူလီယာရောဘတ်က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျူလီယာရောဘတ်ဟာ ၂၀၀၆ ခုနှစ်က စတင်ထုတ်လွှင့်ခဲ့တဲ့ “ Smurfs”ရုပ်ရှင်တွေမှာ ယခင်က ပါဝင်သရုပ်ဆောင်ခဲ့ဖူးခြင်းမရှိဘဲ ယခုအခါမှ ပထမဆုံးအကြိမ် ပါဝင်အားဖြည့်ထားတာဖြစ်ပါတယ်။ ယခုလို ပါဝင်သရုပ်ဆောင်ခဲ့ခြင်းအပေါ် ဂျူလီယာရောဘတ်က “ဒီလိုငယ်ရွယ်တဲ့ကလေးတွေအကြိုက် ရယ်စရာတွေလုပ်ပြတတ်တဲ့ ဇာတ်ကောင်လေးတွေနေရာက ပါဝင်သရုပ်ဆောင်ရမှာကို ပျော်ရွှင်မိပါတယ်”လို့ ပီးပဲလ်မဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့ပါတယ်။ ဒ့ါအပြင် သူကိုယ်တိုင်ကလည်း ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ မူလ“ Smurfs”ရုပ်ရှင်တွေရဲ့ ပရိသတ်တစ်ဦးဖြစ်ခဲ့ပြီး သူ့ရဲ့ကလေးတွေလည်း နှစ်သက်တဲ့ ဇာတ်ကောင်လေးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရတဲ့အတွက် ဝမ်းသာကြောင်းလည်း ဆိုပါတယ်။

“Smurfs: The Lost Village”မှာ စွန့်စားခန်းတွေ ပါဝင်လာတာကို တွေ့မြင်ရမှာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ စမာ့ဖက်တီ၊ ဘရိန်နီ၊ ကလမ်စီနဲ့ ဟက်ဖ်တီတို့ရဲ့ လျှို့ဝှက်တဲ့မြေပုံရဲ့နောက်ကိုလိုက်ရင်းက တားမြစ်ထားတဲ့ တောအုပ်တစ်ခုအတွင်း ရောက်ရှိသွားပြီး ထူးခြားတဲ့ သတ္တဝါတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရတဲ့ စိတ်လှုပ်ရှားစရာတွေပါဝင်နေတဲ့ ဇာတ်ဝင်ခန်းတွေကို ရုပ်ရှင်သစ်မှာ တွေ့မြင်ရမှာပါ။ အဆိုပါ ရုပ်ရှင်မှာ စွန့်စားခန်းတွေအကြားက ပျောက်ဆုံးနေတဲ့ ရွာကိုလည်း စမာ့စ်လေးတွေက ရှာဖွေသွားကြမှာဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်မှာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ “The Ant Bully” နဲ့ “Charlotte's Web”ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ ဒေမီလက်ဗားတိုး၊ ရိန်းဝေလ်ဆန်၊ ဂျက်ခ်မက်ခ်ဘရိုင်ယာ၊ ဒန်နီပူဒီအစရှိတဲ့ ဟောလိဝုဒ်သရုပ်ဆောင်များစွာကလည်း အသံဖြင့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။

ယခုရိုက်ကူးဖန်တီးလျက်ရှိတဲ့ ရုပ်ရှင်သစ်ဟာ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ခဲ့တဲ့ အဆိုပါ “Smurfs” ရုပ်ရှင်တွေရဲ့ တတိယမြောက်ရုပ်ရှင်ဖြစ်ပြီး ၎င်းရုပ်ရှင်သစ်ကိုတော့ လာမယ့် ဧပြီ ၇ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

■

# တောင်ကိုရီးယားကြယ်ပွင့် စုံတွဲသစ် ဂျိုဝမ် နဲ့ ဘိုအာ

တောင်ကိုရီးယား သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုဝမ်နဲ့ သရုပ်ဆောင်နဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ ဘိုအာတို့နှစ်ဦး ချစ်သူတွေအဖြစ်လက်တွဲနေကြကြောင်း ဂျိုဝမ်ရဲ့ဖျော်ဖြေရေးအေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း သူငယ်ချင်းတွေအဖြစ် စတင်တွေ့ဆုံခင်မင်ခဲ့ကြပြီး နောက်ပိုင်းမှာ ချစ်သူတွေအဖြစ် သံယောဇဉ်တိုးလာခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ သူတို့နှစ်ဦးရဲ့အချစ်ရေးကို တရားဝင်ထုတ်ဖော်ပြောကြားခြင်းမပြုမီ ဘိုအာ ပါဝင်သရုပ်ဆောင်ထားတဲ့ “Venus Talk”ရုပ်ရှင်ရဲ့ စတင်ထုတ်လွှင့်ပြသခဲ့တဲ့အခမ်းအနားမှာ သူတို့နှစ်ဦး အတူတက်ရောက်ခဲ့ကြတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ဂျိုဝမ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ မင်းသားဟာ ဘိုအာနဲ့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ ဟုတ်မှန်ကြောင်း၊ အချစ်ရေးဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စဖြစ်တဲ့အတွက် ဂျိုဝမ်ကို အသေးစိတ်မေးမြန်းခြင်းမပြုရသေးပေမယ့် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြတယ်ဆိုတာကိုတော့ အတည်ပြုပြောကြားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဘိုအာရဲ့ အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်ကတော့ လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ပြန်ပြောကြားခြင်းမရှိသေးပါဘူး။

လတ်တလောမှ ဘိုအာက သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမယ့်ဖေဖော်ဝါရီလအတွင်း ထုတ်လွှင့်သွားနိုင်ရေးကြိုးပမ်းလျက်ရှိပြီး ဂျိုဝမ် ခေါင်းဆောင်ပါဝင်ထားတဲ့ တစ်ချိန်က အောင်မြင်ခဲ့တဲ့ ရုပ်ရှင် “My Sassy Girl”ကို ပြန်လည်ရိုက်ကူးသွားမယ့် ဒရမ်မာရုပ်ရှင်ကို လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။



အေးပြည့်-စုစည်းသည်

# တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ကျောင်းသား ကျောင်းသူများ ကရင်ချောင်းရေတံခွန်တောင်သို့ ညအိပ်ခရီးရောက်ရှိ

**ရေတာရှည် ဇန်နဝါရီ ၁၉**

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အုပ်ချုပ်သူ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၁၇ ဦးအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ရေလွှဲကျေးရွာအနီးရှိ ကရင်ချောင်းရေတံခွန်သို့ ခြေလျင်ခရီးကြမ်းညအိပ်ခရီး အဖြစ် ရောက်ရှိခဲ့သည်။ ရေတာရှည်မြို့အရှေ့ဘက် ပိတောက်စမ်းကျေးရွာမှတစ်ဆင့် ဆင်ငွေကျေးရွာ၊ ထိုမှတစ်ဆင့် စစ်တောင်းမြစ်ကိုဖြတ်ကူး၍ သောင်ကြီး၊ ဘိုတဲစုကျေးရွာတို့ကိုဖြတ်ကာ ကရင်ချောင်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် ရွှေပြည်အေး ထိုင်တော်မူဘုရားကြီး စုပေါင်းဖူးမြော်ခဲ့ကြသည်။

ဆက်လက်၍ တောလမ်းအတိုင်း ခရိုင်ချင်းဆက်လမ်း ပေါ်ရှိ ရေလွှဲကျေးရွာသို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိခဲ့ကြပြီး နေ့လယ်စာစားကာ ခေတ္တရပ်နားခဲ့သည်။ "အခု လာကြတာကတော့ တက္ကသိုလ်ပေါင်းစုံက ပါပါတယ်။ ကချင်ပြည်နယ်က ရေခဲတောင်တွေကိုတက်နိုင်ဖို့ရာ အကြိုလေ့ကျင့်မှုလည်း ဖြစ်ပါတယ်။ မနက်ဖြန်ဆိုရင်တော့ ဒီကနေ ထုံးဘို့ရွာ၊ အဲဒီကနေ တောင်ငူမြတ်စောညီနောင် ဘုရားတွေဖူးပြီး ရန်ကုန်ကို တိုက်ရိုက်ပြန်မယ်"ဟု အဖွဲ့တွင် လိုက်ပါလာသည့် ဆရာ ဦးဝင်းကိုက ပြောသည်။

ယခုကဲ့သို့ ခြေလျင်ခရီးကြမ်းထွက်ခွာလာခြင်းနှင့် ပတ်သက်၍ "စုပေါင်းခရီးကြမ်းသွားရတော့ အချင်းချင်း ရိုင်းပင်းကူညီလိုတဲ့စိတ်ဓာတ်တွေအပြင် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိလာတယ်။ ဒါ့အပြင် ကျေးလက်ဒေသလူနေမှုဘဝတွေကိုလည်း အနီးကပ်လေ့လာနိုင်ပါတယ်" ဟု မခင်ဇာလီက ပြောသည်။

ဆက်လက်၍ အဖွဲ့ဝင်များအားလုံး ညအိပ်စခန်းချမည့် တောင်ပေါ်ရှိ ကရင်ချောင်းရေတံခွန်ရှိရာ ကျောက်တောင်အတိုင်း ဆက်လက်ထွက်ခွာသွားခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်

အာဆီယံခရီးသွားနှစ် ၂၀၁၇

Visit Asean@50
Southeast Asia feel the warmth
ASEAN
MINISTRY OF HOTELS & TOURISM

# ဝန်းသိုမြို့တည်(၁၀၇၅)နှစ်ပြည့်နှင့် ဝန်းသိုစော်ဘွားကြီး သက်တော်(၁၅၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ဝန်းသိုမြို့၌ ကျင်းပ

**ဝန်းသို ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့တည် (၁၀၇၅)နှစ်ပြည့် အထိမ်းအမှတ်နှင့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် သက်တော်(၁၅၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဝန်းသိုမြို့ ဦးအောင်မြတ် ရုပ်တုရှေ့၌ ကျင်းပသည်။

အထိမ်းအမှတ်ပွဲတော်သို့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဝန်းသိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က ရွှေကြိုး၊ ငွေကြိုးများဖြတ်ကာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ကို ဂုဏ်ပြုသောအားဖြင့် ပန်းစည်းများချအလေးပြုကြပြီး ဝန်းသိုမြို့တွင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများ ကျောင်းသား ကျောင်းသူများက ရိုးရာအကများဖြင့် လှည့်လည်ခဲ့ကြသည်။

ထို့နောက် ဦးအောင်မြတ်ခန်းမတွင် စုဝေးရောက်ရှိကြပြီး မုံရွာမြို့ လမ်း၊ တံတား ဆရာတော်ဦးသူရိယနှင့် ကွန်းလှမြို့ သောဘိတရာမကျောင်း ဆရာတော် ဦးသောဘိတတို့က နှုတ်ခွန်းဆက်စကားမိန့်ကြားကြကာ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုဌာနချုပ်ဥက္ကဋ္ဌ ဦးစိုးငွေအောင်က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်က ကျေးဇူးတင်စကားပြောကြားကာ မြို့မိမြို့ဖဆရာကြီး ဦးသန်းရွှေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ဆရာမဒေါ်တင်ထားရီက ပွဲတော်ဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့ရပုံများကို ရှင်းလင်းပြောကြားပြီး ဝန်းသိုမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဝန်းသိုညီမှိုင်းက စော်ဘွားကြီးဦးအောင်မြတ် လက်တန်းရေးစပ်ခဲ့သော ကဗျာတစ်ပုဒ်နှင့် ကုသိုလ်တော်စာတမ်းကိုဖတ်ကြားသည်။

ဆက်လက်၍ နန္ဒချစ်ထွန်း(ရှမ်းနီ)မိုးညှင်းက သေသော်လည်း မမေ့ စာတမ်းကိုဖတ်ကြားပြီး ရှမ်းနီနွယ်ဖွား လူငယ်များအဖွဲ့ချုပ်သမိုင်းစာတမ်းကို ယဉ်ကျေးမှုသုတေသနအဖွဲ့မှူး စိုင်းစေခမ်းဖက ဖတ်ကြားကာ ရိုးရာအကအဖွဲ့များက အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး သရုပ်ဖော်ပုံပြောပြိုင်ပွဲကျင်းပ

**မူဒုံ ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် မုဒုံမြို့တွင် ပညာရေး ဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး သရုပ်ဖော်ပုံပြောပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည် မြှင့်မားစေရေးအတွက် ကျောင်းစာအပြင် အခြားဗဟုသုတရမည့် စာပေများကို လေ့လာဖတ်ရှုနိုင်ရေးနှင့် စာဖတ်ခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းခဲ့သည်။

ထို့နောက် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး သရုပ်ဖော်ပုံပြောပြိုင်ပွဲကိုကျင်းပရာ မုဒုံမြို့ပေါ်ရှိ ကျောင်း ငါးကျောင်းမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းထက်(မုဒုံ)**

# ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့်"ထွန်းဖောင်ဒေးရှင်းစာပေ ဆု" ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်း စာပေဆု များ ချီးမြှင့်ရန်ရွေးချယ်ထားသည့် စာအုပ်/စာမူများစာရင်းကို ဇန်နဝါရီ ၁၄ ရက်က ထုတ်ပြန်ကြေညာသည်။

၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေ ဆုရှင်များအဖြစ် ဆရာကြီး စည်သူဒေါက်တာသော်ကောင်း နှင့် ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

စီးပွားရေးစာပေဆုတွင် သံအမတ်ကြီး ဦးလှမောင် (ဘောဂ)ရေးသားသည့် ကမ္ဘာ့ငွေရေးကြေးရေးနှင့် စီးပွားရေးအကျပ်အတည်းများ၊ ကျန်းမာရေးစာပေဆုတွင် ဒေါက်တာဝင်းထိုက်ကြည်ရေးသားသည့် နား၊ နှာခေါင်း၊ လည်ချောင်း၊ လည်ပင်းရောဂါသိကောင်းစရာ၊ ကလေးစာပေဆုတွင် သိပ္ပံစိုးမြင့်နိုင်ရေးသားသည့် သားလေးအိပ်ချိန် ကလေးကဗျာများ၊ လူငယ်စာပေဆုတွင် ဇေယျာသူ ရေးသားသည့် ငန်းနက်နှင့် နှံကောင်၊ အတ္ထုပ္ပတ္တိစာပေဆုတွင် ခင်သန်းဖြူ ရေးသားသည့် မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင် ပန်းချီဆရာကြီး ဦးစန်းလှိုင်၊ သမိုင်းစာပေဆုတွင် ကံလှ (ငါန်းဇွန်)ရေးသားသည့် မြန်မာ့မြေယာအုပ်ချုပ်ပုံသမိုင်း၊ ယဉ်ကျေးမှုစာပေဆုတွင် ရွှေရိုး(မန္တလေး) ရေးသားသည့် မင်းတုန်းမင်းမြို့နန်းမတည်မီက မန္တလေးနှင့် ကျော်သူရိန်(ပန်းချီနည်းပြ)ရေးသားသည့် ၁၃ ရာစုနှောင်းပိုင်းမှ ၁၉ ရာစုအစောပိုင်းအထိ ကမ္ဘာ့ပန်းချီသမိုင်း၊ ရှေးဟောင်းကျမ်းစာပေဆုတွင် လှိုင်ထွန်းနိုင်ရေးသားသည့် မဟာမှိုင်း၏ ဆယ်ကုဋေကျော် ဋီကာ၊ ရည်ညွှန်းစာပေဆုတွင် မောင်ဇေယျာ ရေးသားသည့် ရှင်ကျော်(၁၀၀)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် သစ်ရိုင်းရေးသားသည့် ကိုလိုနီခေတ်လွန် မြန်မာ့သစ်တောစီးပွားရေးတစေ့တစောင်း၊ သုတပဒေသာဘာသာရပ်တွင် သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း(ငြိမ်း)ရေးသားသည့် ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများ၊ စာပဒေသာဘာသာရပ်တွင် ခင်မောင်တင် (မဟာဝိဇ္ဇာ)၏ နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန် ဘဝခရီးစာအုပ်တို့က ရရှိကြပြီး အတ္ထုပ္ပတ္တိစာပေဆု(အင်္ဂလိပ်)တွင် Junior Win ရေးသားသည့် A Memory of My Grandparents၊ သုတပဒေသာစာပေဆု(အင်္ဂလိပ်) တွင် Professor Dr.Tin Aung Aye ရေးသားသည့် Constitutions and Constitutional Courts of the Nations တို့က ရရှိကြ သည်။

စာမူဆုအတွက် ကလေးစာပေဆုတွင်(လူမွန်-ပခုက္ကူ) ရေးသားသည့် ကေဂျီတန်းမှာ ပျော်စရာကလေးကဗျာများ၊ ယဉ်ကျေးမှုစာပေဆုတွင် (မောင်မောင်ချစ်ဦး-မုံရွာ)ရေးသားသည့် အင်းလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ သုတပဒေသာဘာသာရပ်တွင် ဒေါက်တာ စိုးနိုင် ရေးသားသည့် ဆရာဇော်ဂျီ၏ စကားပြေရေးဟန်၊ ကျန်းမာရေးစာပေဆု(အင်္ဂလိပ်) တွင် Dr.Aye Kyaw (Medical Research) ရေးသားသည့် "JENESYS" Food Safety Research Expedition တို့က ရရှိကြသည်။

(၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုအတွက် ဆုငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်း အမှတ်တံဆိပ်ပါ ရွှေတံဆိပ်ကို ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်ပါမည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့်အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီလအတွင်း ကျင်းပရန် လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုရိပ်သာအိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှ စတင်၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဇန်နဝါရီ ၁၆ ရက်က တောင်တွင်းကြီးဘူတာ၌ ရပ်ကွက်သူ ရပ်ကွက်သားများအား ရထားများဖြတ်သန်းမောင်းနှင်ရာတွင် ရထားနှင့် ကျွဲ၊နွားများ တိုက်မိမှုဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ လူနှင့် တိရစ္ဆာန်များ ရထားကြိတ်မှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရ၊ သေဆုံးသည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ မှုခင်းများ မဖြစ်ပွားစေရေးနှင့် ရထားအား ခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများအရေးယူခံရမည့် ပြစ်ဒဏ်များကို ရထားရဲတပ်ဖွဲ့ အမှတ် (၁၈) တပ်ခွဲ တောင်တွင်းကြီး တပ်ခွဲမှူး ရဲအုပ် စန်းထူးနိုင်နှင့် တပ်စုမှူး ဒု-ရဲအုပ် ဇော်လွင်ဦးတို့က ဟောပြောဆွေးနွေးစဉ်။ (ရထားရဲတပ်ဖွဲ့)



ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ခွဲ ဟသ်ာတ တပ်ခွဲမှူး ရဲအုပ်စိုးလွင် ဦးဆောင်သောတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများသည် ဇန်နဝါရီ ၁၆ ရက်က ဟသ်ာတဘူတာသန့်ရှင်းသာယာလှပစေရေးအတွက် ဘူတာယာဒ်ဝန်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ (ရထားရဲတပ်ဖွဲ့)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# အစိုးရရှေ့နေလိုက်ပါဆောင်ရွက်သောအမှုတွင် ရှေ့နေတစ်ဦးအား ငှားရမ်းလိုက်ပါစေခဲ့သော်

မောင်စာဂ

**အစိုးရရှေ့နေဟူသည်**

အစိုးရရှေ့နေဆိုသည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၂ အရ ခန့်ထားသည့် မည်သူ့ကိုမဆို ဆိုသည်။ ထို့ပြင် အစိုးရရှေ့နေ၏ ညွှန်ကြားချက်အရ ဆောင်ရွက်သူနှင့် တရားလွှတ်တော်၌ ပြစ်မှုဆိုင်ရာ မူလအမှုစီရင်ရာတွင် အစိုးရကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်သူလည်းပါဝင်သည်။ [ပြစ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၄(၁)(န)]

အစိုးရရှေ့နေဆိုသည်မှာ ပြည်ထောင်စုရှေ့နေချုပ်က ခန့်အပ်တာဝန်ပေးသည့် ဥပဒေအရာရှိကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်က သီးခြားတာဝန်ပေးသည့် ပုဂ္ဂိုလ်ကိုလည်းကောင်းဆိုသည်။ [ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ၊ နည်း - ၂(ခ)]

**ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ တို့တွင် ပြဋ္ဌာန်းထားသည်။

အစိုးရရှေ့နေများဖြစ်ကြသော ဥပဒေအရာရှိများ၏ အမှုလိုက်လုပ်ငန်းဆိုင်ရာများသည် ကျယ်ဝန်းနက်ရှိုင်းသည်။ အဆင့်ဆင့်ဆောင်ရွက်ရမှု များပြားသည်။ ကြိုးစားအားထုတ်ကြရသည်။ ဤမျှများပြားလှသော လုပ်ငန်းတာဝန်များထဲမှ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သောအမှုတွင် တိုင်တန်းသူတရားလို သို့မဟုတ် နစ်နာသူက ရှေ့နေငှားရမ်းပြီး အမှုလိုက်ပါဆောင်ရွက်စေလိုလျှင် ဆောင်ရွက်ရမည့်နည်းလမ်းနှင့်စပ်လျဉ်း၍ မျှဝေပေးလိုသည်။

**ဥပဒေပြဋ္ဌာန်းချက်**

အစိုးရရှေ့နေသည် မိမိတာဝန်ယူရသည့် မည်သည့်အမှုတွင်မဆို ပြုလုပ်မှုသည် စုံစမ်းစစ်ဆေးမှု သို့မဟုတ် အယူခံမှု၌ အမိန့်စာမပါဘဲ မည်သည့်တရားရုံးရှေ့မဆို ရောက်ရှိ၍ အမှုလိုက်ပါဆောင်ရွက်လျှောက်လဲနိုင်သည်။

ထို့ပြင် အဆိုပါအမှုမျိုးတွင် တစ်ဦးတစ်ယောက်က အခြားတစ်ဦးကို မည်သည့်တရားရုံးတွင်မဆို အမှုစွဲဆိုရန် ရှေ့နေတစ်ဦးကို ငှားရမ်းလျှင်လည်း အစိုးရရှေ့နေကပင် တရားစွဲဆိုမှုကို ဆောင်ရွက်ရမည်။ ငှားရမ်းသည့်ရှေ့နေသည် ထိုအမှုတွင် အစိုးရရှေ့နေ၏ ညွှန်ကြားမှုများအရ ဆောင်ရွက်ရမည်။ [ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၃]

ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ အမှုတွင် တရားလိုဘက်မှ ငှားရမ်းသည့် ရှေ့နေအား ဥပဒေနှင့်အညီ ကြီးကြပ်ရသည်။ [ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေ ပုဒ်မ ၃၆(ဍ)]

ဥပဒေအရာရှိများ လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာမူလမှုများတွင် တိုင်တန်းသူတရားလို သို့မဟုတ် နစ်နာသူအမှုသည်က ရှေ့နေငှားရမ်းပြီး လိုက်ပါဆောင်ရွက်စေလိုလျှင် ခွင့်ပြုချက်ရရန် သက်ဆိုင်ရာဥပဒေရုံးသို့ လျှောက်ထားရသည်။ ထိုသို့ လျှောက်ထားရာတွင် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ထားသော လျှောက်လွှာနှင့်အတူ ပြင်ပရှေ့နေက သက်ဆိုင်ရာတရားရုံးတွင် တင်သွင်းမည့် ရှေ့နေကိုယ်စားလှယ်စာကို ပူးတွဲတင်ပြရမည်။ [ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ၊ နည်း - ၁၁၅]

**အဘယ်ကြောင့်ပြင်ပရှေ့နေကို ငှားရမ်းကြသနည်း**

ပြစ်မှုဆိုင်ရာမူလအမှုများ၊ အယူခံမှုများနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေအရာရှိများသည် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ကြရသကဲ့သို့ ယင်းအမှု၏ တရားလို သို့မဟုတ် နစ်နာသူ၏ ကိုယ်စားလည်း လိုက်ပါဆောင်ရွက်ရသည်။ တရားလို သို့မဟုတ် နစ်နာသူက ယင်းတို့ ကိုယ်စားလိုက်ပါဆောင်ရွက်ပေးသည့် ဥပဒေအရာရှိကို အခကြေးငွေတစ်ပြားတစ်ချပ်မှမပေးရပါ။ ဥပဒေအရာရှိများသည် နိုင်ငံတော်က လစဉ်ထုတ်ပေးသည့်လစာကို ရရှိခံစားနေရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။

သို့ဖြစ်ပါလျက် အဘယ်ကြောင့် အခကြေးငွေ အကုန်အကျခံပြီး ပြင်ပရှေ့နေကို ငှားရမ်းကြပါသနည်း။ လက်တွေ့သဘောအရ ယေဘုယျအားဖြင့် အချက်သုံးချက်ကို ရှာဖွေတွေ့ရှိရသည်။

ပထမအချက်မှာ ပြစ်မှုတစ်ခုဖြစ်ပြီဆိုလျှင် တရားခံက ရှေ့နေငှားသည်။ တရားလို သို့မဟုတ် နစ်နာသူကလည်း အားကျမခံရှေ့နေငှားသည်။ သူ့အတွက် ဥပဒေအရာရှိက အမှုလိုက်ပါ ဆောင်ရွက်ပေးလိမ့်မည်ကို သူမသိ၍ ဖြစ်သည်။ သိသည့်အချိန်တွင် ငှားပြီးဖြစ်သွားသည်။

ဒုတိယအချက်မှာ တရားလိုသည် သူ့အတွက် ဥပဒေအရာရှိက အမှုလိုက်ပါဆောင်ရွက်ပေးလိမ့်မည်ကို သိသည်။ သို့ရာတွင် မှန်မှန်ကန်ကန်ဖြစ်ပါ့မလားဆိုပြီး သံသယတွေဝင်သည်။ ဥပဒေ အရာရှိကို အားမရ၊ ထို့ကြောင့် ရှေ့နေတစ်ဦးကို ငှားရမ်းသည်။

တတိယအချက်မှာ တရားလိုသည် အမှုလိုက်ပါဆောင်ရွက်ပေးမည့် ဥပဒေအရာရှိကို ယုံကြည်သည်။ သို့သော် အမှုကိုပို၍အားကောင်းစေချင်သည်။ ဥပဒေအရာရှိကို အထောက်အကူပေးလိုသည်။ ထို့ကြောင့် သူတင်ပြလိုသည့် ဥပဒေအချက်အလက်၊ ကြောင်းခြင်းရာ အချက်အလက်တို့ကို ရှေ့နေကတစ်ဆင့် ဥပဒေအရာရှိသို့ သိရှိစေခြင်းငှာ ရှေ့နေကို ငှားရမ်းသည်။

**အားကိုးအားထားပြုထိုက်သည့် စီရင်ထုံးတစ်ခု**

ဒေါ်မြမြထွေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၃ (၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၂၉) အမှုကို လေ့လာဖတ်ရှုမိသည်။ တရားလိုသည် အသတ်ခံရသူဦးတောက်ထွန်း၏ ယောက်ဖဖြစ်သူဦးလှမြင့် ဖြစ်သည်။ အသတ်ခံရသူ၏ဇနီးမှာ ခင်ပွန်းအားသတ်သူတရားခံနှင့် လူမှုရေးဖောက်ပြန်နေသူဖြစ်ကြောင်းနှင့် နောက်တိုးတရားခံအဖြစ် ထည့်သွင်းရန် လျှောက်ထားခံနေရသူ ဖြစ်သည်။ အသတ်ခံရသူဦးတောက်ထွန်း၏ ညီမ ဒေါ်မြမြထွေးသည် တရားလိုပြသက်သေအဖြစ်ပါဝင်သည်။ ပြင်ပရှေ့နေ ဒေါ်သီတာမမ (တရားလွှတ်တော်ရှေ့နေ) အား ငှားရမ်းသူသည် ဒေါ်မြမြထွေးဖြစ်သည်။

ဒေါ်မြမြထွေးက ၎င်းငှားရမ်းထားသော ရှေ့နေဒေါ်သီတာမမအား ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် ပူးတွဲလိုက်ပါခွင့်ပြုရန် လျှောက်ထားမှုအပေါ် ခရိုင်ဥပဒေအရာရှိက ထောက်ခံတင်ပြသဖြင့် ခရိုင်တရားရုံးက ၄-၉-၂၀၁၃ ရက်နေ့တွင် လိုက်ပါဆောင်ရွက်ခွင့်ပြုခဲ့သည်။

တရားခံအား စစ်ဆေးမည့် ၁၂-၉-၂၀၁၃ ရက်နေ့တွင် တရားခံ၏ရှေ့နေက သက်သေဖြစ်သူ ဒေါ်မြမြထွေးငှားရမ်းသည့် ရှေ့နေကို တရားလို၏ သဘောတူညီချက်မရှိဘဲလိုက်ပါဆောင်ရွက်ခွင့် မပြုသင့်ကြောင်း ကန့်ကွက်လျှောက်ထားသဖြင့် ကြားနာခဲ့သည်။ ထို့နောက် ခရိုင်တရားရုံးက တရားလိုဘက်မှ ပြင်ပရှေ့နေငှားရမ်းလိုက်ပါဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသည့် အချက်တွင် တရားလို သို့မဟုတ် နစ်နာသူတစ်ဦးက ငှားရမ်းခြင်း သဘောတူညီချက်ရပြီးမှသာ လိုက်ပါဆောင်ရွက်ခွင့်ပြုသင့်သည်ဟု သဘောရရှိကြောင်း၊ အထက်ပါအချက်များကို ပြည့်စုံစွာ ဆောင်ရွက်ပြီးမှသာ လိုက်ပါဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ၁-၁၀-၂၀၁၃ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။

ခရိုင်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်သို့ ပြင်ဆင်မှုတင်ခဲ့သည်။ တိုင်းဒေသကြီး တရားလွှတ်တော်က ခရိုင်တရားရုံး၏ ၄ - ၉ - ၂၀၁၃ ရက်နေ့က ချမှတ်သော အမိန့်နှင့် ၁ - ၁၀ - ၂၀၁၃ ရက်နေ့က ချမှတ်ခဲ့သောအမိန့်များကို ပယ်ဖျက်ကာ ပြင်ဆင်မှုကိုပလပ်ခဲ့သည်။ ဒေါ်မြမြထွေးက မကျေနပ်သဖြင့် ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းဖြစ်သည်။

**တရားလို သို့မဟုတ် နစ်နာသူဆိုသော စကားရပ်၏အဓိပ္ပာယ်**

တရားလိုဟူသော စကားရပ်မှာ ရှင်းပါသည်။ အမှုကိုတိုင်ကြားသူ၊ တရားလိုအဖြစ် တရားစွဲဆိုသူကို တရားလိုဟုခေါ်ဆိုသည်။ နစ်နာသူဆိုသော စကားရပ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄ / ၈၉ တွင် ပါရှိသော ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုသည်မှာ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာ ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။

ထို့ပြင် ကိုယ်တိုင်ထိခိုက်နစ်နာခြင်းခံရသူဆိုသည့် စကားရပ်နှင့်စပ်လျဉ်း၍ မောင်မြဟန်ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် [၁၉၆၅-၁၉၇၀ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ စာ-၃] အမှုတွင် ထိုနည်းတူ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်က ကြားနာခဲ့သည့် ဒေါ်မြမြထွေးအမှုတွင် 'နစ်နာသူ' ဆိုသော စကားရပ်အပေါ် အဓိကအငြင်းပွားခဲ့သည်။ ဒေါ်မြမြထွေးသည် တရားလိုလည်းမဟုတ်၊ အသတ်ခံရသူ၏ ဇနီးသားသမီးလည်းမဟုတ်၊ ထို့ကြောင့် အထက်ပါအနက်အဓိပ္ပာယ်ဖွင့်ဆိုထားချက်များအရ နစ်နာသူမဟုတ်၍ ပြင်ပရှေ့နေငှားရမ်းလိုက်ပါ ဆောင်ရွက်ခွင့်မရှိဟူသော ပြဿနာဖြစ်သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြားနာစစ်ဆေးဆဲအမှုများ ပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အမိန့် ၄/၈၉ အပိုဒ် ၆ တွင် ဖော်ပြချက်မှာ 'ကိုယ်တိုင်ထိခိုက်နစ်နာသူ' ဆိုသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ 'နစ်နာသူ' ဆိုသောစကားရပ်ကို လွတ်ငြိမ်းချမ်းသာခွင့်နှင့်စပ်လျဉ်း၍ လမ်းညွှန် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အမှုပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဘောင်ခတ်၍ အဓိပ္ပာယ်မဖွင့်ဆိုသင့်ဟု သဘောရရှိသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၃ သည် တရားလိုအကျိုးဆောင် အစိုးရရှေ့နေ၏ လျှောက်လဲပြောဆိုခွင့်ကို ပြဋ္ဌာန်းထားသည့်အပြင် ပုဂ္ဂလိက ငှားရမ်းသော ပြင်ပရှေ့နေများသည် အစိုးရရှေ့နေများ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဆောင်ရွက်ရမည့် အကြောင်းပြဋ္ဌာန်းထားသော ကျင့်ထုံးပုဒ်မဖြစ်သည်။

ပြင်ပပုဂ္ဂိုလ်က ငှားရမ်းသော ရှေ့နေများသည် တရားလိုဘက်က အမှုလိုက်ပါလိုပါက အစိုးရရှေ့နေက ခွင့်ပြုမှသာ လိုက်ပါဆောင်ရွက်ခွင့်ရှိသဖြင့် အစိုးရရှေ့နေအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေအရာရှိအဆင့်ဆင့်၏ ခွင့်ပြုချက်ရမှသာ လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။ ဥပဒေအရာရှိများသည် ပြင်ပရှေ့နေတင်သွင်းလာသော ကိုယ်စားလှယ်လွှဲစာအပေါ်တွင်ဖြစ်စေ၊ သီးခြားစာရွက်ပေါ်တွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၃ နှင့်အညီ ပြင်ပရှေ့နေသည် ဥပဒေအရာရှိ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဥပဒေအရာရှိ၏ ညွှန်ကြားချက်နှင့် အညီ လိုက်ပါဆောင်ရွက်စေရန် သဘောတူခွင့်ပြုနိုင်ကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုခွင့်ပြုသည်။ တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာမမအား ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ချမှတ်ပေးခဲ့သည်။

ဥပဒေအရာရှိများအတွက် အားကိုးအားထားပြုထိုက်သည့် စီရင်ထုံးတစ်ခု ပေါ်ထွက်လာခဲ့ပေပြီဟု ဆိုရမည်သာ။

**ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် လိုက်ပါဆောင်ရွက်ခြင်းဟူသည်**

ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် လိုက်ပါဆောင်ရွက်ခြင်းဆိုသော အချက်နှင့် စပ်လျဉ်း၍ မည်ကဲ့သို့ကြီးကြပ်မှုပြုရမည်နည်း။ ကြီးကြပ်မှုအောက်တွင် မည်ကဲ့သို့ လိုက်ပါဆောင်ရွက်စေရမည်နည်း။ ဤသို့ မေးလာသည့်အပေါ် လက်တွေ့ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များနှင့် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ၊ နည်း ၁၁၈ ပါ ပြဋ္ဌာန်းချက်များကို အကိုးအကားပြု၍ အဖြေပေးလိုသည်။

(၁) ဥပဒေအရာရှိကိုယ်တိုင်ဦးဆောင်၍ သက်သေများကို စစ်ဆေးသည်။ လျှောက်လဲချက်ပေးသည်။ ရှေ့နေက အကြံပေးမှုများ တင်ပြလာလျှင် ယူသင့်က ယူသည်။ မယူသင့်က ဘာကြောင့်ဆိုသည်ကို ရှင်းပြသည်။ ထိုအကြောင်းကို အမှုလိုက်စာတွဲ နေ့စဉ်မှတ်တမ်းတွင် ရေးထားသည်။ တင်ပြချက်ကို အမှုလိုက်စာတွဲတွင် တွဲထားသည်။

(၂) အမှုကိုထိခိုက်နိုင်ဖွယ်မရှိလျှင် ရှေ့နေအား သက်သေအားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကို ဖြစ်စေ စစ်ဆေးစေသည်။ သို့မဟုတ် လျှောက်လဲချက်ပေးစေသည်။ ထိုသို့ ဆောင်ရွက်စေသမျှ ဥပဒေအရာရှိ၏ ကြီးကြပ်မှု၊ အကြံပေးမှု၊ ညွှန်ကြားမှုအောက်တွင်သာ ဖြစ်စေရသည်။ အမှုလိုက်စာတွဲတွင် မှတ်တမ်းတင်ထားရသည်။

(၃) ပြင်ပရှေ့နေက ရဲစခန်းအမှုတွဲကို လေ့လာကြည့်ရှုခွင့်တောင်းခံလာပါက ရုံးချိန်အတွင်းရုံးတွင်းမှာ ခွင့်ပြုသည်။ ရုံးပြင်ပယူဆောင်သွားခြင်းခွင့်မပြုပါ။

(၄) တရားသေလွှတ်မိန့် အယူခံမှုများတွင်ဆိုပါက ဥပဒေအရာရှိကိုယ်တိုင် လျှောက်လဲချက် ပေးသည်။ ပြင်ပရှေ့နေ၏ အကြံပြုချက်များ တင်ပြချက်များ ယူသင့်ကယူသည်။

(၅) အမှုကိုမထိခိုက်စေလျှင် ရှေ့နေအား လျှောက်လဲခွင့်ပြုစေသည်။ မိမိ၏ညွှန်ကြားချက်ဖြင့် ရေးသားသော လျှောက်လဲချက်ဖြစ်စေသည်။ ဥပဒေအရာရှိက သဘောတူကြောင်း လက်မှတ်ရေးထိုးရသည်။

**လိုက်ပါဆောင်ရွက်ခွင့်ရရှိသည့် ရှေ့နေအတွက် သတိမူဖွယ်**

တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရရှိသည့် ရှေ့နေသည် အမှုလိုက် ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ လိုက်ပါဆောင်ရွက်ရမည်။ သက်သေအား စစ်မေးလိုသည့် အချက်အလက်များနှင့် တင်ပြလိုသည့်စပ်ဆိုင်သော အကြောင်းအချက်များကို စာဖြင့်ရေးသား၍ အမှုလိုက်ဥပဒေအရာရှိထံ တင်ပြရမည်။ အမှုလိုက်ဥပဒေအရာရှိ၏ ခွင့်ပြုချက်မရှိဘဲ တရားရုံး၌ သက်သေစစ်မေးခြင်း၊ သက်သေခံအထောက်အထား တင်သွင်းခြင်းနှင့် တရားရုံးတွင် တင်ပြလျှောက်လဲခြင်းများမပြုရပါ။ [ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ၊ နည်း - ၁၁၇]

**ရှေ့နေအဖြစ် လိုက်ပါခွင့်ပြန်လည်ရုပ်သိမ်းနိုင်သည်**

ခွင့်ပြုချက်ဖြင့် လိုက်ပါဆောင်ရွက်လျက်ရှိသော ရှေ့နေသည် အမှုနှင့်စပ်လျဉ်း၍ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ဆောင်ရွက်သည်ကို တွေ့ရှိလျှင် ယင်းရှေ့နေအား တရားလို အကျိုးဆောင်အဖြစ် လိုက်ပါခွင့်ကို ပြန်လည်ရုပ်သိမ်းကြောင်း တာဝန်ခံဥပဒေအရာရှိက တရားရုံးသို့ တင်ပြလျှောက်ထားရသည်။ တစ်ဆက်တည်းပင် ယင်းရှေ့နေအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အရေးယူနိုင်ရေးအတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ အဆင့်ဆင့်တင်ပြရသည်။ [ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ၊ နည်း - ၁၁၉]

**ဥပဒေအရာရှိ၏ တာဝန်လျှော့ပေါ့သွားမည်မဟုတ်**

ဥပဒေအရာရှိများသည် မိမိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ အမှုများတွင် ပြင်ပရှေ့နေ ငှားရမ်း၍ လိုက်ပါဆောင်ရွက်ရခြင်းမျိုး ကြုံတွေ့လာရသည့်အခါ မိမိ၏တာဝန်လျှော့ပါးသွားသည်ဟု သဘောထားကြရန်မဟုတ်။ ပို၍သတိထားကြရသည်။ အမှန်တော့ မိမိအား အထောက်အကူပြုရရှိသည့်အတွက် ကျေနပ်စရာဖြစ်သည်။ သို့ရာတွင် ဥပဒေကြောင်းအရ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပိုမိုလွန်ကဲစွာဖြစ်သွားခြင်း၊ လျော့နည်းပေါ့လျော့စွာ ဖြစ်သွားခြင်းမျိုး မပေါ်ပေါက်ရအောင် ပို၍ဂရုစိုက်ရသည်။ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ မျှမျှတတဖြစ်စေဖို့က အရေးကြီးသည် ပြစ်မှုဆိုင်ရာအမှုများကို နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက်ရန် မိမိတို့အားယုံကြည်စွာဖြင့် နိုင်ငံတော်ကခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သည်။

မည်သည့်အခြေအနေ အကြောင်းကြောင်းကြောင့်ဖြစ်စေ မိမိလိုက်ပါဆောင်ရွက်သော အမှုများတွင် ပြင်ပရှေ့နေငှားရမ်းလိုက်ပါ ဆောင်ရွက်ခြင်းများရှိခဲ့သော် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် မျှမျှတတ ဖြစ်စေဖို့ တာဝန်သည် မိမိတွင်အစဉ်အမြဲရှိနေရမည့် တာဝန်ဖြစ်သည်ကို မေ့လျော့မသွားကြစေဖို့ မေတ္တာဖြင့် မျှဝေလိုက်ပါသည်ခင်ဗျား။

# "အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မှ
စတုတ္ထမြောက် နိုင်ငံအဝန်းဆက်သွယ်ရေး အော်ပရေတာ လိုင်စင်အား
Myanmar National Tele & Communications Co.,Ltd. သို့ ၁၂.၁.၂၀၁၇ ရက်နေ့တွင်
ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

OT OKKAR THIRI Co. Ltd.
SINCE 1998 WE CARE

**YCTC**
Business Institute

UK မှ International Qualifications Network (IQN) နှင့် Edinburgh Napier University တို့မှ
အသိအမှတ်ပြုချီးမြှင့်သည့် Single Subject Diploma သင်တန်းများ
ထူးချွန်ကျောင်းသား/သူများအတွက် Exam Fees ကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေး
C.B Bank မှ (၆)လ Installment ဖြင့် အရစ်ကျပေးသွင်းနိုင်ပါသည်။

**Diploma in International Financial Reporting**
[Saturday Only (4 Months)]
Daw Htay Htay Myint
(B.Com(Hons)., M.Com)
(4:30 PM to 7:30 PM)
(21st January) ဖွင့်မည်။

**Diploma in Human Resource Management**
[Saturday Only (4 Months)]
Daw Yan Yan Myo Naing
B.com (Hons)., M.com.,
Ph.D (Candidate)
(1:00 PM to 4:00 PM)

4th February ဖွင့်မည်။

**Diploma in Marketing**
[Saturday Only (4 Months)]
Asst.Prof. Win Min Thein
(ဆရာKevin)
(M.Sc (B' mouth, UK).,
PhD (Candidate)
(4:00 PM to 7:00 PM)

No.24, Yaw Min Gyi Street, Dagon Tsp, Yangon. Tel : (01) 393076, (09) 420 118 100, (09) 250 640 429


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-B)ပေါ်ကိုအောက်မြေကွက်အမှတ်(၂၉)ဖေါ်ပြပါ ၈-ထပ်ဂရန်ကာမြေကွက်ဟာ ညီနေရာအမှတ်(၁၉၂) ရှိမြေလေးအပေါ် ကိုယောက်ရပ်ကွက်အင်းစိန်မြို့နယ်ဦးဘိုမြင့်စေဘင်အပေါ်ကိုယ် ပုရှင်တွေ (B) မြေအားမှန်ကန်မြောက်ပိုင်းနေရှိတာရားရုံးတရားမကြီးမှုအမှတ်-၁၅၄/၁၂ ဖြင့်ဖြစ်နှင့်ဖြ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ၈-၃-၂၀၁၃ ရက်စွဲပါ တရားရုံးဒီရင်ချက်၊ တရားမဆောင်မှုအမှတ်-၃၁/၁၃ ဖြင့် ဘိလပ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့် ၅-၇-၂၀၁၆ ရက်စွဲပါ တရားရုံးရေးစဉ်မှတ်တမ်း၊ ၆-၉-၂၀၁၆ ရက်နေ့ဘိလပ်ခန့်အပ်စာထောင်ပြီး ဘိလပ်ပေါ် ချုပ်စုဝင်း(၁၂/ဥကမ(နိုင်)၂၃၁၀၁၉)မှ ၃(က)သက်မှတ်လျှောက်ထားလာရာ တရားဝင်နိုင်ရုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


# " ဝိရှေ့စင် " ပိုးထည်

## ဆိုင်ဖွင့်လှစ်ခြင်း(၈)နှစ်ပြည့်အထူးဈေးရောင်းပွဲတော်ကြီး

(Big Sales 20% to 50% Off)

"ဝိရှေ့စင် ပိုးထည်" ၏ ဆိုင်ဖွင့်လှစ်ခြင်း (၈)နှစ်ပြည့် အထူးဈေးရောင်းပွဲတော်ကြီးကို ဝိရှေ့စင် ချစ် Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် (၂၀-၁-၂၀၁၇ မှ ၂၄-၁-၂၀၁၇)အထိ ၅ ရက်တိုင်တိုင် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း "ဝိရှေ့စင်" ချစ်မိတ်ဟောင်းမိတ်သစ် Customer များကို သတင်းကောင်း ပါးအပ်ပါသည်။ အထူးကံစမ်းမဲအစီအစဉ်များလည်းပါရှိပါသည်။ အားပေးမှုကို ကျေးဇူးအထူး တင်ရှိပါသည်။

နေရာ။ ။အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီးမိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။
ဖုန်း - ၀၉ ၅၁၁ ၂၅၀၆၊ ၀၉ ၄၀၀၀ ၂၈၈၇၇၊ ၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၃၄၄၅၅၃


ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ရောင်းမည်

ပန်းဥယျာဉ်လမ်း၊ ၅ ရပ်ကွက်၊ ၉ မိုင်၊ မရမ်းကုန်း၊ ပေ(၆၀×၆၀)၊ BN၊ ရေ မီတာ၊ အုတ်တံတိုင်းခတ်ပြီး။

**သိန်း(၁၃၇၀)**

**ဖုန်း-၀၉-၇၉၅၁၈၀၇၂၀**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ မူးကမ်းကြီးအုပ်စု၊ မူးသစ်ကျေးရွာနေ အဖ ဦးခင်မောင်ဌေး- အမိ ဒေါ်ကြည်ခင်တို့၏သမီး[၅/ဒပယ(နိုင်)၁၂၉၅၀၂] ကိုင်ဆောင်သူ မသန္တာဝင်း(ခ)မိကိတ်သည် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများအား စိတ်ဆင်းရဲအောင် ပြုလုပ်သွားသောကြောင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးခင်မောင်ဌေး**
**[၅/ဒပယ(နိုင်)၀၂၈၈၃၆]**

## ပျောက်ဆုံးကြောင်း

ဦးလှဝင်း[၁၂/သဃက(နိုင်)၁၂၅၂၁၅]ပိုင် ဆိုင်ခန်းမှတ်ပုံတင်စာအုပ် (အနီ) ဆိုင်အမှတ်-၄၄၂ (စာအုပ်အမှတ် S ၁၅၁၇၃)နှင့် အမှတ်-၄၄၄ (စာအုပ်အမှတ် S ၁၅၄၂၉) ဒုတိယထပ်၊ အဆင့်မြင့်မင်္ဂလာဈေး စာအုပ်နှစ်အုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဦးလှဝင်း**

**ဖုန်း-၀၉-၄၄၈၀၄၀၃၉၇**

## သက်ဆိုင်သူများကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၇၈)နေ ဒေါ်ပို့ပို့အောင်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သစ်တောင့်အုပ်စု၊ ဘုရားလေးကုန်းကျေးရွာနေ ဦးကံညွန့် (၉/ညဥန (နိုင်) ၀၉၂၇၀၀) ကိုင်ဆောင်သူနှင့် ဒေါ်ဆောင် (၉/ညဥန (နိုင်) ၀၉၂၃၃၁) ကိုင်ဆောင်သူတို့ထံမှ ကွင်းအမှတ်-၁၃၄၂-ဆီတက်ကံ၊ ဦးပိုင်အမှတ်-၁၀၀/၂ နှင့် ကွင်းအမှတ်-၁၃၄၂-ဆီတက်ကံ၊ ဦးပိုင်အမှတ်-၁၀၁/၁၊ ဧက(၁.၀၂)ဧက (ဝင်း၅)ဧကတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် (၅-၁-၂၀၁၇)ရက်နေ့တွင် "နှစ်ဦးသဘောတူလယ်မြေလုပ်ပိုင်ခွင့်နှင့်အကျိုးခံစားခွင့်အရောင်းအဝယ်စရံပေး စာချုပ်"အား ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ထားသော လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာချုပ်မူရင်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေငြာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်ပို့ပို့အောင် ၏ ညွှန်ကြားချက်အရ -

ဦးထွန်းသန့်ဇင်အောင်
တရားလွှတ်တော်ရှေ့နေ
စဉ်-၀ရ၀၉
ဖုန်း - ၀၉-၅၁၅၁၀၄၀၃

ဒေါ်သက်ဝေစိုး( LL.B)
(အထက်တန်းရှေ့နေ)(စဉ်-၄၄၅၁၇)

အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။


The Big 10 CELEBRATION
Ocean SUPERCENTER
ဆယ်စုနှစ်အထိမ်းအမှတ်
Ocean Supercenter အပါအဝင် Center အတွင်းရှိ ဆိုင်ခန်းများမှ
ကျပ် ၃၅,၀၀၀ ဖိုးဝယ်ယူရုံဖြင့် ကျပ် (၁၀)
20th January ~ 2nd February, 2017
Capacity : 151L
Type : Semi Automatic Defrosting
Features : Mechanical Temperature
Dimension : 52x59x112cm
Wattage : 120Watt
Warranty : 3year
20% OFF
size : 32inches
Features : HDML-2Port USB-2Port Fully HD
Dimession : 73x44x88cm
Wattage : 65Watt
Warranty : 3year
32"
10% OFF
15% OFF
Type : Single Point Heater
Features : 1 Way Shower Head Water Splesh
Dimession : 29x16x67cm
Wattage : 3500Watt
Warranty : 1year
Features : Ceramic Coated Pan/ Adiustable Temperature Control
Dimession : 42x12x30cm
Wattage : 1500Watt
Warranty : 1year
10% OFF
25% OFF
15% OFF
Features : Non-Stick Pan/ 12inches
Demension : 54x30x30cm Temperglass Cover
Wattage : 1000Watt
Warranty : 1year
Features : Non-Stick Pan/ Temperglass Cover/ Adjustable Temper Glass Control
Wattage : 1000Watt
Warranty : 1year
15% OFF
Features : Creamic Pannel with BBQ Stand Any Pot Usable
Wattage : 2000Watt
1 CITY SELECTION
Bath Towel 24 x 48 in
(Green, Orange Pink, Turquoise)
Ks.5,900 4,700
2 NIBBAN
Electric Fry Pan
EFP-3030CC
Ks.29,000 26,100
3 LUCKY
BBQ & Hot Pot
LHC-214G
Ks.36,600 30,900
4 FARFALLA
Electric Fryer
FEW-CC36
Ks.36,700 31,200
5 SWEETY HOME
TV Stand (TV-206)
600x460x600MM
Ks.48,700 44,700
6 KANGAROO
Infrared Cooker
KG-3851
Ks.65,000 48,800
7 ARISTON
Instant Watet
Heater SB35E
Ks.115,000 97,800
8 MIDEA
1 Door Refrigerator
HS-196L1 (151L)
Ks.180,000 144,000
9 TOSHIBA
LED TV 32in
32L-3650
Ks.264,000 238,000
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice.
While Stocks Last!
အခုလိုတန်တဲ့ ပရိုမိုရှင်းတွေကို အမြဲသိရအောင်
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar
Like ထားလိုက်နော်...


အထူးဈေးရောင်းပွဲကြီး
(၁)ရက်အတွင်းဝယ်ယူထားသော ငွေရှင်းဖြတ်ပိုင်းများကို ပေါင်း၍
သိန်းတန် ဈေးဝယ်ခွင့် ရရှိနိုင်မည့် အခွင့်အရေး
Suprise Gift
စနေ၊ တနင်္ဂနွေနေ့တိုင်း ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များ
Best Choice and Great Deals for Your Family!
LOTTE Chocolate Pie 12's 336g
2,000
Ks.2550
Lipo Cream Cookies -Egg/ Chocolate 135g
1,000
Ks.1,250
ROYAL MYANMAR Tea Mix 30's 600g
15% Off
Buy 1 pc
PLATINUM 3 in 1 White 900g/ Strong 750g
Buy 1, Get 1
Platinum Mag Cup
free
MIRINDA ORANGE/ 7UP/ PEPSI 1.25 ltr
1,000
Buy 2 pcs
SUNKIST - Orage -Sparkling 1500ml
Buy 1, Get 1
SUNKIST Grape 500ml
free
YUM YUM Instant Noodle Thai Style Tom Yum Kung Tom Yum Kung Creamy 5's 300g
Buy 1, Get 1
Tom Yum Kung Creamy 60g
free
CJ 100% Pure Oil Soybean 1.74 Ltr
3,200
Ks.3,750
BETAGEN -Fermented Milk Low Fat 4x85ml / 6x85ml -Assorted Yoghurt 85ml
20%Off
Buy 1pck
MARINA All Items
50%Off
Buy 1pc
CP Chicken/ Pork Smoked 150/ 200/ 250g
20%Off
Buy 1pc
CLEAR Shampoo 340ml
3,250
Ks.3,850
PINTO Dishwashing Liquid Lemon 1800ml
2,600
Ks.3,050
CITY SELECTION Folding Chair Round Stripe / Spot
5,000
Ks.6,500
COGO Bricks Toy
6,800
Ks.8,500
COLGATE Toothpaste Twin 180g
20%Off
Buy 2pcs
COLGATE Toothpaste Twin 180g
2,400
Ks.2850
NORTH POINT(ရန်ကုန်)ဆိုင်ခွဲ
JUNCTION CENTRE (နေပြည်တော်)ဆိုင်ခွဲ
Customer Service Counter

# MEGA
# PROMOTION

## 35% ငွေကျေရင်အခန်းအပ်

AFTER KEY
**လစဉ် 10 သိန်းခန့်**

အတိုးမယူ
**လ 100 ငွေချေစနစ်**


လှိုင်၊ တာမွေ၊
ကမာရွတ်၊ ရန်ကင်း၊
စမ်းချောင်း၊ ငွေဆောင်၊
ကြည့်မြင်တိုင်၊ သင်္ဃန်းကျွန်း၊
စီမံကိန်း 19 ခုမှအခန်းပေါင်း
500 ကျော်ရောင်းမည်

နေ့ရက် ▪ 21,22-Jan-2017
နေရာ ▪ People Park
Myanmar Culture
ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်မုခ်ရှေ့

ဦးဆုံး(30)ခန်းလက်ဆောင်
ပါကေး & AIR-CON

DEVELOPER
i GREEN


ရန်ကုန်တိုင်းဒေသကြီးရှိ အထက်တန်းကျောင်းများတွင် ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်တိုင်တိုင် အောင်ချက်အကောင်းဆုံး Top Ten စာရင်းဝင်ကျောင်း
ဒေါက်တာအောင်ဇော်မိုး(ဒ)ဆရာဇော်မိုး ဦးစီးသော
AUNG ACADEMY PRIVATE SCHOOL
AAPS
အောင်အကယ်ဒမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
ပဌမတန်းမှတက္ကသိုလ်ဝင်တန်းအထိ
နေ့တက်နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ
မောင်ဘုန်းပြည့်ကျော် ဆရက-၄၅၆ (ပဲခူးမြို့)
မောင်မျိုးမင်းသိန်း ဆရက-၅၀၂ (ဗန်းမော်မြို့)
မကေခိုင်ကြွယ် ဆရက-၄၆၅ (တောင်ကြီးမြို့)
မဖြူးမွန်ကြည် ဆရက-၄၆၄ (ရန်ကုန်မြို့)
မမြတ်သီရိကျော် ဆရက-၄၆၂ (ရန်ကုန်မြို့)
မပြည့်ကြည်သာချော ဆရက-၄၇၄ (ရန်ကုန်မြို့)
မဖြူးပွင့်ခြယ် ဆရက-၄၇၅ (ရန်ကုန်မြို့)
မမြတ်သီရိနွယ် ဆရက-၅၃၉ (ရန်ကုန်မြို့)
မစိုးစန္ဒာသော် ဆရက-၅၇၇ (ရန်ကုန်မြို့)
(၆)ဘာသာဂုဏ်ထူးရှင် - ၉ ဦး
(၅)ဘာသာဂုဏ်ထူးရှင် - ၅ ဦး
(၄)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၃)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး
(၂)ဘာသာဂုဏ်ထူးရှင် - ၁၉ ဦး
(၁)ဘာသာဂုဏ်ထူးရှင် - ၂၆ ဦး
အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း
အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း
မြေအမှတ် (၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမ (မိုးကောင်းလမ်းထိပ်) တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃ ၆၆၆၆ ၃၃၊ ၀၉ ၃၁၁၁ ၉၉၉၀
အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း (ကျောင်းခွဲ)
အောင်သစ္စာ ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ
အမှတ်(၇၄/၇၆)၊ မန္တလေးလမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၀၉၄၆၊ ၀၉၇၃၂၄၃၃၃၈


POLO CLUB (ASIA)
RESIDENCE
*** အကောင်းဆုံး ***
အရစ်ကျငွေပေးချေမှုစနစ်
* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ် ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမျှော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms,
cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ
WWW.POLOCLUBASIA.COM
HOTELINES: (09)795889588 | (09)796889688 | (09)797889788
Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.




LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ သွေးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
Certificate TH06/3966.02




## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဝေဇယန္တာလမ်းမ၊ တိုက်အမှတ်(၃၀၄)၊ အခန်းအမှတ်(B-2)၊ ပထမထပ်(၂-လွှာ)ဟုခေါ်တွင်သော( 15'×50' )အကျယ်အဝန်းရှိတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်ချိုလွင်(၁၂/လကန(နိုင်)၀၁၃၀၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကတရားဝင်နိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့်၍ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း၊ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက် အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဦးသန်းညွှန့်( စဉ်- ၃၅၅၀ ) | ဦးအောင်နိုင်ဦး( စဉ် - ၄၂၇၂ ) | ဦးမျိုးညွှန့်( စဉ် - ၅၁၄၂ ) | ဒေါက်တာဆွေဇင်ဟော်( စဉ်- ၉၃၀၀ ) |
| LL.B,C.P.T,C.J.T | LL.B | LL.B,D.B.L | LL.B,LL.M,M.Res,Ph.D |

အထက်တန်းရှေ့နေများ

| | |
|---|---|
| ဒေါ်လှိုင်ယဉ်မွန် ( စဉ် - ၄၀၆၄၈ ) | ဒေါ်အေးသူဇာ ( စဉ် - ၃၈၂၆၄ ) |
| LL.B | LL.B,D.B.L,D.I.L |

အမှတ်(၁)၊ ပင်ရှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၃၀ ၆၅၆၅၆

ဒိုးလေး
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



Aung Thein Than Co.,Ltd
Hot Line: 09799688777
ဆက်သွယ်ရန် - ပိမိုးနင်းလမ်းနှင့် ရန်ကုန် - ပုသိမ်လမ်းဒေါင့်၊လှိုင်သာယာမြို့နယ်။
Tel: 095004831,09 73100850, 09 73100851,01 527203, 02 76469,067 27029
www.aungtheinthanmyanmar.com
Showe Room -Building:F/S(2) ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။
Tel: 01 530893, 536493, 526186, 525671

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## ကြော်ငြာ


**NEW MOTION Travels & Tours**

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ဈေးလျှော့သစ်လွင် ခရီးစဉ်

- ★ ပုဂံ ခရီးစဉ် Feb 10,Mar 1,10,24
- ★ မန္တလေး ခရီးစဉ် Feb 10,Mar 1,10,24
- ★ တောင်ကြီးခရီးစဉ် Feb 10,Mar 1,10,24
- ★ ကလော-လှိုင်ကော်ခရီးစဉ် Feb 10,Mar 1,10,24
- ★ မြဝတီ - မဲဆောက်ခရီးစဉ် Feb 10,Mar 1,10,24
- ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် Feb 10,Mar 1,10,24
- ★ အလောင်းတော်ကဿပခရီးစဉ် Feb 10,Mar 1,10,24

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
**ငါးတနာရှင်**
ကျိုက်ထီးရိုး/ချောင်းသာ
မြဝတီ-ဘားအံ/ငွေဆောင်
မန်းရွှေစက်တော် (Jan30,31)
01-392704, 09 73017110
09795066657,09785066657

ODYSSEY
0973070193, 0973187799

**COHABO**
ချောင်းသာ/ငွေဆောင်
ခရိုက်ငြိမ်း-100000
No-၁၁/၁၃၊ဒုတိယလမ်း...
Ph-09 785161773
09 516 1773

CONCRETE BLOCK & PAVER
SB
0949225855

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
L/C Pa Kha-0052
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဒဂုံစင်တာ(၁)၊ဘီဆောင်-၈၀၁၊မြေနီကုန်း၊စမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မင်းပြားမြို့၊ကျောင်းတောင်အုပ်စု၊ကမ်းနီကျေးရွာ (တတက-၉) နေ ဦးဗိုလ်ကြီး၏ သား ဦးထွန်းသူရိန် (ခ) ဦးချစ်ဦးမောင် ၉/မတရ(နိုင်)၁၂၃၇၇၀ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။
ထွန်းသူရိန်

**Royal Gandamar Travels & Tours**

Hotel (၃)ည ခရီးစဉ်များ

| | |
|---|---|
| တောင်ကြီး-လှိုင်ကော်ခရီးစဉ် | Jan -27, Feb-24, Mar-24 |
| အလောင်းတော်ကဿပ-မန္တလေးခရီးစဉ် | Jan -27, Feb-24, Mar-24 |
| ပုဂံ-ပုပ္ပါး-ရွှေစက်တော် | Jan -27, Feb-24, Mar-24 |

Hotel (၂)ည ခရီးစဉ်များ

| | |
|---|---|
| ထားဝယ်-ရှင်ကိုးရှင်-ပုံဇင်တွန်း ခရီးစဉ် | Jan -27, Feb-24, Mar-24 |
| တောင်ကြီး-ကလော ခရီးစဉ် | Jan -27, Feb-24, Mar-24 |
| ပုဂံ-ပုပ္ပါး-ပခုက္ကူ ခရီးစဉ် | Jan -27, Feb-24, Mar-24 |
| အလောင်းတော်ကဿပ-မုံရွာ ခရီးစဉ် | Jan -27, Feb-24, Mar-24 |

Hotel (၀)ည ခရီးစဉ်များ
အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ-မန္တလေး ခရီးစဉ် 120000 အပတ်စဉ် သောကြာ
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ ခရီးစဉ် 110000 အပတ်စဉ် သောကြာ
လှိုင်ကော်-တောင်ကွဲစေတီ-ကြက်ဂူ ခရီးစဉ် 120000 (Feb-10,24)
ကလော Trekking ပင်းတယ-ရွာငံ ခရီးစဉ် 140000 (Feb-13,24)
မြဝတီ-မဲဆောက်-ဘားအံ ခရီးစဉ် 120000 (Jan-27,Feb-10,24)
ပြင်ဦးလွင်-ကျောက်ဆည်-စီးဒုတ်ရေပြာတိုင် ခရီးစဉ် 120000 (Feb-3,24)

Car Rental Service
45, 33, 29, 22 Seater Aircon Express, 9, 14 Seater VIP Car ...

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533
Office (1)- အမှတ်(၁၀၅/၁၀၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**Mingalar Cinemas**
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၉၉၆၂ ၀၁-၂၄၉၉၆၃ | သွင် ၀၁-၃၇၂၉၄၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မန္တလေး မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | |
| မင်္ဂလာထွန်းသီရိ (မြစ်ကြီး) ၀၉၇၉၁၁၈၃၅၁ ၀၉၇၉၁၁၈၃၅၂ | မင်္ဂလာ ဂမုန်းပွင့် လှည်းတန်း - စံရိပ်ငြိမ် ၀၉ ၇၇၉၀၅၄၆၇၁ ၀၉ ၇၇၉၀၅၄၆၇၂ ၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာ ICON Mall - ပဲခူး ၀၉၄၅၆၆၀၀၀၁၅ ၀၉၄၅၆၆၀၀၀၁၆ | |

ကြိုတင်လက်မှတ်ရောင်းပြီ






**SPRING LINE**
★ Hlaing River Landmark ★

**LAUNCHING HOT SALE 65 UNITS**

- လ ၄၀ အရစ်ကျငွေချေမှုစနစ်
- တစ်နှစ်ကို ၁၃% ပြန်လည်ရရှိမည့်အခွင့်အရေး
- ၇၀% ပေးချေရုံဖြင့် အခန်းအပ်မည်ဖြစ်၍ ကျန်၃၀% ကို ငှားရမ်းခရရှိငွေမှ ပေးချေသွားနိုင်သည်။

ဘိုးဘွားပိုင်မြေ - ဆောက်လုပ်မှုပြီးလုနီး
အဆင့်မြင့် SOHO Condo
USD 150,000 မှစ၍
ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက်
အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township,
Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.

## ကြော်ငြာ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၄၊ တသထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)

RE GD.

ဖောရောင်ခြင်း၊ အိပ်မရခြင်း၊ ဆီးကျိန်ခြင်း **ကွမ်းရှက်ပုံ** ဆေးကောင်း

ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများတွင်မှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

---

RE GD

ဒူးနာ၊ ခါးနာ၊ ကျုံးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောစေ့နာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် **လိမ်း**

မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် **ရှူ**

# ဂမုန်းရှင်

လေငန်းကာကွယ်လိမ်းဆေးရည်

ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို လေထောရချွ ရ လိမ်းပေးရုံဖြင့်

အဖြိုက်ဖြို ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

---

## မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptop တစ်လုံးကိုပိုင်ဆိုင်နိုင်ရန်

Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၅၀၀၀ ကျပ် (Latitude)

Core2Duo, RAM 1GB, HDD 40GB, DVD, WiFi ကို ၈၀၀၀၀ ကျပ် (FMV)

သတိုးအောင်ဇေယျ ကွန်ပျူတာအရောင်းဆိုင်မှ (၃၁. ၁. ၂၀၁၇)အထိ ရောင်းချပေးနေပါပြီ. .

Facebook တွင် TTAZY ဟု ရိုက်လိုက်ပါ. . .

Latitude | FMV

Core2Duo | 40GB HDD | 1GB DDR2 | Win 10 — သိချင်တာအားလုံးကို ရှင်းလင်းစွာဖော်ပြထားပါသည်။

**အရစ်ကျ**စနစ်ဖြင့်ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉၄၄၄၄၆၆၆-၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၉

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း(မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)။ ဖုန်း - ၀၁ ၂၅၀၀၈၄၊ ၀၉ ၅၀၇၁၇၈၉၊ ၀၉ ၄၃၀၈၅၃၁၀
အမှတ်(၆၆/၆၈) တိုက်(က)၊ အခန်း(ဃ)၊ စံရိပ်ငြိမ်မှတ်တိုင်(ကမ္ဘာ့အေးကုန်တိုက်အနီး)၊ အင်းစိန်လမ်းမကြီး။ ဖုန်း - ၀၉ ၄၃၀၈၅၃၁၀၊ ၀၉ ၉၇၇၂၂၁၃၃၄
အမှတ်(၆၃)၊ မင်းလမ်းမှတ်တိုင်၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဦးချစ်မောင်လမ်းမကြီး။ ဖုန်း - ၀၉ ၅၀၇၁၇၈၉၊ ၀၉ ၄၂၀၈၇၀၃၄၊ ၀၉ ၄၄၄၄၆၆၆၈၀
အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ဇရာပတီဘက်လမ်း၊ ပြို့မဈေး၊ နေပြည်တော်မြို့။ ဖုန်း - ၀၉ ၄၂၀၈၇၀၃၄၊ ၀၉ ၉၇၇၂၂၁၃၃၂

---

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

**Box** ကားမျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

**09-450042704**
**09-250095116**
**09-420096296**

---

## ပါကေး အစားထိုး ကြမ်းခင်း

**Special Promotion**

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Since 1996

Home — Think of House, Think of Home



Buy Flooring → Get Box

၄ ကျင်း ဝယ်လျှင် → ၁ ပုံး လက်ဆောင်

Grade A,B,C,D စစ်မှန်မှုကိုဝက်ဖြင့် "အာမခံ" လက်တွေ့ စစ်ဆေးပေးသည်။

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်းအနိမ့်ဆုံး ↑ အမြင့်ဆုံး အထိရှိပါသည်
* လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

(အင်းစိန်) (သာကေတနှင်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (မြင်းခြံလွင်) (မုံရွာ) (နေပြည်တော်)

HOTLINE: 09-79 700 70 70
09-79 700 70 80

---

## ရွှေ

စိန်ရွှေရတနာဆိုင်

Christmas & New Year မှာ

ရွှေဝယ်ရင်း ထိုင်းတီရှပ်လှလှလေးနဲ့

အခြားလက်ဆောင်ပစ္စည်းလေးတွေရယူကြပါစို့။

(25.12.2016) မှ (24.1.2017) ထိ

❖ ဆိုင်ပိတ်ရက် - 25/26/27 ❖ ဆိုင်ပြန်ဖွင့်ရက် - 28.1.2017

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.) ၈၀၁၊ ၈၀၂၊ ၈၀၃

---

## Condo ငှားမည်

**(မင်္ဂလာတောင်ညွန့်)**

အိပ်ခန်း(၃)ခန်း၊ ကျွန်းပါကေး

1650 စတုရန်းပေ(ပြင်ဆင်ပြီး)

**Ph:09-254004938**
**09-263461426**

---

## ခြနှင့် အထွေထွေ ပိုးမွှားနှိမ်နင်းရေး ဝန်ဆောင်မှုလုပ်ငန်း

ခြကာကွယ်နှိမ်နင်းခြင်း ၁ နှစ် – ၅ နှစ်အာမခံ

ခြင်၊ ယင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်၊ ကြမ်းပိုး၊ ကြွက် လစဉ် – အပတ်စဉ်

ပိုးမွှား ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများကို ရန်ကုန်မြို့တွင်း အခမဲ့ (Survey) လာရောက် စစ်ဆေးပြီး အကောင်းဆုံး ဝန်ဆောင်မှု ပေးပါသည်။

01-503740, 09-31298849

Like us on www.facebook.com/August pest control services

---

## MOMO - My Ooredoo, My Offer

အသုံးပြုသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ

ooredoo



*234# ကို အပတ်တိုင်း ခေါ်ဆိုပါ

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

# ပြည်ပသတင်းဌာနအချို့မှ သတင်းရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် Zafor Alam ၏ ပြောကြားချက်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အဖြစ်မှန်ဖော်ထုတ်နိုင်ရေး စုံစမ်းမှုပြုလုပ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ပသတင်းဌာနအချို့တွင် နတ်မြစ်အတွင်း ၁၆ လသားအရွယ် မိုဟာမက်ရှုဟာဘတ် သေဆုံးနေသည့် သတင်းနှင့် ၎င်း၏ဖခင် Zafor Alam ၏ ပြောကြားချက်ကို သတင်းထုတ်လွှင့်ဖော်ပြခဲ့မှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးခဲ့ရာ လက်တွေ့မြေပြင်တွင်ဖြစ်စဉ်မရှိခဲ့သည့်အတွက် ဖြစ်စဉ်မှန် တိတိကျကျ ဖော်ထုတ်နိုင်ရေး ဆက်လက်စုံစမ်းမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးလာသည့် လှေအား မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ပစ်ခတ်မှုကြောင့် ကလေးငယ်များ အပါအဝင် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ထိုသေဆုံးသူများထဲတွင် ၁၆ လသားအရွယ် ကလေးငယ်ပါဝင်ကြောင်း၊ အဆိုပါ ၁၆ လသားအရွယ် မိုဟာမက်ရှုဟာဘတ် သေဆုံးနေသည့်ပုံအား အခြားသူများက ဓာတ်ပုံရိုက်ယူပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ LADA ဒုက္ခသည်စခန်းတွင်ရောက်ရှိနေသည့် ဖခင်ဖြစ်သူ Zafor Alam ထံသို့ ပေးပို့ခဲ့ကြောင်းကို ပြည်ပသတင်းဌာနအချို့က သတင်းရေးသား ထုတ်လွှင့်ဖော်ပြခဲ့သည်။




**ပြည်ပသတင်းမီဒီယာအချို့တွင် တွေ့ဆုံပြောကြားခဲ့သော Zafor Alam ဆိုသူအား တွေ့ရစဉ်။**
(ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)

ထို့ကြောင့် သက်ဆိုင်ရာက Zafor Alam နှင့် ပတ်သက်ပြီး လိုက်လံစုံစမ်းခဲ့ရာ ဦးရှင်းကျားကျေးရွာတွင် Zafor Alam ဆိုသူတစ်ဦးရှိရာ ၎င်းမှာ လွန်ခဲ့သည့် နှစ်လခန့်ကတည်းက ကျောက်ဖြူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပြီး ဓာတ်ပုံဖြင့် တိုက်ဆိုင်စစ်ဆေးရာ သတင်းဌာနများမှ မေးမြန်းခဲ့သည့် Zafor Alam မဟုတ်ကြောင်း စုံစမ်းသိရှိရသည်။

သက်ဆိုင်ရာက သတင်းတွင်ပါရှိသော Zafor Alam နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းရာ Zafor Alam မှာ ရေခပ်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်သူဖြစ်သည်ကို သိရှိရပြီး ကျေးရွာအုပ်ချုပ်ရေးမှူး မာမောက်ဇလင်းအား မေးမြန်းရာ Zafor Alam ကို ကောင်းစွာသိရှိကြောင်း၊ ၎င်းမှာ ရေခပ်ချောင်းဂွဆုံကျေးရွာတွင် နေထိုင်ကြောင်း၊ ၎င်း၏ဖခင် ဒူဒူမီယာနှင့် မိခင် မရိုဆက်မှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြောင်း၊ ၎င်းမှာ သားအကြီးဆုံးဖြစ်ကြောင်း၊ ၎င်းတွင် သားနှစ်ဦးရှိပြီး ဆိုဖိုက်တ် သုံးနှစ်နှင့် တစ်နှစ် ခြောက်လအရွယ်မိုဟာမက်ရှုဟာဘတ်တို့ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်လခန့်က နေအိမ်မီးရှို့ခံရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ LADA စခန်းသို့ ထွက်ပြေးသွားကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ဦးရှင်းကျားချောင်းနှင့် ချောင်းဝတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထွက်သည့် လောင်းလှေတိမ်းမှောက်သည်ကို မကြားသိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်များနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

စာမျက်နှာ ၉ ကော်လံ ၁ သို့

# မုန်းချောင်း၊ ကြီးအုံကြီးဝ၊ မန်းချောင်းရေလှောင်တမံများ၏ ပင်မရေပို့လွှဲနှင့် အကူရေပို့လွှဲများ တိုးချဲ့တည်ဆောက်ပြီးစီး

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာမြေသစ်များဖော်ထုတ်ရေး၊ ကျေးလက်များတွင် စိုက်ပျိုးရေ၊ သောက်သုံးရေများ ဖူလုံစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆည်မြောင်းတာတမံများ ဆောက်လုပ်ပေးလျက်ရှိသည်။ ယခုကဲ့သို့ ဆည်မြောင်းတာတမံများ ဆောက်လုပ်ပေးခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် ပါဝင်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့သည်။

၎င်းဆည်များမှ ဆည်ရေဖြင့် တောင်သူလယ်သမားများသည် မိုးစပါး၊ နွေစပါး၊ မြေပဲ၊ နှမ်းများ စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီးသည် မြေပဲနှင့် နှမ်းအများဆုံး ထွက်ခဲ့ကြသည်။

မင်းဘူးခရိုင်အတွင်းရှိ မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံများမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်မှစ၍ မိုးရေစံချိန်သစ်များဖြင့် ထူးကဲစွာ အဆက်မပြတ် ရွာသွန်းသဖြင့် စီးဝင်ရေအလွန်များစွာ ဝင်ရောက်ခဲ့ပြီး ရေလှောင်တမံ၏ အများဆုံးသိုလှောင်နိုင်သော ပမာဏထက်ကျော်လွန်ကာ ရေပိုလွှဲများမှ မူလဒီဇိုင်းပြုလုပ်ထားသည့် ရေကျော်စီးနှုန်းထက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ■



ကြီးအုံကြီးဝရေလှောင်တမံကို တွေ့ရစဉ်။




# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ကန့်သတ်ထားသည်များမှအပ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ဆောင်ရွက်သည့်အနုညာတစီရင်ဆုံးဖြတ်ခြင်းများအားလုံးနှင့်သက်ဆိုင်စေရမည်။

၃၅၅။**နှစ်စဉ်နှစ်ကုန်ဆုံးချိန်၌ အထွေထွေအစည်းအဝေးအား ခေါ်ယူကျင်းပစေရန်ဆောင်ရွက်ရမည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁) နှစ်ကာလထက်ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ်နှင့်နောက်နှစ် (၁)နှစ်စီကုန်ဆုံးချိန်၌၊ သို့မဟုတ် သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီးနောက်ရက်ပေါင်း (၉၀) အတွင်း သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏အထွေထွေ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှုအခြေအနေနှင့် စပ်လျဉ်း၍သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၅၆။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၅၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၁၀) ခု ထက်မပိုသည့်ဒဏ်ငွေကိုပေးဆောင်ရမည်။**

၃၅၇။**အပြီးသတ်အစည်းအဝေးနှင့်ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကိုမည်သို့ စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိစေရမည်။ ယင်းနောက်အဆိုပါ စာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကိုအချိန်၊ နေရာနှင့်ရည်ရွယ်ချက်တို့အား ဖော်ပြကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ နည်းလမ်းအရ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့်နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၂၈) ရက် ကြိုတင်၍ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးကျင်းပပြီးနောက် (၇) ရက်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ပြန်ကြားရမည်။
အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့်လိုအပ်သည့်ဦးရေမပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့်လိုအပ်သည့် ဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်းဖော်ပြပါရှိသည့်ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်းသို့မဟုတ်ပုဒ်မခွဲ(ဂ) တွင်ဖော်ပြပါရှိသော ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ (၃)လပြည့်မြောက်ပြီးသည့်အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင် ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည်သင့်သည်ဟု ထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၅၈။ပုဒ်မ ၃၅၇ (ဂ)နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက်ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသည့် ဒဏ်ငွေကိုပေးဆောင်ရမည်။

၃၅၉။ပုဒ်မ ၃၅၇ ၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့်တရားရုံး၏အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါ အမိန့်အားချမှတ်သည့်နေ့မှ (၂၁) ရက်အတွင်း အဆိုပါ အမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

**မြီရှင်များကကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၆၀။**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၆၁ မှ ၃၇၂ အထိ ယင်းပုဒ်မများ အပါအဝင်တို့တွင် ပါရှိသည့်ပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍သက်ဆိုင်စေရမည်။

၃၆၁။**မြီရှင်များ၏အစည်းအဝေး**

(က) ကုမ္ပဏီသည် ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန်ရည်ရွယ်သည့်အစည်းအဝေးကို ကျင်းပရမည့် နေ့ရက်သို့မဟုတ် ထိုနေ့၏နောက်တစ်နေ့တွင် ကုမ္ပဏီ၏မြီရှင်များအစည်းအဝေးတစ်ရပ်ကိုခေါ်ယူကျင်းပရမည်ဖြစ်ပြီး အဆိုပါ မြီရှင်များ၏အစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီ၏ဖော်ပြပါအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့သည်နှင့် တစ်ပြိုင်နက် မြီရှင်များထံသို့ ပေးပို့ရမည်။

(ခ) ကုမ္ပဏီသည်မြီရှင်များ၏ အစည်းအဝေးအတွက် အကြောင်းကြားစာကို ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် ယင်းပုဒ်မတွင် သတ်မှတ်ပါရှိသည့်နည်းလမ်းများဖြင့် ကြေညာပေးရမည်။

(ဂ) ကုမ္ပဏီ၏ဒါရိုက်တာများသည် -

(၁) ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေများအား ကုမ္ပဏီ၏မြီရှင်များစာရင်း၊ မတိုင်မီတင်ပြမည့်တောင်းဆိုမှု ပမာဏခန့်မှန်းခြေစာရင်းတို့ကို ပူးတွဲပါရှိစေလျက် ပြည့်စုံသည့်ရေးသားဖော်ပြချက်တစ်စောင်ကို အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ကျင်းပမည့်မြီရှင်များအစည်းအဝေးတွင် တင်ပြရမည်၊ ၎င်းအပြင်

(၂) အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်အတွက် ယင်းတို့အနက်မှ တစ်ဦးဦးကိုခန့်အပ်ရမည်။

(ဃ) မြီရှင်များ၏အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ခံရသော ဒါရိုက်တာသည် အစည်းအဝေးသို့ တက်ရောက်၍သဘာပတိအဖြစ် ဆောင်ရွက်ရန်တာဝန်ရှိသည်။

(င) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် ကုမ္ပဏီအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ပြီး ထိုသို့ရွှေ့ဆိုင်းခဲ့သည့်အစည်းအဝေး၌ ဆုံးဖြတ်ချက်အား ချမှတ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသည့်မြီရှင်များ၏ အစည်းအဝေး၌ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ချက်ချင်း ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် အကျိုးသက်ရောက်စေရမည်။

၃၆၂။အကယ်၍ -

(က) ပုဒ်မ၃၆၁၏ ပုဒ်မခွဲ (က)နှင့်(ခ)တို့ကိုလိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီကပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (ဂ)ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာများက ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ဂ) ပုဒ်မ၃၆၁၏ ပုဒ်မခွဲ (ဃ)ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးက ပျက်ကွက်ခဲ့လျှင်၊

ကုမ္ပဏီ၊ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာသည်ယင်းတို့ ပျက်ကွက်သည့်ကိစ္စရပ်အတွက် ပြစ်ဒဏ်ပမာဏ(၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီကပျက်ကွက်သည့်ကိစ္စရပ်တွင် ပျက်ကွက်မှု၌ ပါဝင်သည့်ကုမ္ပဏီ၏ အရာရှိများအားလုံးသည် အလားတူပြစ်ဒဏ်ကို ထိုက်သင့်စေရမည်။

၃၆၃။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားခန့်အပ်ခြင်း**

မြီရှင်များနှင့်ကုမ္ပဏီသည် ပုဒ်မ ၃၆၁ တွင် ဖော်ပြပါရှိသော ယင်းတို့၏ သက်ဆိုင်ရာအစည်းအဝေးများ၌ ကုမ္ပဏီ၏ ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏အခြေပစ္စည်းများကို ခွဲဝေရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြနိုင်သည်။ မြီရှင်များနှင့်ကုမ္ပဏီသည် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြခဲ့လျှင် မြီရှင်များက အဆိုပြုသည့်ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေရမည်။ မြီရှင်များက အဆိုပြုတင်ပြသည့်ပုဂ္ဂိုလ်မရှိခဲ့လျှင်ကုမ္ပဏီက အဆိုပြုတင်ပြသည့်ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေရမည်။ သို့ရာတွင် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြလာသည့်ကိစ္စရပ်၌ မြီရှင်များကအဆိုပြုတင်ပြသည့်နေ့ရက်မှ (၇)ရက်အတွင်း ကုမ္ပဏီ၏ဒါရိုက်တာ၊ ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည်တရားရုံးသို့ တင်ပြ၍မြီရှင်များက အဆိုပြုသည့် ပုဂ္ဂိုလ်အစား သို့မဟုတ် ယင်းပုဂ္ဂိုလ်နှင့်အတူ ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြသည့်ပုဂ္ဂိုလ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်သတ်မှတ်ပေးရန် သို့မဟုတ် မြီရှင်များကခန့်အပ်သည့်ပုဂ္ဂိုလ်အစား အခြားသူတစ်ဦးဦးကိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပေးရန်အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားနိုင်သည်။

၃၆၄။**စစ်ဆေးရေးကော်မတီအားခန့်အပ်ခြင်း**

(က) ပုဒ်မ ၃၆၁ အရ ကျင်းပသည့်အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ မြီရှင်များသည် ၎င်းတို့သင့်သည်ဟု ထင်မြင်သည့်အတိုင်း (၅)ဦးထက်မပိုသောသူများပါဝင်သည့် စစ်ဆေးရေးကော်မတီတစ်ရပ်ကိုခန့်အပ်နိုင်သည်။ အဆိုပါ ကော်မတီအားခန့်အပ်ပြီးသည့်အခါ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့်အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင် ကျင်းပမည့် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ ကုမ္ပဏီသည် (၅)ဦးထက်မပိုသော ကော်မတီ၏အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန် သင့်သည်ထင်မြင်သည့်ပုဂ္ဂိုလ်များကိုခန့်အပ်နိုင်သည်။

(ခ) သို့ရာတွင် မြီရှင်များသည် ၎င်းတို့သင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီက ထိုသို့ခန့်အပ်ထားသည့် ပုဂ္ဂိုလ်အားလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရေးကော်မတီ၏ အဖွဲ့ဝင်များမဖြစ်သင့်ကြောင်းဆုံးဖြတ်နိုင်သည်။ မြီရှင်များက ထိုသို့ဆုံးဖြတ်ခဲ့လျှင် တရားရုံးက အခြားနည်းညွှန်ကြားခြင်းမရှိပါက ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များသည်ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန် မပြုစေရ။ ဤပြဋ္ဌာန်းချက်အရ တရားရုံးသို့ တင်ပြလျှောက်ထားခဲ့လျှင် တရားရုံးသည်သင့်သည်ဟု ထင်မြင်သည့်အတိုင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အစား အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နိုင်မည့်အခြားသူတစ်ဦးဦးကို ခန့်အပ်နိုင်သည်။

၃၆၅။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ အခကြေးငွေကို သတ်မှတ်ခြင်းနှင့် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များကိုရပ်စဲခြင်း**

(က) စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးချေရမည့် အခကြေးငွေများကို သတ်မှတ်နိုင်ပြီး အခကြေးငွေကို သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ထိုအခကြေးငွေကို တရားရုံးကသတ်မှတ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များက ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်ကိစ္စရပ်မှအပ ရပ်စဲစေရမည်။

၃၆၆။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့်အခွင့်အာဏာ**

တရားရုံးကသော်လည်းကောင်း၊တရားရုံး၏ညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ၌လစ်လပ်သွားလျှင် မြီရှင်များသည် ထိုလစ်လပ်နေရာကိုဖြည့်စွက်ခန့်ထားနိုင်သည်။

၃၆၇။**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်အားလိုက်နာရခြင်း**

ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကဲ့သို့ သက်ဆိုင်စေရမည်ဖြစ်ပြီး အဆိုပါ ပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို တရားရုံးကဖြစ်စေ၊ စစ်ဆေးရေးကော်မတီကဖြစ်စေ ခွင့်ပြုချက်ပါရှိမှအပ ကျင့်သုံးဆောင်ရွက်ခြင်းမပြုရ။

၃၆၈။**နှစ်စဉ်နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏အစည်းအဝေးများနှင့် မြီရှင်များ၏အစည်းအဝေးများအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁)နှစ်ကာလထက်ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ်နှင့် နောက်နှစ် (၁)နှစ်စီ ကုန်ဆုံးချိန်၌၊ သို့မဟုတ် သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးများတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှု အခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသည့်ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၆၉။စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၆၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၁၀)ခု ထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၀။**အပြီးသတ်အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ ပစ္စည်းများကိုမည်သို့ စီမံခန့်ခွဲခဲ့သည်တို့ကိုဖော်ပြပါရှိစေရမည်။ ယင်းနောက် အဆိုပါ စာရင်းကိုတင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်တို့ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးတစ်ရပ်စီကိုအချိန်၊ နေရာနှင့်ရည်ရွယ်ချက်တို့အား သတ်မှတ်ကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက်သတ်မှတ်ပါရှိသည့်နည်းလမ်းများဖြင့် အစည်းအဝေး မကျင်းပမီအနည်းဆုံး (၂၈) ရက် ကြိုတင်၍ထုတ်ပြန်ရမည်။

**စာမျက်နှာ ၂ သို့**

**စာမျက်နှာ ၁ မှ**

(ဂ) အစည်းအဝေးများကို ကျင်းပသည့် နေ့ရက်မှ (၇)ရက်အတွင်း၊ သို့မဟုတ် အစည်းအဝေးများအား အဆိုပါ နေ့ရက်များတွင် ကျင်းပနိုင်ခြင်းမရှိခဲ့လျှင် နောင်တွင်ကျင်းပသည့်နေ့ရက်မှ ရက်သတ္တ(၁)ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။

အစည်းအဝေး၌ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ (ဤပုဒ်မပါကိစ္စရပ်များအတွက်အစည်းအဝေးသို့ တက်ရောက်ရမည့်ပုဂ္ဂိုလ် (၂) ဦးရှိရမည်) မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့်လိုအပ်သည့်ဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့်ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့် သက်ဆိုင်သောဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်းလိုက်နာဆောင်ရွက်ပြီး ဖြစ်သကဲ့သို့မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည်စာရင်း သို့မဟုတ် ဤပုဒ်မ၏ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသော အစည်းအဝေးတစ်ရပ်စီနှင့်စပ်လျဉ်းသည့် ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့် အချိန်မှစ၍ (၃) လပြည့်မြောက်ပြီးသည့် အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင်ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည်သင့်သည်ဟု ထင်မြင်သည့် အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟုသတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့်အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၇၁။ပုဒ်မ ၃၇၀ (ဂ) နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက်ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ(၃) ခုထက်မပိုသည့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၂။ပုဒ်မ ၃၇၀ ၏ ပုဒ်မခွဲ (ဃ)အရပြုလုပ်သည့်တရားရုံး၏ အမိန့်တစ်ရပ်အပေါ်လျှောက်ထားသူသည် အဆိုပါ အမိန့်အားချမှတ်သည့်နေ့မှ (၁၀) ရက်အတွင်း အဆိုပါ အမိန့်အားမှတ်ပုံတင်ရန်အတွက် အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည်ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသည့်ဒဏ်ငွေကိုပေးဆောင်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၇၃။**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၇၄ မှ ၃၈၂ အထိ ယင်းပုဒ်မများ အပါအဝင်တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

၃၇၄။**ကုမ္ပဏီ၏ပစ္စည်းများကိုခွဲဝေဆောင်ရွက်ခြင်း**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဦးစားပေးငွေပေးချေမှုများနှင့်သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ပစ္စည်းများကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီ၏တာဝန်ရှိမှုများအတွက် အချိုးကျအသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီရှိပါဝင်သူတို့၏ အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များအရ ကုမ္ပဏီတွင် ပါဝင်သူများအကြား ခွဲဝေဆောင်ရွက်ရမည်။

၃၇၅။**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားရုံး သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၃၂၀ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဇ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်အားလုံးကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ ဤအပိုဒ်အရ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ရာတွင် တရားရုံး၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် ဤလုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်၊

(၂) အပိုဒ်(၁)တွင် ဖော်ပြပါရှိသော ခွင့်ပြုချက်မပါရှိဘဲ ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ တရားရုံးက ပေးအပ်ထားသည့် ဤဥပဒေအရ အခြားသော လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်၊

(၃) ကြွေးမြီပေးဆပ်ရသူများ စာရင်းကို ရှင်းလင်းဆောင်ရွက်ရာတွင် ဤဥပဒေအရပေးအပ်ထားသည့်တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ပြီး ကြွေးမြီပေးဆပ်ရသူများစာရင်းသည် ယင်းစာရင်းတွင် ကြွေးမြီပေးဆပ်ရသူများအဖြစ်ပါရှိသူများ၏ တာဝန်ရှိမှုများအတွက် ခိုင်လုံသည့် သက်သေခံချက်ဖြစ်စေရမည်၊

(၄) ငွေကြေးထည့်ဝင်ရန်တောင်းခေါ်မှု ပြုလုပ်နိုင်သည့်တရားရုံး၏ အခွင့်အာဏာကိုကျင့်သုံးဆောင်ရွက်နိုင်သည်၊ ၎င်းပြင်

(၅) အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်ကို ရယူရန် သို့မဟုတ် ၎င်းအနေဖြင့်သင့်သည် ထင်မြင်သည့်အခြားကိစ္စရပ်များအတွက် ကုမ္ပဏီ၏အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်ကုမ္ပဏီ၏ကြွေးမြီများကို ပေးချေရမည်ဖြစ်ပြီး ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို ချိန်ညှိဆောင်ရွက်ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများစွာအား ခန့်အပ်ထားခဲ့လျှင် ဤဥပဒေအရ ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အား ခန့်အပ်သည့်အချိန်၌ သတ်မှတ်ထားသည့်အတိုင်း တစ်ဦးကသော်လည်းကောင်း၊ အများကသော်လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ထိုသို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် နှစ်ဦးထက်မနည်းသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၇၆။**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများနှင့်သက်ဆိုင်သည့် တရားရုံး၏အခွင့်အာဏာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခန့်အပ်မှုကိုအကြောင်းကြားခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့် မရှိသည့် ကိစ္စရပ်များတွင် တရားရုံးသည်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် အကြောင်းတစ်စုံတစ်ရာတင်ပြလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထုတ်ပယ်နိုင်ပြီး အခြားသောစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအားခန့်အပ်ပြီးနောက် (၂၁) ရက်အတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ခန့်အပ်မှုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ပေးပို့တင်ပြရမည်။

၃၇၇။စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၇၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၃၇၈။**မြီရှင်များအပေါ် တရားဝင်စည်းနှောင်မှုရှိသည့်စီစဉ်ဆောင်ရွက်မှုများ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နေသည့်ကုမ္ပဏီတစ်ခုနှင့် ယင်း၏ မြီရှင်များအကြားပြုလုပ်သည့် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို အထူးဆုံးဖြတ်ချက်ဖြင့်အတည်ပြုခဲ့လျှင် ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ မြီရှင်များ၏အရေအတွက်နှင့်တန်ဖိုးအရလေးပုံသုံးပုံဖြင့် လက်ခံခဲ့လျှင် မြီရှင်များအပေါ်တွင် လည်းကောင်း တရားဝင်စည်းနှောင်မှုရှိသည်။ ယင်းကိစ္စရပ်အပေါ်တွင် ဤပုဒ်မအရ အယူခံခွင့်ရှိသည်။

(ခ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စီစဉ်ဆောင်ရွက်မှုများပြီးစီးပြီးနောက် (၂၁) ရက်အတွင်း ယင်းကိစ္စအပေါ်တွင် တရားရုံးသို့အယူခံဝင်ရောက်နိုင်သည်။ထိုအယူခံမှုအရ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စီစဉ်ဆောင်ရွက်မှုကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်းများပြုလုပ်နိုင်သည်။

၃၇၉။**ကိစ္စရပ်များကို ဆုံးဖြတ်နိုင်ရန်နှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည့်အခွင့်အာဏာ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီအား ဖျက်သိမ်းရာတွင် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန်၊ သို့မဟုတ် ငွေကြေးထည့်ဝင်ရန်တောင်းခေါ်မှုများအား အတည်ပြုခြင်း၊ တရားစွဲဆိုဆောင်ရွက်မှုဆိုင်းငံ့ခြင်း သို့မဟုတ် အခြားကိစ္စရပ်များတို့နှင့် စပ်လျဉ်းပြီး ကုမ္ပဏီအား တရားရုံးဖြင့် ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ တရားရုံးက ကျင့်သုံးနိုင်ခွင့်ရှိသည့်အခွင့်အာဏာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် တရားဝင်လျက်ရှိသည့်ဝရမ်းကပ်ခြင်း၊ ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းများကို ပယ်ဖျက်သည့်အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) အဆိုပါလျှောက်ထားမှုကို ကုမ္ပဏီဖျက်သိမ်းခြင်းအပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိသည့်တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသည် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊ လိုအပ်သောအခွင့်အာဏာကို ကျင့်သုံးခြင်း၊ သို့မဟုတ် လိုက်နာရမည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်းတို့သည် လျော်ကန်မျှတပြီး အကျိုးဖြစ်ထွန်းစေကြောင်း ကျေနပ်လက်ခံလျှင် ၎င်းသင့်သည်ထင်မြင်သည့်စည်းကမ်းချက်များဖြင့် လျှောက်ထားမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည် သို့မဟုတ် လျှောက်ထားမှုအပေါ် သင့်သည်ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၃၈၀။**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ကျခံရသည့်စရိတ်များ**

ကုမ္ပဏီကို ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအပါအဝင် ကျခံရသော ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားလုံးကို အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်များ (secured creditors) ၏အခွင့်အရေးများရှိခဲ့လျှင် ယင်းတို့ကို မထိခိုက်စေဘဲ အခြားသော တောင်းခံတင်ပြမှုများထက် ဦးစားပေး၍ကုမ္ပဏီ၏အခြေပစ္စည်းများမှပေးချေရမည်။

၃၈၁။**မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏အခွင့်အရေးများကိုမထိခိုက်စေခြင်း**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းခြင်းသည် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းဆောင်ရွက်စေရန်အတွက် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး၏ အခွင့်အရေးကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။ သို့သော် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးက ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကြောင့် ထိခိုက်စေမည်ဖြစ်သည်ဟု ကျေနပ်လက်ခံရမည်။

၃၈၂။**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအားသတ်မှတ်ပေးနိုင်သည့်တရားရုံး၏အခွင့်အာဏာ**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်ရာတွင် တရားရုံးက ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါအမိန့်တွင်ဖြစ်စေ၊ နောင်တွင် ချမှတ်သည့်အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ပေးနိုင်သည်။

**တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်း**

၃၈၃။**တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည့်အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ဖြင့် ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်သည့်အခါ တရားရုံးသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား မြီရှင်များ၊ ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် အခြားသူများက တရားရုံးသို့ လွတ်လပ်စွာလျှောက်ထားတင်ပြနိုင်၍တရားရုံးက သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များကို လိုက်နာလျက်ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော်တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖော်ပြ၍ အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၈၄။**တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်း၏ အကျိုးသက်ရောက်မှု**

တရားရုံး၏ ကြီးကြပ်မှုဖြင့်ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို စွဲဆိုသည့်အမှုများအပေါ် တရားရုံးသို့ စီရင်ပိုင်ခွင့်ပေးရန်အတွက် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းရန် လျှောက်ထားခြင်း တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

၃၈၅။**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံသုံးသပ်နိုင်ခြင်း**

တရားရုံးသည် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းတို့အကြား ဆုံးဖြတ်ရာတွင် လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်ရာတွင် လည်းကောင်း၊ တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များတွင်လည်းကောင်း လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများ၏သဘောဆန္ဒများကို လက်ခံသုံးသပ်နိုင်သည်။

၃၈၆။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည့်တရားရုံး၏အခွင့်အာဏာ**

(က) တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါအမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦးကို ထပ်မံခန့်ထားသည့်အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရတရားရုံးက ခန့်ထားသည့်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးသည် ကုမ္ပဏီကခန့်အပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဲ့သို့ ကိစ္စရပ်များအားလုံးတွင် အလားတူလုပ်ပိုင်ခွင့်များနှင့်တာဝန်များရှိစေရမည်။

(ဂ) တရားရုံးသည်ယင်းက ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ကြီးကြပ်မှုအမိန့်အရဆက်လက်ခွင့်ပြုထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးကိုဖြစ်စေ ထုတ်ပယ်နိုင်ပြီး ထုတ်ပယ်မှု၊ သေဆုံးမှု သို့မဟုတ် နုတ်ထွက်မှုများကြောင့် လစ်လပ်သွားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး၏ နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။

၃၈၇။**ကြီးကြပ်မှုအမိန့်၏အကျိုးသက်ရောက်မှု**

(က) တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် တရားရုံးကသတ်မှတ်ထားသည့်တားမြစ်ချက်များကို လိုက်နာလျက် တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် စွက်ဖက်မှုမပါရှိဘဲ မိမိ၏လုပ်ပိုင်ခွင့်များအားလုံးကို ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ(က) တွင်ဖော်ပြထားသည့် ကိစ္စရပ်နှင့် ပုဒ်မ ၃၃၈ တွင် ပါရှိသည့်ကိစ္စရပ်များမှအပ **စာမျက်နှာ ၃ သို့**

စာမျက်နှာ ၂ မှ

တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် တရားရုံးကချမှတ်သည့်အမိန့်တစ်ရပ်ရပ်သည် တရားစွဲဆိုမှုများနှင့် အခြားဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း အပါအဝင် ကိစ္စရပ်များအားလုံးတွင် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းခြင်းအတွက် ချမှတ်သည့်အမိန့်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများပြုလုပ်ရန်၊ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ပြုလုပ်ထားသည့်ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများကို အတည်ပြုရန်၊ သို့မဟုတ် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသည့် အခွင့်အာဏာများအားလုံးကို တရားရုံးသို့ အခွင့်အာဏာအပြည့်အဝအပ်နှင်းရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ သို့မဟုတ်၎င်းအတွက်ဆောင်ရွက်ပေးရမည့်ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားနိုင်ရန်အတွက် အခွင့်အာဏာအပ်နှင်းထားသည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော “တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ” ဆိုသည်မှာ တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် ဆောင်ရွက်သည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဆိုလိုသည်ဟုမှတ်ယူရမည်။

၃၈၈။ **အလွတ်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ်ခန့်အပ်ခြင်း**

တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီး ယင်းနောက်တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါအမိန့်ဖြင့် ဖြစ်စေ၊ နောင်တွင်ချမှတ်သည့်အမိန့်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ယာယီသော်လည်းကောင်း၊ အမြဲတမ်းသော်လည်းကောင်း၊ အခြားသူများဖြင့်သော်လည်းကောင်း၊ အခြားသူများပါရှိခြင်း မရှိဘဲနှင့်သော်လည်းကောင်း၊ အလွတ်ခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ သို့မဟုတ် ယင်းတို့အနက်မှ တစ်ဦးဦးကို တရားရုံးကကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

**ဖြည့်စွက်ပြဋ္ဌာန်းချက်များ**

၃၈၉။ **ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် လွှဲပြောင်းခြင်းများ မပြုလုပ်ရခြင်းနှင့် ကြွေးမြီများပေါ် လွင်စွာဖော်ပြရခြင်း**

(က) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် ပြုလုပ်သည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သည့် လွှဲပြောင်းခြင်းမှအပ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ ရပ်တည်မှုအခြေအနေကိုပြောင်းလဲခြင်းများအားလုံးသည် ပျက်ပြယ်သည်။

(ခ) တရားရုံးကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် အရေးယူဆောင်ရွက်နိုင်သည့် တင်ပြတောင်းဆိုမှုများ အပါအဝင် ကုမ္ပဏီ၏ပစ္စည်းများကို ပေးအပ်ခြင်းများ၊ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများ၊ သို့မဟုတ်ကုမ္ပဏီတွင်ပါဝင်သူများ၏ ရပ်တည်မှုအခြေအနေကို ပြောင်းလဲခြင်းများ အားလုံးသည် တရားရုံးက အခြားသောအမိန့် တစ်စုံတစ်ရာချမှတ်ထားခြင်း မရှိလျှင်ပျက်ပြယ်သည်။

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် သက်ဆိုင်၍လူမွဲခံယူသည့် ကုမ္ပဏီများကိစ္စရပ်တွင် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်အားလုံး၌ ပေးရန်ရှိမည့်ကြွေးမြီများအားလုံးနှင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်မည့် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့်ကုမ္ပဏီအပေါ် တင်ပြတောင်းဆိုမှုများအားလုံးကို ကုမ္ပဏီအားဆန့်ကျင်၍ သက်သေတင်ပြနိုင်သည်။ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် အခြားအကြောင်းကိစ္စရပ်အတွက် ကြွေးမြီများ သို့မဟုတ် တင်ပြတောင်းဆိုမှုများ၏တန်ဖိုးကို တိကျသေချာသော တန်ဖိုးတစ်ရပ်မဟုတ်လျှင် သင့်တင့်မျှတသည့် တန်ဖိုးဖြင့် သတ်မှတ်ရမည်။

၃၉၀။ **လူမွဲခံယူသည့်ကုမ္ပဏီများအား ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာရခြင်း**

လူမွဲခံယူသည့်ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရရှိသောမြီရှင်များ (secured creditors)နှင့်အာမခံအကျိုးခံစားခွင့်မရရှိသောမြီရှင်များ (unsecured creditors) ၏သက်ဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သက်သေထင်ရှားတင်ပြနိုင်သည့်ကြွေးမြီများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နှစ်စဉ်ထုတ်ယူနိုင်သည့် အာမခံတန်ဖိုးနှင့် နောင်တွင်ဖြစ်ပေါ်လာမည့် တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း လူမွဲဖြစ်သည်ဟု သတ်မှတ်ခံရသည့် ပုဂ္ဂိုလ်၏ ပိုင်ဆိုင်သောပစ္စည်းများနှင့်စပ်လျဉ်းသည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အဆိုပါ အချိန်ကာလတွင် အတည်ဖြစ်လျက်ရှိသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အဆိုပါ ကိစ္စရပ်များတွင် သက်သေထင်ရှားတင်ပြရမည့်ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီ၏အခြေပစ္စည်းများမှ အမြတ်ဝေစုများကို လက်ခံရရှိမည့် ပုဂ္ဂိုလ်များအားလုံးသည် ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်၌ ပါဝင်လာမည်ဖြစ်ပြီး ဤပုဒ်မအရ ရထိုက်ခွင့်ရှိသူများအဖြစ် ကုမ္ပဏီအပေါ် အဆိုပါတင်ပြတောင်းဆိုမှုများကိုပြုလုပ်နိုင်သည်။

၃၉၁။ **ဦးစားပေးငွေပေးချေမှုများ**

(က) ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ အခြားသော ကြွေးမြီများထက် အောက်ပါတို့ကိုဦးစားပေး၍ပေးချေမှုများပြုလုပ်ရမည် -

(၁) အစိုးရ သို့မဟုတ် ဒေသအာဏာပိုင်တစ်ရပ်ရပ်သို့ ကုမ္ပဏီက ပေးချေရမည့် ဤပုဒ်မ၏ ပုဒ်မခွဲ (င)တွင်ဖော်ပြထားသည့် နေ့ရက်၌ အဆိုပါနေ့ရက်မတိုင်မီ (၁၂) လအတွင်း ပေးချေရန် ကျရောက်သည့်ဘဏ္ဍာငွေများ၊ အခွန်များ၊ စည်းကြပ်ခွန်များ၊ အခွန်အခများအားလုံး၊

(၂) အထက်ဖော်ပြပါနေ့ရက်မတိုင်မီ (၂)လအတွင်း ကုမ္ပဏီသို့ ဆောင်ရွက်ပေးထားသည့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် စာရေး သို့မဟုတ် ဝန်ထမ်းတစ်ဦးစီ၏ လုပ်အားခများ သို့မဟုတ် လစာများအားလုံး၊

(၃) အထက်ဖော်ပြပါ နေ့ရက်မတိုင်မီ (၂) လအတွင်း ကုမ္ပဏီသို့ ဆောင်ရွက်ပေးထားသည့်ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အချိန်ပိုင်းအရ သော်လည်းကောင်း၊ လုပ်ငန်းပိုင်းအလိုက်သော်လည်းကောင်း ပေးချေရမည့် အလုပ်သမား သို့မဟုတ် ကာယလုပ်သားတစ်ဦးဦး၏ လုပ်ခများအားလုံး၊

(၄) ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသေဆုံးခြင်း သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အလုပ်သမားလျော်ကြေးအက်ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပေးချေရမည့်လျော်ကြေးငွေများ၊

(၅) ကုမ္ပဏီက ခန့်အပ်ထားသည့်ဝန်ထမ်းများ၏ လူမှုဖူလုံရေးအတွက် အိုနာစာရန်ပုံငွေ၊ ပင်စင်ရန်ပုံငွေ၊ ဆုကြေးရန်ပုံငွေ၊ သို့မဟုတ် အခြားရန်ပုံငွေတစ်ရပ်ရပ်မှ ဝန်ထမ်းတစ်ဦးဦးသို့ ပေးချေရမည့်ငွေပမာဏများအားလုံး၊ ၎င်းပြင်

(၆) ဤဥပဒေ၏ ပုဒ်မ ၂၇၁ပုဒ်မခွဲ (က) အပိုဒ်(၃) နှင့်အညီ ပြုလုပ်သည့်စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်အတွက် ကုန်ကျစရိတ်များ။

(ခ) အထက်ဖော်ပြပါကြွေးမြီများအားလုံးကို -

(၁) တန်းတူဦးစားပေးရမည်ဖြစ်ပြီး အခြေပစ္စည်းများ လုံလောက်မှုရှိလျှင် အပြည့်အဝပေးချေရမည်။ ထိုသို့ပေးချေရန်အတွက် အခြေပစ္စည်းများ လုံလောက်မှုမရှိပါက ယင်းတို့အားအချိုးတူညီစွာဖြင့် လျှော့ချပေးချေရမည်၊ ၎င်းပြင်

(၂) သာမန်မြီရှင်များသို့ ငွေပေးချေရန်အတွက် ကုမ္ပဏီ၏အခြေပစ္စည်းများသည် လုံလောက်မှုမရှိသည့်အခါ အထက်ဖော်ပြပါကြွေးမြီများအားလုံးကို ကုမ္ပဏီကပြုလုပ်ထားသည့်အခြေပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ရပ်အရ ငွေချေးလက်မှတ်များအား ပိုင်ဆိုင်ထားသူ၏ တင်ပြတောင်းဆိုမှုထက် ဦးစားပေး၍ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းတွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သောပစ္စည်းတစ်ရပ်ရပ်မှပေးချေရမည်။

(ဂ) ကုမ္ပဏီဖျက်သိမ်း ရန်ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များအတွက် လိုအပ်မည့်ငွေပမာဏကို ထိန်းသိမ်းထားရှိပြီး ဖော်ပြပါကြွေးမြီများကို အခြေပစ္စည်းများ လုံလောက်မှုရှိသည့်အတိုင်းအတာအထိ ချက်ချင်းပေးချေရမည်။

(ဃ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ချမှတ်သည့်နေ့ရက်မတိုင်မီ (၃)လအတွင်း ကုမ္ပဏီ၏ ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများကို မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးဦးက ကြွေးမြီအတွက် ပစ္စည်းသိမ်းယူထားလျှင် သို့မဟုတ် ကြွေးမြီအတွက် ပစ္စည်းသိမ်းယူလျှင် ဤပုဒ်မအရ ဦးစားပေး၍ပေးချေရမည့်ကြွေးမြီများ အားလုံးကို ထိုသို့သိမ်းယူထားလျှင် ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အဆိုပါ ပစ္စည်းများကို ရောင်းချရရှိသည့် ငွေကြေးများအပေါ်တွင် လည်းကောင်း ပထမဦးစွာပေးချေဆောင်ရွက်ရမည်။ သို့ရာတွင် ပေါင်နှံမှုတစ်ရပ်ရပ်အရ ပေးချေရသည့် ငွေကြေးတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးသည် ငွေပေးချေခြင်းကို လက်ခံရမည့်ပုဂ္ဂိုလ်ကဲ့သို့ အလားတူဦးစားပေးအခွင့်အရေးကို ရရှိစေရမည်။

(င) ဤပုဒ်မတွင်ရှေ့ပိုင်း၌ရည်ညွှန်းဖော်ပြခဲ့သောရက်စွဲသည် -

(၁) ယခင်ကဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် စတင်ဆောင်ရွက်ခြင်းမပြုခဲ့သေးသော ဆန္ဒအလျောက်ဖျက်သိမ်းရန်အမိန့်ချမှတ်ခြင်းခံရသည့်ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သော ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန် အမိန့်ချမှတ်သည့်နေ့ရက်နှင့်

(၂) အခြားကိစ္စရပ်များတွင် ကုမ္ပဏီဖျက်သိမ်းရန် စတင်ဆောင်ရွက်သည့်နေ့။

၃၉၂။ **ပစ္စည်းများကိုစွန့်လွှတ်ခြင်း**

(က) ဖျက်သိမ်းခံရသည့်ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်တာဝန်များပါရှိသော သက်တမ်းတစ်ရပ်ရပ်သတ်မှတ်ပါရှိသည့်မြေများ၊ ကုမ္ပဏီ၏စတော့ရှယ်ယာများ၊ အကျိုးအမြတ်မပါရှိသော ပဋိညာဉ်စာချုပ်များ၊ ရောင်းချခြင်းမပြုနိုင်သော အခြားပစ္စည်းများ၊ အလွယ်တကူရောင်းချနိုင်သည့်ပစ္စည်းများ ပါဝင်ခဲ့လျှင် တာဝန်ရှိသည့်ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန် သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်ကို ပေးချေစေရန်အတွက် အဆိုပါပစ္စည်းများကို လက်ဝယ်ထားရှိသူအပေါ် တရားဝင်စည်းနှောင်မှုရှိသည်ဆိုသောအကြောင်းကြောင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပစ္စည်းများကို ရောင်းချရန် သို့မဟုတ် ပိုင်ဆိုင်မှုအား ရယူရန်ကြိုးပမ်းအားထုတ်ခြင်း၊ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးနေစေကာမူ တရားရုံး၏ ခွင့်ပြုချက်အရလည်းကောင်း၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များကို လိုက်နာ၍လည်းကောင်း ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်အချိန်မှ (၁၂) လအတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ၎င်းက စာဖြင့်ရေးသား လက်မှတ်ရေးထိုး၍ ပစ္စည်းများကိုစွန့်လွှတ်နိုင်သည်။ သို့ရာတွင် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်အချိန်မှ (၂၈)ရက်အတွင်း ပစ္စည်းတစ်ရပ်ရပ်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သိရှိထားခြင်းမရှိခဲ့လျှင် ပစ္စည်းများစွန့်လွှတ်ခြင်းနှင့်သက်ဆိုင်သော ဤပုဒ်မအရ အခွင့်အာဏာကို ယင်းပစ္စည်းနှင့် စပ်လျဉ်း၍၎င်းအနေဖြင့် စတင်သိရှိသည့်အချိန်မှ (၁၂)လအတွင်း သို့မဟုတ် တရားရုံးကခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စွန့်လွှတ်ခြင်းသည် ထိုသို့စွန့်လွှတ်သည့်နေ့မှစ၍ စွန့်လွှတ်သည့်ပစ္စည်းများရှိ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများ၊ ကုမ္ပဏီ၏ ပစ္စည်းများကို ဆုံးဖြတ်ဆောင်ရွက်သည်ဟု ဖြစ်သည်။ သို့သော် စွန့်လွှတ်ခြင်းသည် တာဝန်ရှိမှုမှ ကုမ္ပဏီကို သော်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများကိုသော်လည်းကောင်း စွန့်လွှတ်ခွင့်ပြုရန်အတွက် လိုအပ်သည့် ကိစ္စရပ်မှအပ အခြားသူတစ်ဦးဦး၏အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ဂ) တရားရုံးသည် စွန့်လွှတ်ခွင့်မပြုမီတွင်ဖြစ်စေ၊ စွန့်လွှတ်ရန်ခွင့်ပြုသည့်အခါတွင်ဖြစ်စေ အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်များသို့ အကြောင်းကြားစာများကို ပေးပို့စေနိုင်ပြီး ဆောင်ရွက်ခွင့်ပြုမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း တရားမျှတသော အခြားအမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းက စွန့်လွှတ်ခြင်းပြုမည်မပြုမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်ဟု အကျိုးခံစားခွင့်ရှိသူတစ်ဦးဦးက ၎င်းထံစာဖြင့်ရေးသား၍ တင်ပြလျှောက်ထားလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါလျှောက်ထားမှုအား လက်ခံရရှိပြီးနောက် (၂၈) ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့်ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ၎င်းအနေဖြင့် စွန့်လွှတ်ခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားရန် ကြံရွယ်ကြောင်းလျှောက်ထားသူသို့ အကြောင်းကြားစာမပေးပို့ခဲ့သည့် ကိစ္စတွင် ဤပုဒ်မအရ ပစ္စည်းတစ်ရပ်ရပ်ကို စွန့်လွှတ်ခွင့်မရှိစေရ။ ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကို စွန့်လွှတ်သည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အထက်ဖော်ပြပါအတိုင်း လျှောက်ထားမှုအားပြုလုပ်ပြီးနောက် ဖော်ပြပါကာလ သို့မဟုတ် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ထိုပဋိညာဉ်စာချုပ်ကို စွန့်လွှတ်ခြင်းမပြုခဲ့လျှင် ကုမ္ပဏီသည် ယင်းစာချုပ်အား လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ကုမ္ပဏီနှင့် ပြုလုပ်ထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိသူ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကိုရခွင့်ရှိသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပဋိညာဉ်စာချုပ်ကိုပယ်ဖျက်သည့်အမိန့် တစ်ရပ်ရပ်ချမှတ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် တစ်ဖက်ဖက်ထံသို့ သို့မဟုတ် ၎င်းတို့ထံမှ ငွေပေးချေရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့် သို့မဟုတ် တရားရုံးကသင့်သည် ထင်မြင်သည့်အတိုင်း အခြားအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါအမိန့်အရ ဖော်ပြပါ ပုဂ္ဂိုလ်သို့ပေးချေရမည့် နစ်နာကြေးတစ်ရပ်ရပ်ကိုကုမ္ပဏီဖျက်သိမ်းသည့်အခါ ကြွေးမြီတစ်ရပ်အဖြစ် ၎င်းကတင်ပြနိုင်သည်။

(စ) စွန့်လွှတ်မည့်ပစ္စည်းတစ်ရပ်တွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို တင်ပြတောင်းဆိုသူတစ်ဦးဦး သို့မဟုတ် စွန့်လွှတ်မည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ကင်းလွတ်ခြင်း မပြုရသေးသည့် တာဝန်ရှိမှုတစ်ရပ်အရ သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးက တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါပုဂ္ဂိုလ်ကို ကြားနာပြီး ပစ္စည်းများတွင် အကျိုးခံစားခွင့်ရှိသူသို့ဖြစ်စေ၊ အထက်တွင် ဖော်ပြပါရှိသည့်တာဝန်ရှိမှုအတွက် လျော်ကြေးတစ်ရပ်အဖြစ် ပစ္စည်းများအားပေးအပ်သင့်သည်ဟုယူဆသူသို့ ဖြစ်စေ၊ ထိုသူများ၏ ယုံကြည်အပ်နှံခြင်းခံရသူများသို့ဖြစ်စေ တရားရုံးကသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ပစ္စည်းများအားအပ်နှင်းရန် သို့မဟုတ် ပစ္စည်းများကို ပေးအပ်ရန်အတွက် အမိန့်တစ်ရပ်ကိုချမှတ်နိုင်သည်။ ထိုသို့ ပစ္စည်းအပ်နှင်းသည့်အမိန့်အား ချမှတ်ပြီးသည့်အခါ ယင်းတွင် ပါဝင်သောပစ္စည်းများကို ပစ္စည်းလွှဲပြောင်းမှုစာချုပ်တစ်ရပ် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်မပါရှိဘဲ အမိန့်တွင်အမည်ဖော်ပြထားသည့်ပုဂ္ဂိုလ်သို့ အပ်နှင်းရမည်။ သို့ရာတွင် စွန့်လွှတ်သည့်ပစ္စည်းသည် ငှားရမ်းထားခြင်းဖြစ်ပါက တရားရုံးသည် အောက်ပါအချက်များနှင့်ညီညွတ်မှုတစ်ပါး ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအဖြစ် ကုမ္ပဏီတွင် တင်ပြတောင်းဆိုသူတစ်ဦးဦးအတွက် ပစ္စည်းအပ်နှင်းသည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ -

(၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်အချိန်၌ပစ္စည်းနှင့်စပ်လျဉ်း၍အငှားချထားမှုအရ ကုမ္ပဏီနှင့်သက်ဆိုင်သည့်တာဝန်ရှိမှုများကဲ့သို့ အလားတူတာဝန်ရှိမှုများနှင့်သက်ဆိုင်လျှင်၊ သို့မဟုတ်

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(၂) အဆိုပါနေ့ရက်တွင် ဖော်ပြပါပုဂ္ဂိုလ်သို့ အငှားချထားမှုအား လွှဲအပ်ထားသကဲ့သို့ လည်းကောင်း၊ ငှားရမ်းသည့်ပစ္စည်းတွင် ပစ္စည်းအပ်နှံသည့်အမိန့်တွင် ပါရှိသောပစ္စည်းများသာ ပါဝင်သကဲ့သို့လည်းကောင်း၊ ဖော်ပြပါစည်းကမ်းချက်များဖြင့် ပစ္စည်းအပ်နှံသည့်အမိန့်ကို လက်ခံရန် ငြင်းပယ်သော အပေါင်ခံသူများ သို့မဟုတ် ထပ်ဆင့်အငှားချထားခြင်းခံရသူများသည် ပစ္စည်းများရှိ အကျိုးခံစားခွင့်နှင့်ပစ္စည်းများအပေါ် ထားရှိသည့်အာမခံများအားလုံးမှ ဖယ်ရှားရမည်ဖြစ်ပြီး ဖော်ပြပါစည်းကမ်းချက်များဖြင့် အမိန့်တစ်ရပ်ကို လက်ခံရန်ဆန္ဒရှိပြီး ကုမ္ပဏီတွင် တင်ပြတောင်းခံမှုပြုသူမရှိခဲ့လျှင်ကုမ္ပဏီမှပြုလုပ်ထားသည့်ပစ္စည်းများ၊ ကြွေးမြီတာဝန်များနှင့် အကျိုးခံစားခွင့်များမှ လွတ်ကင်းသည့် ငှားရမ်းမှုအရ အငှားချထားခြင်းခံရသူ၏ သဘောတူညီချက်အား ဆောင်ရွက်ရန် တရားရုံးသည် ကုမ္ပဏီ၏ပစ္စည်းများနှင့် ပစ္စည်းတွင်ပါရှိသော အကျိုးခံစားခွင့်များကိုတာဝန်ရှိသူ တစ်ဦးဦးထံသို့ တစ်ဦးချင်းအရဖြစ်စေ၊ ကိုယ်စားလှယ်အရဖြစ်စေ၊ တစ်ဦးတည်းသော်လည်းကောင်း၊ ကုမ္ပဏီနှင့်တွဲဖက်၍လည်းကောင်းအပ်နှင်းရန် အခွင့်အာဏာရှိသည်။

(ဆ) ဤပုဒ်မအရ စွန့်လွှတ်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်းကြောင့် ထိခိုက်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထိခိုက်သည့်ပမာဏအတွက် ကုမ္ပဏီ၏ မြီရှင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းသည့်အခါတွင်ကြွေးမြီတစ်ရပ်အဖြစ်ထိုပမာဏအားတင်ပြနိုင်သည်။

၃၉၃။ **လိမ်လည်လှည့်ဖြားသောဦးစားပေးရယူမှု**

(က) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့ပြီး ၎င်း၏ လူမွဲခံယူမှုတွင်လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုဖြစ်သည်ဟု မှတ်ယူရမည့် ပစ္စည်းများကို လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍ ငွေပေးချေခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း သို့မဟုတ် အခြားဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခြင်းတို့ကို ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီအပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့လျှင် ၎င်း၏ မြီရှင်များသို့ လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ချက်သည်တရားဝင်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မပါကိစ္စရပ်များအတွက် တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို တင်ပြခြင်းနှင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို တင်ပြခြင်းတို့ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သက်ဆိုင်သည့်လူမွဲခံယူဆောင်ရွက်မှုနှင့်တူညီသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီ၏ပစ္စည်းများအားလုံးကိုကုမ္ပဏီက၎င်း၏မြီရှင်များအားလုံး၏ အကျိုးခံစားခွင့်များအတွက် ယုံကြည်အပ်နှံခြင်းခံရသူများသို့ လွှဲပြောင်းဆောင်ရွက်ခြင်းသည် ပျက်ပြယ်စေရမည်။

၃၉၄။ **ဝရမ်းကပ်ခြင်း၊အတည်ပြုဆောင်ရွက်ခြင်းများစသည်တို့ကိုမပြုရခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများအပေါ် တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ဝရမ်းကပ်ခြင်း၊ ပစ္စည်းများကိုသိမ်းဆည်းခြင်း သို့မဟုတ် အခြားတရားဝင်အစီအစဉ်တစ်ရပ်ရပ်အရ အတည်ပြုဆောင်ရွက်ခြင်းများ သို့မဟုတ် ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို တရားရုံး၏ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်းများသည် ပျက်ပြယ်စေရမည်။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်မဆို အစိုးရက ဆောင်ရွက်သည့်ကိစ္စရပ်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၃၉၅။ **အပြောင်းအလဲရှိသောကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) ၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းသည့်နေ့မှစ၍ (၃)လအတွင်း ပြုလုပ်ခဲ့သော ကုမ္ပဏီ၏တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြုလုပ်သည့်အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) သည် အဆိုပါအပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြုလုပ်ပြီးနောက် ကုမ္ပဏီသည် ချက်ချင်းလူမွဲခံယူရခြင်းမရှိခဲ့လျှင် အဆိုပါ ပမာဏအပေါ် တစ်နှစ်လျှင် (၅) % အတိုးနှုန်းဖြင့် အဆိုပါ ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်သည့်အချိန်တွင် သော်လည်းကောင်း၊ ထိုကြွေးမြီတာဝန်တင်ရှိခြင်းပြုလုပ်ပြီးနောက်တွင် သော်လည်းကောင်း ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် အဖိုးစားနားအဖြစ် ကုမ္ပဏီသို့ပေးချေခဲ့သည့် ငွေသားပမာဏမှ အပ တရားဝင်ခြင်းမရှိစေရ။

၃၉၆။ **စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် ယေဘုယျအစီအစဉ်များကို ခွင့်ပြုနိုင်ခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်တရားရုံး၏ခွင့်ပြုချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ဆန္ဒအလျောက် ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်ဖြစ်စေ အောက်ပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေဆောင်ရွက်နိုင်သည် -

(၁) မြီရှင်အမျိုးအစားတစ်ရပ်ရပ်သို့ အပြည့်အဝငွေပေးချေခြင်း၊

(၂) မြီရှင်များနှင့်ဖြစ်စေ၊ မြီရှင်များဖြစ်သည်ဟု တောင်းဆိုနေသူများနှင့်ဖြစ်စေ၊ ကုမ္ပဏီအနေဖြင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း တာဝန်ရှိနိုင်သည့်တောင်းဆိုမှု တစ်ရပ်ရပ်ပြုလုပ်သူများနှင့်ဖြစ်စေ သဘောတူညီမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ပြုလုပ်ခြင်း၊

(၃) ကုမ္ပဏီနှင့်ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများဟု သတ်မှတ်ခံရသူများ သို့မဟုတ် အခြားမြီစားများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကုမ္ပဏီသို့ တာဝန်ရှိကြသူများအကြား ငွေကြေးထည့်ဝင်ရန် တောင်းခေါ်မှုများနှင့် ထိုတောင်းခေါ်မှုများအတွက် တာဝန်ရှိမှုများ၊ ကြွေးမြီများနှင့် ကြွေးမြီများကြောင့်ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများ၊ ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်မည် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် တင်ပြတောင်းဆိုမှုများနှင့် ကုမ္ပဏီနှင့်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့်လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်လည်းကောင်းသက်ဆိုင်သည့် ကိစ္စရပ်များကို သဘောတူညီထားသည့်စည်းကမ်းချက်များဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဆိုပါ တောင်းခေါ်မှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများ သို့မဟုတ် တင်ပြတောင်းဆိုမှုများကို ဆောင်ရွက်ရန်အတွက် အာမခံတစ်ရပ်ရပ်ရယူခြင်းနှင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ပြီးစီးအောင်ဆောင်ရွက်ခြင်း၊

(ခ) ဤပုဒ်မအရ အခွင့်အာဏာများကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ခြင်းသည် တရားရုံး၏ကြီးကြပ်မှုနှင့်အညီ ဖြစ်စေရမည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် အဆိုပါအခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

၃၉၇။ **ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများစသည်တို့အပေါ် နစ်နာကြေးရယူရန် တရားရုံး၏အခွင့်အာဏာ**

(က) ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီကို ကမကထပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဦး၊ သို့မဟုတ် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏ ငွေကြေးများ သို့မဟုတ် ပစ္စည်းများအတွက်အလွဲသုံးခဲ့ကြောင်း၊ ရယူခဲ့ကြောင်း၊ သို့မဟုတ်တာဝန်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင်၊ သို့မဟုတ် ကုမ္ပဏီနှင့် စပ်လျဉ်း၍ အရိုန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့ကြောင်းတွေ့ရှိလျှင် တရားရုံးသည်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက ကုမ္ပဏီဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ပထမဆုံးခန့်အပ်ခဲ့သည့် နေ့ရက်မှဖြစ်စေ၊ အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့ကို ပြုလုပ်ခဲ့သည့်နေ့မှ (၃)နှစ်အတွင်းဖြစ်စေ၊ ယင်းတို့အနက် ပိုမိုရှည်ကြာသည့်ကာလအတွင်း ပြုလုပ်သည့်လျှောက်ထားသည့်အပေါ် ကမကထပြုသူများ၊ ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် အရာရှိများ၏ ပြုမူဆောင်ရွက်ချက်များကို စစ်ဆေးနိုင်ပြီး တရားရုံးက သင့်သည်ထင်မြင်သည့်အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်း သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်ရပ်ကို ပြန်လည်ပေးချေရန် သို့မဟုတ် ပြန်လည်ထားရှိရန် အဆိုပါ ပုဂ္ဂိုလ်များအား အတင်းအကျပ်ဆောင်ရွက်စေနိုင်သည်၊ သို့မဟုတ် တရားရုံးကသင့်သည်ထင်မြင်သည့်အတိုင်း အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့နှင့်စပ်လျဉ်း၍ လျော်ကြေးအဖြစ် ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ အဆိုပါ ငွေပမာဏများအားထည့်ဝင်စေရန် အတင်းအကျပ်ဆောင်ရွက်စေနိုင်သည်။

(ခ) ပြစ်မှုကျူးလွန်သူမှာ ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိနိုင်မည့်ပြစ်မှုဖြစ်စေကာမူ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

၃၉၈။ **စာရင်းစာအုပ်များကိုလိမ်လည်အတုပြုခြင်း**

စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ လိမ်လည်အတုပြုခြင်း၊ သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဝှက်သိမ်းထားခြင်းတို့ကိုပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် အခြားသူတစ်ဦးဦးအားလိမ်လည်လှည့်ဖြားရန် သို့မဟုတ် လှည့်ဖြားရန် အကြံဖြင့် မှတ်ပုံတင်စာရင်း၊ ငွေစာရင်းစာအုပ် သို့မဟုတ် ကုမ္ပဏီပိုင်သည့်စာရွက်စာတမ်းများကို မှားယွင်း၍ ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ ရေးသွင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုခြင်းတို့ကိုပြုလုပ်ခဲ့လျှင် အဆိုပါ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်းကျခံရမည်။

၃၉၉။ **ပြစ်မှုကျူးလွန်သည့်ဒါရိုက်တာများကိုတရားစွဲဆိုခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေတာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ တရားရုံးကိုယ်တိုင်အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ တရားရုံးသည် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုစေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ညွှန်ကြားနိုင်သည် သို့မဟုတ် ထိုကိစ္စရပ်ကို မှတ်ပုံတင်အရာရှိထံတင်ပြနိုင်သည်။

(ခ) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ တာဝန်ထမ်းဆဲဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကိစ္စရပ်အား မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထို့အပြင်မှတ်ပုံတင်အရာရှိက လိုအပ်လျှင် ပေါ်ပေါက်လာသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ၎င်း၏ကြီးကြပ်မှုအောက်တွင်ရှိသော သတင်းအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် ထိုစာရွက်စာတမ်းများကို မိတ္တူရယူခွင့်များ ဆောင်ရွက်နိုင်ရေးအတွက်ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ပုဒ်မခွဲ(ခ)အရ အစီရင်ခံစာတင်ပြပြီးသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါကိစ္စရပ်ကို ထပ်မံစုံစမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြနိုင်သည်။ ထိုသို့ တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကိစ္စရပ်ကို စုံစမ်းစစ်ဆေးနိုင်ပြီး သင့်သည်ထင်မြင်ပါက သက်ဆိုင်ရာ ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရအပ်နှင်းထားသည့်အတိုင်း ကုမ္ပဏီ၏ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာအားလုံးကို ထိုသူထံသို့အပ်နှင်းသည့်အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက အရေးယူဆောင်ရွက်သင့်သည့်ကိစ္စရပ် မဟုတ်ကြောင်းတွေ့ရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြန်လည်အကြောင်းကြားရမည်။ ထိုအခါတရားရုံး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း အပြစ်ရှိကြောင်းတရားရုံးက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်းမရှိခဲ့လျှင်၊ တရားရုံးသည်ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထိုအစီရင်ခံစာကိုတင်ပြစေရန် ညွှန်ကြားနိုင်သည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တင်ပြသည့်အစီရင်ခံစာသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့်အစီရင်ခံစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(စ) ဤပုဒ်မအရကိစ္စရပ်တစ်ခုခုအား မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်သည့်အခါ မှတ်ပုံတင်အရာရှိသည် တင်ပြလာသည့်ကိစ္စမှာ တရားစွဲဆိုသင့်ကြောင်း ဆုံးဖြတ်ပါက စာရွက်စာတမ်းများကို ရှေ့နေချုပ် သို့မဟုတ် အမှုလိုက် ဥပဒေအရာရှိများထံသို့ တင်ပြရမည်။ တရားစွဲဆိုရန်အကြံပြုလာပါက ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် (တရားစွဲဆိုမှုတွင်ပါဝင်သည့် တရားခံမှအပ) မှတ်ပုံတင်အရာရှိ၊ ရှေ့နေချုပ်နှင့် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိများထံသို့ တရားစွဲဆိုမှုနှင့် သက်ဆိုင်သည့် အကူအညီများအားလုံးကို ပေးအပ်ရမည်။ သို့ရာတွင် စွပ်စွဲခံရသူအား မှတ်ပုံတင်အရာရှိထံသို့ စာဖြင့်ရေးသား၍ရှင်းလင်းဖော်ပြချက်ပြုလုပ်စေရန်နှင့် ယင်းတို့အားကြားနာစေရန် အခွင့်အရေးဦးစွာပေးအပ်ခြင်းမပြုဘဲ တရားစွဲဆိုခြင်းမပြုလုပ်ရ။ ဤပုဒ်မခွဲပါ ကိစ္စရပ်များအတွက်ကုမ္ပဏီနှင့်သက်ဆိုင်သည့် “ကိုယ်စားလှယ်” ဆိုသည်မှာကုမ္ပဏီ၏အရာရှိဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကုမ္ပဏီ၏ဘဏ်လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ဥပဒေအကြံပေး တစ်ဦးဦး၊ စာရင်းစစ်အဖြစ်ကုမ္ပဏီက ခန့်အပ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်သည်ဟု မှတ်ယူရမည်။

(ဆ) မည်သူမဆို ဤပုဒ်မ၏ ပုဒ်မခွဲ(စ) အရ လိုအပ်သည့်အကူအညီများကို ပေးအပ်ရန်ပျက်ကွက်လျှင် တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါပုဂ္ဂိုလ်အား ဖော်ပြပါ ပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။ အဆိုပါ လျှောက်ထားမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်ပါက ထိုသို့လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတွင် ထိုသို့လိုက်နာဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများလုံလောက်စွာ **စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ မှ**

မရှိခြင်းဖြစ်ကြောင်းမှတစ်ပါး ထိုသို့ လျှောက်ထားသည့်ကုန်ကျစရိတ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မိမိစရိတ်ဖြင့် ကျခံစေရန်ညွှန်ကြားနိုင်သည်။

၄၀၀။**မှားယွင်းတင်ပြသည့်သက်သေခံချက်များအတွက်ပြစ်ဒဏ်**
ဤဥပဒေအရ ကျမ်းကျိမ်ဆောင်ရွက်သည့်စစ်ဆေးမေးမြန်းမှု တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ကုမ္ပဏီဖျက်သိမ်းခြင်းတွင် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကျမ်းကျိန်လွှာ၊ သက်သေခံချက်၊ သို့မဟုတ် ကတိသစ္စာပြုခြင်းတစ်ရပ်ရပ်၊ သို့မဟုတ် ဤဥပဒေအရ ပေါ်ပေါက်လာသည့် ကိစ္စတစ်ရပ်ရပ်တွင် သို့မဟုတ် ယင်းကိစ္စနှင့် စပ်လျဉ်း၍ မည်သူမဆို တမင်ကြံရွယ်၍ မှားယွင်းသည့်သက်သေခံချက်များကို တင်ပြခဲ့လျှင် ထိုသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင်ငွေဒဏ်လည်းကျခံရမည်။

၄၀၁။**ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ**
(က) ယခင်ကဖြစ်စေ၊ ယခုဖြစ်စေတာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် စွပ်စွဲခံရသည့်ပြစ်မှုအား ကျူးလွန်သည့်အချိန်၌ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် လည်းကောင်း၊ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့် ကိစ္စရပ်တွင် လည်းကောင်း သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုအားကျူးလွန်ပြီးနောက် ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် တရားရုံးက အမိန့်ချမှတ်သည့်အခါ သို့မဟုတ် ကုမ္ပဏီ၏ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်သည့်အခါတွင်လည်းကောင်း -
(၁) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို သာမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ၏ အမှန်တည်ရှိနေသော ပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို လည်းကောင်း၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသကို မည်သို့၊ မည်သူ့ထံသို့၊ မည်သည့်အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် စီမံဆောင်ရွက်ခဲ့သည်ကိုလည်းကောင်း စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပြည့်စုံမှန်ကန်စွာ မိမိတို့သိရှိကြသည့်အလျောက် တင်ပြခဲ့ခြင်းမပြုလျှင်၊သို့မဟုတ်
(၂) ဥပဒေအရ တင်ပြအပ်နှံရမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီ၏ အမှန်တည်ရှိနေသော ပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှုမပြုလျှင်၊သို့မဟုတ်
(၃) ဥပဒေအရ တင်ပြအပ်နှံရမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီနှင့်သက်ဆိုင်သော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှုမပြုလျှင်၊ သို့မဟုတ်
(၄) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသို့ဖြစ်စေ၊ ကုမ္ပဏီထံမှဖြစ်စေ ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင်၊သို့မဟုတ်
(၅) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဖယ်ရှားထားလျှင်၊သို့မဟုတ်
(၆) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင် အရေးကြီးသည့်အကြောင်းအရာများကို ချန်လှပ်ထားလျှင်၊ သို့မဟုတ်
(၇) ကုမ္ပဏီဖျက်သိမ်းသည့်အခါ တစ်ဦးတစ်ယောက်က မှားယွင်းသည့်ကြွေးမြီကို တင်ပြလာကြောင်းသိရှိ သို့မဟုတ် ယုံကြည်ပြီး ထိုအကြောင်းအရာအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ (၁)လအတွင်း တင်ပြရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်
(၈) ကုမ္ပဏီဖျက်သိမ်းမှု စတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သောစာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ပြုစုတင်ပြရန် တားမြစ်ထားလျှင်၊ သို့မဟုတ်
(၉) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးဖြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုခြင်းများ ပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင်၊သို့မဟုတ်
(၁၀) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများတွင် မှားယွင်းရေးသွင်းမှုများကို ပြုလုပ်လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်သည်ကိုခွင့်ပြုလျှင်၊ သို့မဟုတ်
(၁၁) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများတွင် လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် တစ်စိတ်တစ်ဒေသအား ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် ချန်လှပ်ထားခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ်
(၁၂) ကုမ္ပဏီဖျက်သိမ်းမှု စတင်ပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေး၌ ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို အစစ်အမှန်မဟုတ်သော ဆုံးရှုံးမှုများ သို့မဟုတ် အသုံးစရိတ်များဖြင့် စာရင်းပြုစုရန် ကြိုးစားလျှင်၊သို့မဟုတ်
(၁၃) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို မှားယွင်းတင်ပြ၍ဖြစ်စေ၊ အခြားနည်းလိမ်လည်၍ဖြစ်စေ ကုမ္ပဏီအတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကုမ္ပဏီကနောင်တွင် ပေးချေမည် မဟုတ်သည့် အကြွေးဖြင့် ပစ္စည်းတစ်ရပ်ရပ်ကိုရယူခဲ့လျှင်၊ သို့မဟုတ်
(၁၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မှားယွင်းဖော်ပြ၍ ကုမ္ပဏီအတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကြွေးမြီဖြင့်ကုမ္ပဏီက နောင်တွင်ပေးချေမည်မဟုတ်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ရယူလျှင်၊သို့မဟုတ်
(၁၅) ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို သာမန်နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလျှင်မှတစ်ပါး၊ ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆိုကြွေးမြီဖြင့်ရယူထားပြီး ငွေပေးချေခြင်းမပြုရသေးသည့် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်လျှင်၊ ပေါင်နှံလျှင်၊ သို့မဟုတ် စီမံဆောင်ရွက်လျှင်၊ သို့မဟုတ်
(၁၆) ကုမ္ပဏီ၏ ကိစ္စရပ်များအတွက်လည်းကောင်း၊ ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက်လည်းကောင်း ကုမ္ပဏီ၏မြီရှင်များ၊ သို့မဟုတ် ၎င်းတို့တစ်ဦးဦးထံမှ သဘောတူညီချက်ရယူရန် အတွက် မှားယွင်းတင်ပြမှု သို့မဟုတ် အခြားလိမ်လည်မှု တစ်ရပ်ရပ်အရအပြစ်ရှိလျှင်-
ဤပုဒ်မ၏ပုဒ်မခွဲ(က) အပိုဒ် (၁၃)၊ (၁၄)၊နှင့် (၁၅) တို့တွင် အသီးသီး ဖော်ပြထားသော ပြစ်မှုများအား ကျူးလွန်သူသည် (၅) နှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကိုကျခံရမည် ဖြစ်ပြီး အခြားပြစ်မှုများကို ကျူးလွန်သူသည် (၂)နှစ်ထက် မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကိုကျခံရမည်။
သို့ရာတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၂)၊ (၃)၊ (၄)၊ (၆)၊ (၁၄)၊နှင့် (၁၅) တို့အရ စွဲချက်တင်ခံရသောတရားခံသည် ၎င်းအနေဖြင့်လိမ်လည်ရန် ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာ သက်သေထင်ရှားပြသ၍ ခုခံကာကွယ်နိုင်သည့် အပြင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁)၊ (၈)၊ (၉) နှင့် (၁၀) တို့အရ စွဲချက်တင်ခံရသော တရားခံသည်ကုမ္ပဏီ၏ ကိစ္စရပ်များကို ကွယ်ဝှက်ရန် သို့မဟုတ် ဥပဒေအားချိုးဖောက်ရန် ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာ သက်သေထင်ရှားပြသ၍ခုခံကာကွယ်နိုင်သည်။
(ခ) ဤပုဒ်မ၏ပုဒ်မခွဲ(က) အပိုဒ်(၁၅)အရ ပြစ်မှုတစ်ရပ်ဖြစ်ပေါ်စေနိုင်သည့်အခြေအနေတွင် တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ သို့မဟုတ် စီမံဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပါက ထိုသို့သော အခြေအနေတွင် ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်သည့်၊ ပေါင်နှံသည့် သို့မဟုတ် စီမံဆောင်ရွက်သည့်ပစ္စည်းကို သိလျက်ဖြင့်ပြုလုပ်ခဲ့လျှင် သို့မဟုတ် လက်ခံခဲ့လျှင် ထိုသူသည် (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ကို ကျခံရမည်။

၄၀၂။**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုစိစစ်ရန် အစည်းအဝေးများကျင်းပရခြင်း**
(က) ဤဥပဒေအရ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သက်သေထင်ရှားပြသနိုင်သော မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုထည့်သွင်းသုံးသပ်ရန် အခွင့်အာဏာအပ်နှင်းထားရာ ၎င်းတို့၏ သဘောဆန္ဒများကို စိစစ်ရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများကို တရားရုံးကညွှန်ကြားသည့်နည်းလမ်းများဖြင့် ခေါ်ယူကျင်းပဆောင်ရွက်ရန် ညွှန်ကြားနိုင်သည့်အပြင် အဆိုပါအစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးမှရလဒ်များကို တရားရုံးသို့တင်ပြစေရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်အပ်နိုင်သည်။
(ခ) မြီရှင်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် မြီရှင်တစ်ဦးချင်းစီ၏ ကြွေးမြီတန်ဖိုးကို ထည့်သွင်းသုံးသပ်ရမည်။
(ဂ) ကြွေးမြီပေးဆပ်ရသူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ဤဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ယင်းတို့၏ အစုရှယ်ယာဆိုင်ရာစည်းကမ်းချက်များအရ ကြွေးမြီ ပေးဆပ်ရသူတစ်ဦးချင်းစီအပေါ် ခွင့်ပြုထားသည့် မဲပေးနိုင်သည့်အရေအတွက်ကို ထည့်သွင်းသုံးသပ်ရမည်။

၄၀၃။**ကုမ္ပဏီ၏စာရွက်စာတမ်းများကို သက်သေခံအဖြစ်လက်ခံရခြင်း**
ကုမ္ပဏီတစ်ခုခုကိုဖျက်သိမ်းသည့်အခါ ကုမ္ပဏီနှင့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို ကုမ္ပဏီကြွေးမြီပေးဆပ်ရသူများအကြားနှင့် သက်ဆိုင်သည့်ကိစ္စရပ်၌ အဆိုပါ စာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားသည့်ကိစ္စရပ်များအားလုံးသည် မှန်ကန်၍ခိုင်လုံသည့်သက်သေခံချက်များဖြစ်စေရမည်။

၄၀၄။**စာရွက်စာတမ်းများကိုစစ်ဆေးခြင်း**
တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီးသည့်အခါ တရားရုံးသည်၎င်းသင့်သည် ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ကုမ္ပဏီ၏မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများက စစ်ဆေးနိုင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ကုမ္ပဏီ၏လက်ဝယ်တွင်ရှိသော မည်သည့်စာရွက်စာတမ်းကိုမဆို မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက အဆိုပါအမိန့်အရစစ်ဆေးနိုင်သည်။ သို့သော်ထပ်မံ၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း စစ်ဆေးခြင်းမပြုရ။

၄၀၅။**ကုမ္ပဏီ၏စာရွက်စာတမ်းများကိုရှင်းလင်းဆောင်ရွက်ခြင်း**
(က) ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းပြီး ဖျက်သိမ်းမည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်သည် -
(၁) တရားရုံးကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားရုံးကညွှန်ကြားသည့်နည်းလမ်းများအတိုင်းဆောင်ရွက်ရမည်၊ သို့မဟုတ်
(၂) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။
(ခ) ကုမ္ပဏီဖျက်သိမ်းသည်မှ (၃) နှစ်ကြာပြီးနောက်တွင် စာရွက်စာတမ်းများနှင့်သက်ဆိုင်သူက အဆိုပါ စာရွက်စာတမ်းများမရရှိသည်ဆိုသော အကြောင်းကြောင့်မည်သည့်တာဝန်ရှိမှုမျှ ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအပေါ်တွင်လည်းကောင်း၊ သို့မဟုတ် စာရွက်စာတမ်းများအား ထိန်းသိမ်းထားရသူတစ်ဦးဦးအပေါ်တွင် လည်းကောင်း မရှိစေရ။

၄၀၆။**ကုမ္ပဏီဖျက်သိမ်းမှုပျက်ပြယ်ကြောင်း ကြေညာနိုင်သည့်တရားရုံး၏ အခွင့်အာဏာ**
ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းပြီးသည့်အခါ ထိုသို့ဖျက်သိမ်းသည့်နေ့မှ (၂) နှစ်အတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံးကအကျိုးသက်ဆိုင်သူဖြစ်သည်ဟု ယူဆသော ပုဂ္ဂိုလ်တစ်ဦးဖြစ်စေ လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ကုမ္ပဏီဖျက်သိမ်းမှုပျက်ပြယ်ကြောင်း ကြေညာသည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းနောက်ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ အမှုဆိုင်ရာဆောင်ရွက်ချက်များပြုလုပ်ရမည်။

၄၀၇။ပုဒ်မ ၄၀၆ ပါ အမိန့်ချမှတ်သည့်လျှောက်လွှာကိုတင်ပြသူသည် ထိုအမိန့်အားချမှတ်ပြီးနောက် (၂၁) ရက်အတွင်း အဆိုပါ အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ပြစ်ဒဏ်ပမာဏ(၅)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၄၀၈။**ဆိုင်းငံ့ထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ**
(က) ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းမှုသည် ယင်းအား စတင်ဆောင်ရွက်သည့်နေ့မှ (၁)နှစ်အတွင်း ပြီးစီးခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင်တစ်ကြိမ်နှင့် (၁၂)လထက် မပိုသောကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းမှု ပြီးစီးသည်အထိ တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှု အခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များ ပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။
(ခ) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဖြစ်ကြောင်း စာဖြင့် ရေးသား၍ဖော်ပြသူတစ်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မည်သည့်အချိန်တွင် မဆို သတ်မှတ်ဖော်ပြထားသည့်အခကြေးငွေကို ပေးသွင်းလျက် ရေးသားဖော်ပြချက်များကို စစ်ဆေးကြည့်ရှုခြင်း၊ ယင်းတို့၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူနိုင်သည်။ သို့သော်မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု မမှန်မကန်ထုတ်ဖော်ခဲ့လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၂ အရ ပြစ်မှုအတွက် အပြစ်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလာလျှင် ထိုပြစ်မှုအရ ပြစ်ဒဏ်ကျခံစေရမည်။
(ဂ) တရားရုံးသို့ ရေးသားဖော်ပြချက်အား တင်ပြသည့်အခါ ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တစ်ချိန်တည်းတွင် တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ယင်းအား ကုမ္ပဏီ၏ အခြားမှတ်တမ်းများနှင့်အတူ သိမ်းဆည်းထားရမည်။

၄၀၉။စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၄၀၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၄၁၀။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဘဏ်သို့ငွေပေးချေမှုများ**
(က) တရားရုံးကဖျက်သိမ်းသည့်ကုမ္ပဏီ၏ **စာမျက်နှာ ၆ သို့**

စာမျက်နှာ ၅ မှ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားလုံးသည် သတ်မှတ် ဖော်ပြထားသည့်နည်းလမ်းများနှင့်အညီ သတ်မှတ်ဖော်ပြထား သည့် အချိန်ကာလ၌ ၎င်းမှလက်ခံရရှိထားသည့်ငွေကြေးများ ကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်သို့ ပေးသွင်းရမည်။သို့ရာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကြိုတင်ပေးငွေများကို လက်ခံရယူရန် သို့မဟုတ် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အကျိုးပါရှိသော အခြား အကြောင်းများကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သည် အခြားဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်သင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးသည် ယင်းက ရွေးချယ် သည့် အခြားဘဏ်တစ်ခုခုတွင် ငွေပေးချေမှုများပြုလုပ်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ခွင့်ပြုနိုင်ပြီး အဆိုပါ ငွေပေးချေမှုများကို သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သည့်အချိန်တွင် မဆို ပြစ်ဒဏ်ပမာဏ(၅) ခုနှင့်ညီမျှသည့် ငွေပမာဏထက်ပိုမို သည့် ငွေတစ်ရပ် သို့မဟုတ် သီးခြားကိစ္စရပ်များတွင် တရားရုံးက ထိန်းသိမ်းရန် သတ်မှတ်ပေးထားသည့်ငွေပမာဏကို (၁၀) ရက် ထက်ကျော်လွန်၍ ထိန်းသိမ်းထားပြီး ထိုသို့ ထိန်းသိမ်းထားရခြင်း အတွက် တရားရုံးက ကျေနပ်လက်ခံနိုင်သည်အထိ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက တင်ပြနိုင်ခြင်းမရှိလျှင် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင် ၂၀% အတိုး နှုန်းဖြင့် ထိန်းသိမ်းထားသည့် ငွေပမာဏအပေါ် အတိုးပေးရမည်။ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအားလုံးကိုဖြစ် စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခံစားခွင့်မပြုဘဲထားနိုင်သည့် အပြင် ၎င်း၏တာဝန်မှထုတ်ပယ်နိုင်သည်။ ထို့အပြင်၎င်း၏ ပျက်ကွက်မှုကြောင့်ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များကို ပေးချေရမည်။

(ဂ) ဖျက်သိမ်းသည့်ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည် သီးခြားဘဏ်ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ် ထားရမည်ဖြစ်ပြီး အဆိုပါ ငွေစာရင်းသို့ စာရင်းရှင်းလင်းဖျက် သိမ်းရေးအရာရှိအဖြစ် ၎င်းကလက်ခံရရှိသည့် ငွေပမာဏအားလုံး ကို ပေးသွင်းရမည်။

၄၁၁။ **ကျမ်းကျိန်လွှာပြုလုပ်နိုင်သည့်တရားရုံးသို့မဟုတ်ပုဂ္ဂိုလ်**

(က) ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များ သို့မဟုတ် ကိစ္စ ရပ်များအတွက် လိုအပ်သော ကျမ်းကျိန်လွှာတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို တရားရုံးတစ်ခုခု၊ တရားသူကြီး သို့မဟုတ် ကျမ်းကျိန်လွှာများကို လက်ခံပြုလုပ်ပေး ရန် တရားဝင်အခွင့်အာဏာအပ်နှင်းထားခြင်းခံရသောပုဂ္ဂိုလ် တစ်ဦးဦး၏ ရှေ့မှောက်တွင် လည်းကောင်း၊ နိုင်ငံတော်ပြင်ပ တွင် နိုင်ငံတော်၏ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် ကျမ်းကျိန်ဆိုနိုင်သည်။

(ခ) နိုင်ငံတော်အတွင်းရှိတရားရုံးများ၊ တရားသူကြီးများ၊ တရားသူကြီး ချုပ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်နေရသူများသည် ဤအပိုင်းတွင်ပါရှိသော ကိစ္စရပ်များ အတွက် အသုံးပြုမည့်ကျမ်းကျိန်လွှာများ၊ သို့မဟုတ် အခြား စာရွက်စာတမ်းများတွင် ပူးတွဲဖော်ပြထားသော အဆိုပါတရားရုံး၊ တရားသူကြီး၊ ပုဂ္ဂိုလ်၊ ကောင်စစ်ဝန်၊ သို့မဟုတ် ဒုတိယကောင် စစ်ဝန်၊ သို့မဟုတ် သံအမတ်ကြီးတို့၏တံဆိပ်၊ လက်မှတ်များတို့ ပါရှိသော တရားစီရင်ရေးဆိုင်ရာ အကြောင်းကြားမှုကို လက်ခံ ရယူရမည်။

၄၁၂။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေများကို ပြဋ္ဌာန်း နိုင်သည့်အခွင့်အာဏာ**

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းနှင့် လက်အောက်ခံ တရားရုံးများတွင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက်ဖြစ်စေ (ကုမ္ပဏီ တွင် ပါဝင်သူများနှင့်မြီရှင်များက ဖျက်သိမ်းခြင်းနှစ်ရပ်လုံး)၊ ဤဥပဒေ၏ပုဒ်မ ၂၈၇ အရ ဆောင်ရွက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်း အဝေးများကို ကျင်းပရန်အတွက်ဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက် များအရ တရားရုံးသို့ တင်ပြသည့်လျှောက်ထားမှုများအတွက် ဖြစ်စေဆောင်ရွက်မည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေနှင့်လည်းကောင်း လိုက် လျောညီထွေရှိသည့် နည်းဥပဒေများကို အခါအားလျော်စွာပြုလုပ် နိုင်သည့်အပြင် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့်ကုမ္ပဏီ ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးအတွက် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) အထက်တွင်ဖော်ပြပါရှိသော အခွင့်အာဏာများကိုထိခိုက်ခြင်း မရှိစေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆိုပါ နည်းဥပဒေများအရ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာနှင့်တာဝန်များဖြစ်သော တရားဝင်ခန့် အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည့် ဤဥပဒေအရတရားရုံးသို့ အပ်နှင်းထားသောအခွင့်အာဏာများ နှင့်တာဝန်များအားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို လည်းကောင်းရယူဆောင်ရွက်နိုင်သည် -

(၁) မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရရှိရန်အတွက် အစည်းအဝေးများခေါ်ယူကျင်းပခြင်း၊

(၂) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ရှင်းလင်းဆောင်ရွက် ခြင်း၊ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို လိုအပ်ပါက အတည်ပြုရခြင်း၊ အခြေပစ္စည်းများကိုစုဆောင်း ခြင်းနှင့်အသုံးပြုခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို ပေးပို့ရန်လိုအပ်ခြင်း၊

(၄) ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများပြုလုပ်ခြင်း၊

(၅) ကြွေးမြီများနှင့် တင်ပြတောင်းဆိုမှုများကို သက်သေထင်ရှား ပြသစေရန် အချိန်ကာလသတ်မှတ်ပေးခြင်း။

သို့ရာတွင်တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ တရားဝင်ခန့်အပ် ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အတည်ပြုခြင်းမပြုရ။ ထို့အပြင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ ငွေကြေးထည့်ဝင်ရန် အတွက် တောင်းခံမှုများကိုမပြုလုပ်ရ။

## အခန်း(၂၇) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီများကိုဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ

၄၁၃။ **မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီများကိုဖျက်သိမ်းခြင်း**

(က) ဤအခန်း(၂၇)တွင်ဖော်ပြပါရှိသောကိစ္စရပ်များအတွက် "**မှတ်ပုံ တင်ထားခြင်း မရှိသည့် ကုမ္ပဏီ**"ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီ မဟုတ်ဘဲ အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့်ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်း တစ်ရပ်ရပ်လည်းပါဝင်သည်။

(ခ) ဤအပိုင်းတွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ အခြား သက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဤဥပဒေအရ ဖျက်သိမ်းနိုင်သည်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် အောက်ပါခြွင်းချက်များ၊ ဖြည့်စွက်ချက်များနှင့်အတူ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ တစ်ခုခုနှင့်သက်ဆိုင်စေရမည် -

(၁) နိုင်ငံတော်အတွင်း ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းလုပ် ကိုင်သည့်နေရာသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း ဖြစ်သည်ဟုမှတ်ယူရမည်၊

(၂) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့်ကုမ္ပဏီကိုမျှ ဤဥပဒေ အရ ဆန္ဒအလျောက်ဖြစ်စေ၊ ကြီးကြပ်မှုဖြင့်ဖြစ်စေ ဖျက်သိမ်း ခြင်းမပြုရ။

(၃) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းနိုင် သည့်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဖျက်သိမ်း လျှင် သို့မဟုတ် ရပ်စဲခဲ့လျှင်၊ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အတွက်သာလျှင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိလျှင်၊ သို့မဟုတ်

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်း ခြင်းသည် သင့်လျော်မှန်ကန်သည်ဟု တရားရုံးက ထင်မြင်လျှင်၊ ၎င်းပြင်

(၄) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် ဤဥပဒေပါ ကိစ္စ ရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ရပ်ရပ် ပေါ်ပေါက်ပါ က ယင်း၏ကြွေးမြီများကို ပေးချေနိုင်ခြင်းမရှိဟုမှတ်ယူရ မည်-

(ကက) လွှဲအပ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅)ခုနှင့်ညီမျှ သည့် ငွေပမာဏထက်ပိုမိုသော ငွေတစ်ရပ်ကိုပေး ချေရန်ရှိသည့်မြီရှင်တစ်ဦးက မှတ်ပုံတင်ထားခြင်းမရှိ သည့်ကုမ္ပဏီအပေါ်တွင် ထိုကုမ္ပဏီထံမှ၎င်းကရရှိ မည့် ငွေများကိုပေးချေစေရန်အတွက် တောင်းဆို ချက်တစ်ရပ်ကို ထိုကုမ္ပဏီ၏အဓိကစီးပွားရေး လုပ်ငန်းနေရာသို့ ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ပေးပို့၍ဖြစ် စေ၊ တရားရုံးက လက်ခံသော သို့မဟုတ် ညွှန်ကြား သော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် တောင်း ဆိုချက်ကိုလက်ခံရရှိပြီးနောက် (၂၁)ရက်အတွင်း ထိုငွေကို ပေးချေရန်ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ် မြီရှင်က ကျေနပ်လက်ခံစေမည့် အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများပြုလုပ်ရန် ပျက်ကွက် ခဲ့လျှင်၊

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် ထို ကုမ္ပဏီတွင် ပါဝင်သူအဖြစ်ရှိသူထံမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုထားသည့်ငွေများအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင်၊ အဆိုပါ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်အတွက် စာဖြင့်ရေး သားထားသည့်အကြောင်းကြားစာကို မှတ်ပုံတင် ထားခြင်းမရှိသည့် ကုမ္ပဏီထံသို့ ထိုကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းနေရာသို့ ပေးပို့ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ များထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးကလက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် အကြောင်းကြားစာအား လက်ခံရရှိပြီး နောက်(၁၀)ရက်အတွင်း အဆိုပါကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကိုပေးချေခြင်း၊ အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ်ရန်ပျက်ကွက် လျှင်၊ သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှုကို ဆိုင်းငံ့ထားစေရန် မပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ထိုသို့တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှုအပေါ် တရားပြိုင်က ကျေနပ်လက်ခံ နိုင်သည့်လျော်ကြေးကို ပေးချေမှုမပြုခဲ့လျှင်၊ အထက်ပါအတိုင်း ၎င်းကကျခံရမည့်ကုန်ကျစရိတ် များ၊ နစ်နာကြေးများနှင့် အသုံးစရိတ်များကို ပေးချေမှုမပြုခဲ့လျှင်၊

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် ထို ကုမ္ပဏီတွင် ပါဝင်သူများ၊ သို့မဟုတ် ထိုကုမ္ပဏီ၏ ကိုယ်စားအမည်ခံတရားပြိုင်အဖြစ် တရားစွဲဆိုခံရန် သတ်မှတ်ခံရသူတစ်ဦးဦးအား ဆန့်ကျင်၍တရားရုံး တစ်ခုခုတွင် မြီရှင်အား အနိုင်ပေးသည့်ဒီကရီ သို့မဟုတ် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် အခြားကိစ္စများကို ဆောင်ရွက်ခြင်းသည် ကျေနပ် ဖွယ်ရာမရှိခဲ့လျှင်၊

(ဃဃ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိကြောင်းတရား ရုံးက လက်ခံနိုင်မည့် အခြားသော သက်သေခံ တင်ပြချက်များရှိခဲ့လျှင်။

(ဂ) ဤအပိုင်းတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခြား သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ဤဥပဒေအရ ဖျက်သိမ်းထားသည့် ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအဖြစ်လည်းကောင်း၊ မှတ်ပုံ တင်ထားခြင်း မရှိသည့် ကုမ္ပဏီတစ်ခုအဖြစ် လည်းကောင်း ဖျက် သိမ်းမည့်ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေ ရ။ သို့သော်ဖျက်သိမ်းထားသည့် ပြဋ္ဌာန်းချက်များကို ရည်ညွှန်းထား သည့်ကိစ္စရပ်များကို ဤဥပဒေ၏သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ (ရှိခဲ့လျှင်) ကို ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

၄၁၄။ **မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင်ကြွေးမြီ ပေးဆပ်ရသူများ**

(က) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ် တွင် ကုမ္ပဏီ၏ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ပေး ချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက်လည်းကောင်း၊ ကုမ္ပဏီတွင် ပါဝင်သူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန် အတွက် ငွေကြေးတစ်ရပ်ရပ်ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန် အတွက်လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းရာတွင် ကျသင့်သည့် ကုန်ကျစရိတ်များနှင့် အသုံး စရိတ်များကိုပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက်လည်း ကောင်း တာဝန်ရှိသူများအားလုံးကို ကြွေးမြီပေးဆပ်ရသူများ အဖြစ် မှတ်ယူရမည်ဖြစ်သည်။ ကြွေးမြီပေးဆပ်ရသူများအားလုံး သည် ဖော်ပြပါတာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ထံ မှ ပေးချေရမည့်ငွေပမာဏအားလုံးကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏အခြေပစ္စည်းများသို့ ထည့်ဝင်ရန်တာဝန်ရှိသည်။

(ခ) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် သေဆုံးခြင်း သို့မဟုတ် လူမွဲ အဖြစ် သတ်မှတ်ခံရခြင်းများဖြစ်ပေါ်ခဲ့လျှင် သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူများ၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများ၊ လူမွဲအဖြစ်ခံယူရသော ကြွေးမြီပေးဆပ်ရ သူများ၏ လွှဲအပ်ခြင်းခံရသူများနှင့် စပ်လျဉ်း၍ဤဥပဒေပါပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်စေရမည်။

၄၁၅။ **တရားစွဲဆိုစစ်ဆေးမှုများကို ဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားထားရန် ဆောင်ရွက်နိုင်သည့်အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းရန် လျှောက်ထားတင်ပြပြီးနောက်၊ ကုမ္ပဏီဖျက်သိမ်း သည့်အမိန့်ချမှတ်ခြင်း မပြုမီကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအပေါ် တရားစွဲဆိုမှုနှင့်စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထား ခြင်း၊ ရပ်နားထားခြင်းတို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များ သည် မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီတွင် မြီရှင်က ထိုသို့ဆိုင်းငံ့ထား ရန် သို့မဟုတ် ရပ်နားထားရန်လျှောက်ထားတင်ပြခဲ့လျှင်မှတ်ပုံတင် ထားခြင်းမရှိသည့်ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရမည်။

၄၁၆။ **ကုမ္ပဏီဖျက်သိမ်းရန်အမိန့်အားဆိုင်းငံ့ထားစေရန်စွဲဆိုမှု**

မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံး၏ခွင့်ပြုချက်နှင့်တရားရုံးက သတ်မှတ်သည့်စည်းကမ်းချက်များဖြင့် ဆောင်ရွက်သည်မှအပ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ၏ ကြွေးမြီတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။ **စာမျက်နှာ ၇ သို့**

စာမျက်နှာ ၆ မှ

၄၁၇။ **အချို့သောကိစ္စများတွင်ပစ္စည်းများနှင့်စပ်လျဉ်းသည့်ညွှန်ကြားချက်များ**

မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီတွင်ယင်း၏အမည်ဖြင့်တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုခံနိုင်ခြင်းအတွက် အခွင့်အာဏာမရှိခဲ့လျှင်၊ သို့မဟုတ် အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်ပေါ်လာလျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ဖြင့်ဖြစ်စေ၊ နောက်ထပ်အမိန့်တစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီကိုယ်စား ယုံကြည်အပ်နှံခြင်းခံရသူများနှင့် သက်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အကျိုးခံစားခွင့်နှင့်အခွင့်အရေးများ၊ တာဝန်များ၊ တရားစွဲဆိုတောင်းဆိုမှုများ အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ၎င်း၏ အမည်ဖြင့်အပ်နှံရမည်။ ယင်းနောက်အမိန့်တွင် သတ်မှတ်ဖော်ပြထားသော အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကို ဖော်ပြပါအတိုင်း အပ်နှံရမည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးကညွှန်ကြားသည့်အတိုင်း လျော်ကြေးငွေများ (ရှိခဲ့လျှင်)ကိုပေးပြီးနောက် အဆိုပါ ပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အမည်ဖြင့် အမှုများကိုစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများတွင် ခုခံချေပခြင်းတို့ကိုဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် ထိုကုမ္ပဏီ၏ ပစ္စည်းများကို ပြန်လည်ရယူခြင်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလိုတရားစွဲဆိုခြင်း သို့မဟုတ် ခုခံချေပခြင်းများကိုပြုလုပ်ရမည်။

၄၁၈။ **ဤအပိုင်းတွင်ပါရှိသည့်ပြဋ္ဌာန်းချက်များကိုဆက်စပ်အသုံးပြုရခြင်း**

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ဤအပိုင်းတွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် တရားရုံးဖြင့်ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သော ဤဥပဒေ၏ ရှေ့ပိုင်းတွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များအား ကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့နှင့်ဆက်စပ်အသုံးပြုရမည်။ တရားရုံးနှင့်တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့သည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ သို့မဟုတ် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ၎င်းတို့အနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။ သို့သော်မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုသည်ယင်းအား ဖျက်သိမ်းသည့်ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ ကုမ္ပဏီတစ်ခုဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များအတွက်သာလျှင်ကုမ္ပဏီဖြစ်သည်ဟုမှတ်ယူရမည်။

## အပိုင်း (၆)

## မှတ်ပုံတင်အရာရှိနှင့်မှတ်ပုံတင်ရုံး၏အခွင့်အာဏာများ

### အခန်း(၂၈) မှတ်ပုံတင်အရာရှိ၊မှတ်ပုံတင်ရုံး၊စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊စစ်ဆေးကြည့်ရှုနိုင်သည့်အခွင့်အာဏာများနှင့် အခကြေးငွေများ

၄၁၉။ **မှတ်ပုံတင်အရာရှိ**

(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကိုရရှိပြီး ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ထိုဥပဒေများအရ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်နိုင်သည့်အခွင့်အာဏာရှိသည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်

(ဃ) ဤပုဒ်မ၏ပုဒ်မခွဲ(က) မှ (ဂ)အထိပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ယေဘုယျအခြေအနေတွင် သော်လည်းကောင်း၊ အထူးအခြေအနေတစ်ရပ်ရပ်တွင် သော်လည်းကောင်း လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည့်အခွင့်အာဏာရှိသည်။

(င) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သို့ မှတ်ပုံတင်အရာရှိ၏ တာဝန်များကို လွှဲအပ်ထားသည့်ကာလတစ်လျှောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ သို့မဟုတ် အလားတူရာထူးနေရာ အမည်ကိုရယူထားသောသူသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်ပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသို့ ၎င်း၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် အခွင့်အာဏာလည်းပါဝင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိအား ခန့်အပ်နိုင်သည့် သို့မဟုတ် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို အပ်နှင်းနိုင်သည့်အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိစေရ။

၄၂၀။ **မှတ်ပုံတင်ရုံးများ**

(က) ဤဥပဒေအရ ကုမ္ပဏီများကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုဝန်ကြီးက သင့်သည်ထင်မြင်သည့်နေရာများတွင် ရုံးများဖွင့်လှစ်ရမည်ဖြစ်ပြီး မည်သည့်ကုမ္ပဏီမျှ အဆိုပါ ဖွင့်လှစ်ထားသည့် ရုံးများအနက် ရုံးတစ်ရုံးတွင်မှတစ်ပါး မှတ်ပုံတင်ခြင်း မပြုလုပ်ရ။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းအတွက် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လိုအပ်သော စာရွက်စာတမ်းများသည် အစစ်အမှန်ဖြစ်ကြောင်း ဖော်ပြနိုင်ရေးအတွက် ရုံးတံဆိပ် သို့မဟုတ် ရုံးတံဆိပ်များကို ပြုလုပ်ဆောင်ရွက်ထားရန် ညွှန်ကြားနိုင်သည်။

၄၂၁။ **မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် ဤဥပဒေအရထိန်းသိမ်းထားရှိရန် လိုအပ်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် ဤဥပဒေအရ ၎င်းထံတင်ပြရသည့်မှတ်တမ်းများအားလုံးကို ပြုစုထားရှိ ထိန်းသိမ်းရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်တမ်းများနှင့် မှတ်ပုံတင်စာရင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဆန်းသစ်ခြင်း၊ တင်ပြခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဤဥပဒေအရ မှတ်ပုံတင်ရမည့်အဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် ထိုစနစ်များနှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်းများအပါအဝင် မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့်တာဝန်များနှင့် ၎င်းကသင့်သည်ထင်မြင်သည့်နည်းလမ်းအတိုင်း ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်တာဝန်များကို ထမ်းဆောင်ရမည်။ ဤပုဒ်မခွဲသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အဆိုပါကိစ္စရပ်များအတွက် ကြီးကြပ်နိုင်သည့် အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ သက်ဆိုင်စေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဆ)ကို မဆန့်ကျင်စေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းအား မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုခြင်းသည် အဆိုပါ စာရွက်စာတမ်း၏ တရားဝင်မှု သို့မဟုတ် တရားမဝင်မှုကိုလည်းကောင်း၊ အဆိုပါ စာရွက်စာတမ်းတွင် ပါရှိသည့်သတင်းအချက်အလက်၏ မှန်ကန်မှုကိုဖြစ်စေ၊ အခြား တစ်စုံတစ်ရာကိုဖြစ်စေ သက်ရောက်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း မရှိစေရ။

(ဃ) အခြားသက်ဆိုင်သော အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊ပုဒ်မခွဲ(ခ) တို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား အကျိုးသက်ရောက်စေရန် လိုအပ်သည့်စည်းမျဉ်းများ၊ နည်းဥပဒေ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်သတ်မှတ်ဖော်ပြနိုင်သည်။အထူးသဖြင့် ဤဥပဒေအရ မှတ်ပုံတင်ထားသောအဖွဲ့အစည်းများနှင့် မှတ်ပုံတင်အရာရှိတို့အကြား အီလက်ထရွန်နစ်နည်းဖြင့် စာရွက်စာတမ်းများအား မှတ်ပုံတင်ခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်နိုင်သည်။ ဤကိစ္စရပ်များတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခုခု၏ ပြန်လည်မှတ်ပုံတင်ခြင်းအတွက် လည်းကောင်း၊ ပေးချေရမည့် ငွေကြေးများအတွက် လည်းကောင်း အီလက်ထရွန်နစ်နည်းပညာဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည့်သတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြနိုင်သည်။ ထိုအခကြေးငွေသည် အီလက်ထရွန်နစ် နည်းပညာမပါရှိသောနည်းဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် ခြားနားနိုင်မည်ဖြစ်သည်။

(င) မည်သူမဆို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက် စစ်ဆေးကြည့်ရှုနိုင်သည်။

(စ) မည်သူမဆို ကုမ္ပဏီတစ်ခုဖွဲ့စည်းတည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရမှတ်ပုံတင်အရာရှိထံသို့ တင်ပြရသည့်ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရှိရမည့် အခြားစာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြားစာရွက်စာတမ်း၏ မည်သည့်အစိတ်အပိုင်းကိုမဆို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်း၍ မှတ်ပုံတင်အရာရှိက မိတ္တူမှန်ကန်ကြောင်းအထောက်အထားပြုသည့်စာရွက်စာတမ်းမိတ္တူ သို့မဟုတ် ကောက်နုတ်ရယူလိုသည့် အချက်အလက်မိတ္တူကို ရယူနိုင်သည်။

(ဆ) သိသာထင်ရှားသော မှားယွင်းချက်မှလွဲ၍ ပုဒ်မ ၄၂၂ နှင့် ၄၂၃တို့တွင် မှားယွင်းမှုအား ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ မှားယွင်းသည့်အချက်ကို ဖော်ပြ၍ ဤပုဒ်မ၏ ပုဒ်မခွဲ(စ) အရ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပေးသည့် စာရွက်စာတမ်းတစ်ရပ်ကို တရားစစ်ဆေးစီရင်ဆောင်ရွက်မှုတစ်ရပ်ရပ်တွင် မူလစာရွက်စာတမ်းကဲ့သို့ တရားဝင်သည့် သက်သေခံချက်အဖြစ် လက်ခံဆောင်ရွက်ရမည်။

၄၂၂။ **မှတ်ပုံတင်စာရင်း၏မှားယွင်းမှုများကိုပြင်ဆင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် -

(၁) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မှားယွင်း၍ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်းသိရှိလျှင် ဤဥပဒေအရ ၎င်းက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတစ်ခုကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် မှားယွင်းမှုကြောင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မမှန်မကန်ရေးသွင်းမိကြောင်း ၎င်းကသိရှိလျှင် ထိုအချက်အလက်များကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၃) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိက ကုမ္ပဏီနှင့်ဆွေးနွေးပြီးနောက် ကုမ္ပဏီ၏ ရုံးလုပ်ငန်းဆိုင်ရာ မှားယွင်းမှုကြောင့် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် ထိုမှားယွင်းမှုကို ပြင်ဆင်ခြင်းသည် အခြားသူတစ်ဦးဦးကို ထိခိုက်စေနိုင်မည် မဟုတ်ကြောင်းတွေ့ရှိရလျှင် ကုမ္ပဏီကထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းပါ ဖော်ပြချက်များကို မှန်ကန်စွာ ပြင်ဆင်စေရန် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁)အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတစ်ရပ်ကို ပြင်ဆင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါ လျှောက်ထားချက်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြ၍ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်၊

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက်အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါ လျှောက် ထားချက်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြ၍ ပေါင်နှံခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်၊ ၎င်းပြင်

(၃) အောက်ပါအချက်အလက်များပါရှိသော အများပြည်သူသိရှိရန် အကြောင်းကြားစာကိုထုတ်ပြန်ရမည် -

(ကက) လျှောက်ထားသူ၏အမည်၊

(ခခ) ကုမ္ပဏီ၏အမည်၊

(ဂဂ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့် ရေးသား ကန့်ကွက်နိုင်ကြောင်း သတ်မှတ်သည့်နေ့ရက် တစ်ရက်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာပေးပို့သည့်နေ့မှ (၂၈)ရက်ထက် နောက်မကျသည့်နေ့ရက် တစ်ရက်ရက်ဖြစ်စေရမည်။

(ဂ) မည်သူမဆို အဆိုပြုထားသည့်မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသားကန့်ကွက်ချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ပုဒ်မခွဲ (ခ) အပိုဒ်(၃) အပိုဒ်ခွဲငယ်(ဃဃ) နှင့်အညီ သတ်မှတ်ထားသည့်နေ့ရက်ထက်နောက်မကျစေဘဲ ပေးပို့နိုင်ပြီး မှတ်ပုံတင်အရာရှိသည် အဆိုပါ ကန့်ကွက်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် လျှောက်ထားသူထံသို့ ပေးပို့ရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသည့်နေ့ရက်တွင် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသားကန့်ကွက်ချက်တစ်ရပ်ကို လက်ခံရရှိခဲ့ပြီး ထိုကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းထားခြင်းမရှိကြောင်း တွေ့ရှိရလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပိုဒ်(၁)အရ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ခြင်းမပြုရ။

၄၂၃။ **တရားရုံး၏အခွင့်အာဏာများ**

(က) မှတ်ပုံတင်အရာရှိသည် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသားကန့်ကွက်ချက်တစ်ရပ်ကို ပုဒ်မ ၄၂၂ ပုဒ်မခွဲ(ဂ)အရ လက်ခံရရှိခဲ့ပါက မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်အတွက် လျှောက်ထားသူသည် အဆိုပါ ပြင်ဆင်လိုမှုအတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားမှုအား ပြုလုပ်ရာတွင် -

(၁) လျှောက်ထားသူသည် အဆိုပါ လျှောက်ထားမှုအား မှတ်ပုံတင်အရာရှိထံသို့ ဆောလျင်စွာ အသိပေး အကြောင်းကြားရမည်၊ ၎င်းပြင်

(၂) မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားမှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တက်ရောက်ကြားနာနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထား တင်ပြလာလျှင် တရားရုံးသည်အချက်အလက်တစ်ရပ်ရပ်ကို မှတ်ပုံတင်စာရင်းတွင် မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် မှားယွင်း၍ ချန်လှပ်ထားကြောင်းတွေ့ရှိခဲ့လျှင် အဆိုပါ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ဆောင်ရွက်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

၄၂၄။ **မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့် စာရွက်စာတမ်းများအတွက် လျှောက်လွှာပုံစံ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့်လျှောက်လွှာပုံစံဖြင့် တင်ပြရန် လိုအပ်သည့်စာရွက်စာတမ်းတစ်ရပ်ရပ်သည်-

(၁) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို ဤဥပဒေအရ ပြုလုပ်သည့်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်ဖြင့်သတ်မှတ်ဖော်ပြထားခဲ့လျှင်-

(ကက) အဆိုပါ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံအတိုင်းဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သောကိစ္စရပ်များပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲပါရှိစေရမည်၊ သို့မဟုတ်

(၂) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့လျှင် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို အတည်ပြု သတ်မှတ်ထားပါက-

(ကက) အဆိုပါ အတည်ပြုထားသည့်လျှောက်လွှာပုံစံအတိုင်းဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင်လိုအပ်သောသတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သောကိစ္စရပ်များပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သောအခြားအချက်အလက်များကိုပူးတွဲပါရှိစေရမည်။

(ခ) ဤဥပဒေအရတင်ပြလာသည့်စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဤပုဒ်မ၏ပုဒ်မခွဲ(က)နှင့် သက်ဆိုင်ရမည်ဖြစ်ပြီး ယင်းကိုဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာမရှိပါက သက်ဆိုင်သည့်လျှောက်လွှာပုံစံနှင့်အတူတင်ပြလာသည့် စာရွက်စာတမ်းနှင့်အခြားအချက်အလက်များသည်လည်း ဤဥပဒေအရတင်ပြသောစာရွက်စာတမ်းတစ်ရပ်ရပ်တွင် ပါဝင်သည်။

(ဂ) အကယ်၍ -

(၁) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့်စာရွက်စာတမ်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့်လျှောက်လွှာပုံစံဖြင့် တင်ပြရန်လိုအပ်ခဲ့လျှင်၊ ၎င်းပြင်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်က စာရွက်စာတမ်းတွင် ပါဝင်ရမည့် သို့မဟုတ် ထိုစာရွက်စာတမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် အခြားအချက်အလက်များတွင် ပါဝင်ရမည့် သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားကိစ္စရပ်များကို သတ်မှတ်ဖော်ပြနိုင်ရန်အတွက် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကို သတ်မှတ်ထားလျှင် သို့မဟုတ် ပြုလုပ်ထားလျှင်၊ အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည်သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံနှင့် စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုများကို ထုတ်ပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေရ၊ ၎င်းအပြင် ထိုသို့သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံသည် ယင်းတွင် ပါဝင်ရမည့်အချက်အလက်များနှင့် ယင်းနှင့်အတူ ပူးတွဲဖော်ပြရမည့်အချက်အလက်များကိုလည်းပါရှိစေနိုင်သည်။

၄၂၅။ **စာရွက်စာတမ်းများကိုမှတ်ပုံတင်ခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းတစ်ခုတွင် ထည့်သွင်းဖော်ပြရန်အတွက် စာရွက်စာတမ်းတစ်ခုအား လက်ခံရရှိပါက မှတ်ပုံတင်အရာရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် အဆိုပါ စာရွက်စာတမ်းကို မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊၎င်းပြင်

(၂) စာရွက်စာတမ်းသည် နှစ်စဉ်အစီရင်ခံစာ မဟုတ်ပါက စာရွက်စာတမ်းကို ပေးအပ်သူထံသို့ မှတ်ပုံတင်ခြင်းပြုလုပ်ရန် စာဖြင့်ရေးသားအကြောင်းကြားရမည်။

(ခ) ဤဥပဒေအရမှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိကလက်ခံရရှိခဲ့သည့်စာရွက်စာတမ်းတစ်ရပ်ရပ်သည်-

(၁) သတ်မှတ်ဖော်ပြထားသည့်လျှောက်လွှာပုံစံရှိခဲ့ပါက ၎င်းပုံစံဖြင့် တင်ပြခဲ့ခြင်းမရှိလျှင်၊ သို့မဟုတ်

(၂) ဤဥပဒေကိုလည်းကောင်း၊ ဤဥပဒေအရပြုလုပ်ထားသည့် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကိုလည်းကောင်း လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(၃) ပုံနှိပ်ထားခြင်း သို့မဟုတ် စက်ဖြင့်ရိုက်နှိပ်ရေးသားထားခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၄) မှတ်ပုံတင်စာရင်းအား အီလက်ထရွန်နစ်နည်းဖြင့် အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိန်းသိမ်းထားခြင်းဖြစ်ပါက အီလက်ထရွန်နစ်နည်းဖြင့် တိုက်ရိုက်ဖြည့်သွင်းရေးသားနိုင်သည့်အချက်အလက်ပုံစံဖြင့် ဆောင်ရွက်ထားခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၅) ပြီးပြည့်စုံစွာဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(၆) ဖတ်ရှုနိုင်ရန်အတွက် ရှင်းလင်းမှုမရှိသည့်အချက်အလက်များ ပါဝင်နေလျှင်၊ မှတ်ပုံတင်အရာရှိသည် စာရွက်စာတမ်းကို မှတ်ပုံတင်ခြင်းအား ငြင်းဆိုနိုင်ပြီး အောက်ပါအတိုင်း တောင်းဆိုနိုင်သည်-

(ကက) အဆိုပါ စာရွက်စာတမ်းကို လိုအပ်သလိုပြင်ဆင်ရန် သို့မဟုတ် ပြီးပြည့်စုံစွာ ဆောင်ရွက်ရန်နှင့် မှတ်ပုံတင် ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံတင်ပြနိုင်ရန်၊ သို့မဟုတ်

(ခခ) ယင်းစာရွက်စာတမ်းအစား အခြားစာရွက်စာတမ်းအသစ်ကို ပြုစုတင်ပြစေရန်။

၄၂၆။ **စစ်ဆေးကြည့်ရှုရန်အတွက်မှတ်ပုံတင်အရာရှိ၏အခွင့်အာဏာများ**

(က) သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အလားတူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ခွင့်ပြုထားသည့် အခွင့်အာဏာများကို တားမြစ်ကန့်သတ်ခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် -

(၁) အောက်ပါကိစ္စရပ်များအတွက် -

(ကက) ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးဦးသည် ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိစိစစ်ရန်၊သို့မဟုတ်

(ခခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရအပ်နှင်းထားသော ယင်း၏ အခွင့်အရေးများ သို့မဟုတ် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းရှိ၊ မရှိစိစစ်ရန်၊သို့မဟုတ်

(ဂဂ) ဤဥပဒေအား ချိုးဖောက်သည့်ပြစ်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့်

(၂) အများပြည်သူအကျိုးငှာ ထိုသို့ဆောင်ရွက်ရန် လိုအပ်သည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်လျှင် အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(ကက) ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိသော သက်ဆိုင်သည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အဆိုပါ စာရွက်စာတမ်းများကို တင်ပြစေခြင်း၊

(ခခ) သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူများကို စစ်ဆေးကြည့်ရှုခြင်းနှင့်ရယူခြင်း၊

(ဂဂ) မိတ္တူများရယူရန်အတွက် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လက်ဝယ်ရယူခြင်းနှင့် ထိန်းသိမ်းထားသည့်နေရာမှ ၎င်းတို့အား ရွှေ့ပြောင်းခြင်း၊သင့်တော်သည့်အချိန်ကာလအတွင်း သိမ်းဆည်းထားခြင်း၊

(ဃဃ) ပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများရှိသည်ဟု ယုံကြည်ရသည့် သင့်လျော်သော အကြောင်းအချက်များရှိခဲ့လျှင် သင့်လျော်သည့်အခြေအနေအားလုံးတွင် ကာလတစ်ရပ်အထိ သက်ဆိုင်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း၊

(ခ) အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းသည် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်မှုအောက်တွင်ရှိသည့် သတ်မှတ်စီစဉ်ထားသည့်ဘဏ် သို့မဟုတ် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်သည့်ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ ကျင့်သုံးရခြင်းဖြစ်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့်အခွင့်အာဏာတစ်ရပ်ရပ်ကိုကျင့်သုံးခြင်း မပြုမီ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ညှိနှိုင်းရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့်အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သူမျှမှတ်ပုံတင်အရာရှိကို သို့မဟုတ် မှတ်ပုံတင်အရာရှိက အခွင့်အာဏာအပ်နှင်းထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်နှေးစေခြင်းမပြုရ။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိက တရားစွဲဆိုဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ၎င်းရရှိထားသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး တရားစွဲဆိုဆောင်ရွက်သင့်ကြောင်း ထင်မြင်ပါက ၎င်းတို့မှတရားစွဲဆိုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲသည် အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်အရာရှိအား အပ်နှင်းထားသည့် အခြားသော အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းအား တားမြစ်ကန့်သတ်ထားခြင်း မရှိစေဘဲ ကျင့်သုံးရမည်။

၄၂၇။ မည်သူမဆိုသိလျက်ဖြင့်တမင် -

(က) ပုဒ်မ၄၂၆ပုဒ်မခွဲ (က) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ကက) အရသတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၆ ပုဒ်မခွဲ(ဂ) အား ဆန့်ကျင်သည့်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့လျှင်၊ ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပြစ်မှုတစ်ရပ်စီအတွက် ပေးဆောင်ရမည်။

၄၂၈။ **မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခြင်း**

(က) ဤဥပဒေအရမှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် နစ်နာသူတစ်ဦးဦးသည် ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈)ရက်အတွင်း ပြည်ထောင်စုဝန်ကြီးထံသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား လက်ခံနိုင်ခြင်းမရှိပါက ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈)ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုနိုင်သည့်အချိန်ကာလအတွင်း တရားရုံးသို့ ဆက်လက်အယူခံဝင်ရောက်နိုင်သည်။

(ဂ) အယူခံအား ကြားနာသည့်အခါ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် အမှုဖြစ်အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များပေးနိုင်သည် သို့မဟုတ် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

၄၂၉။ **အခကြေးငွေများ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ အခကြေးငွေပေးချေရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခြားသော အခကြေးငွေများကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရသည့်အခကြေးငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

၄၃၀။ **မှတ်ပုံတင်အရာရှိထံသို့ စာရင်းများနှင့် စာရွက်စာတမ်းများကိုတင်ပြခြင်း**

(က) ကုမ္ပဏီတစ်ခုသည် စာရင်းများ၊ ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရန် သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားတင်ပြရန်တို့နှင့် စပ်လျဉ်းသည့် ဤဥပဒေအရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပြီးနောက် အဆိုပါ ပျက်ကွက်မှုကို ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားသည့်နေ့ရက်မှစ၍ (၂၁)ရက်အတွင်း အဆိုပါပျက်ကွက်မှုကို ကောင်းမွန်သည်အထိ ပြင်ဆင်ခြင်းမပြုလျှင် ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ကုမ္ပဏီ၏မြီရှင်တစ်ဦးဦးကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ တရားရုံးသို့ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ အရာရှိများကို တရားရုံးက သတ်မှတ်ပေးသည့်အချိန်ကာလအတွင်း ပျက်ကွက်မှုအား ပြင်ဆင်ရန်ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အဆိုပါ အမိန့်တစ်ရပ်ရပ်တွင် ပျက်ကွက်မှုအတွက် တာဝန်ရှိသော ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိများမှ လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ကျခံစေရန်အတွက် သတ်မှတ်ဖော်ပြနိုင်သည်။

(ဂ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အထက်တွင် ဖော်ပြထားသော ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ကုမ္ပဏီကိုဖြစ်စေ၊ ယင်းကုမ္ပဏီ၏အရာရှိများကိုဖြစ်စေ ပြစ်ဒဏ်သတ်မှတ်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဆောင်ရွက်မှုကို ထိခိုက်ခြင်းမရှိစေရ၊ သို့မဟုတ် ဤဥပဒေကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီမှ အခြားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို တားမြစ်ကန့်သတ်ထားခြင်းမရှိစေရ။

(ဃ) ကုမ္ပဏီသည် ပုဒ်မ၉၇အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်လျှင်၊ သို့မဟုတ် မှတ်ပုံတင်အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့်သက်ဆိုင်သည့် အချက်အလက်များသည် ကုမ္ပဏီ၊ ယင်း၏မြီရှင် သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ကြီးမားစွာထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီက ပေးချေရမည့်အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို (၂၈) ရက်အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည်ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရပြုလုပ်သည့် ဆိုင်းငံ့မှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် တင်ပြရန်လိုအပ်သည့်နှစ်စဉ် အစီရင်ခံစာ၊ ယင်းအတွက် ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် နှစ်စဉ်အစီရင်ခံစာကို တင်ပြရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏ စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း၊ သို့မဟုတ်

**ဆက်လက်ဖော်ပြပါမည်။**

## အထက(၂)ဒဂုံ (မြို့မကျောင်း)

## ကျောင်းသား/သူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂)ဒဂုံ ကျောင်းသား/သူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/သူဟောင်းများအားလုံး ပါဝင်တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက် - ၂၉-၁-၂၀၁၇ ရက်**
**အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ**
**နေရာ - အထက(၂)၊ ဒဂုံကျောင်းဝင်း**

**ဆက်သွယ်ရန်** ➤ ➤ ➤ ➤ ➤

| | | | |
|---|---|---|---|
| ဒေါက်တာဆွေလှ(၁၉၇၉) | ဖုန်း-၀၉-၅၀၀၁၃၀၀ | ကိုအောင်ကြွယ်ဖြိုး(၁၉၉၅) | ဖုန်း-၀၉-၅၁၅၀၀၉၀ |
| ကိုအောင်မိုးသိန်း(၁၉၇၉) | ဖုန်း-၀၉-၅၀၇၀၃၄၂ | ကိုစိုင်းနေမျိုးဝမ်း(၁၉၉၆) | ဖုန်း-၀၉-၈၆၁၃၂၁၇ |
| မဆွေမျိုးမြင့်(၁၉၈၀) | ဖုန်း-၀၉-၅၀၈၃၃၂၀ | မနေခြည်စိုးအောင်(၁၉၉၇) | ဖုန်း-၀၉-၉၆၂၆၀၂၆၆၀ |
| ကိုမြင့်ထွေး(၁၉၈၁) | ဖုန်း-၀၉-၇၉၉၉၈၈၅၅၃၅ | မရီလေးမြင့်(၁၉၉၇) | ဖုန်း-၀၉-၄၄၈၀၁၂၄၂၅ |
| ဒေါက်တာစိုးမင်းအောင်(၁၉၈၄) | ဖုန်း-၀၉-၄၅၁၅၁၇၈၇၈ | ကိုကျော်မင်းဟန်(၁၉၉၉) | ဖုန်း-၀၉-၇၉၃၁၆၀၉၃၆ |
| မစာဆို(၁၉၈၄) | ဖုန်း-၀၉-၅၀၈၇၀၄၄ | ကိုတင်မောင်မောင်ထွန်း(၂၀၀၀) | ဖုန်း-၀၉-၅၀၅၆၉၉၈ |
| မချောစုဝင်း(၁၉၈၅) | ဖုန်း-၀၉-၇၃၂၁၂၁၄၇ | မတင်ဇာအောင်(၂၀၀၁) | ဖုန်း-၀၉-၅၀၃၅၈၂၂ |
| မစပါယ်(၁၉၈၅) | ဖုန်း-၀၉-၃၃၃၉၀၀၀၂ | မခင်ဝတ်ရည်ဦး(၂၀၀၂) | ဖုန်း-၀၉-၂၅၃၄၈၈၈၁၈ |
| မနေဇာဇော်လွင်(၁၉၈၅) | ဖုန်း-၀၉-၇၈၅၄၀၁၃၄၃ | ဒေါက်တာကျော်ဇောလင်း(၂၀၀၃) | ဖုန်း-၀၉-၂၀၁၀၃၃၀ |
| မသန္တာစိုး(၁၉၈၅) | ဖုန်း-၀၉-၅၁၃၂၂၀၂ | မခင်ဆွေမွန်အောင်(၂၀၀၄) | ဖုန်း-၀၉-၅၀၄၂၀၉၁ |
| ကိုသီဟလွင်(၁၉၈၅) | ဖုန်း-၀၉-၅၁၅၃၂၈၀ | မအေးချမ်းဇော်(၂၀၀၅) | ဖုန်း-၀၉-၄၃၁၈၉၈၀၇ |
| ကိုသိန်းနိုင်ဦး(၁၉၈၅) | ဖုန်း-၀၉-၅၀၃၁၁၈၁ | ကိုဝေဖြိုး(၂၀၀၆) | ဖုန်း-၀၉-၅၁၈၈၇၁၇ |
| ကိုဇော်အောင်(၁၉၈၆) | ဖုန်း-၀၉-၅၁၀၆၂၉၁ | မလွင်လွင်မြင့်(၂၀၀၇) | ဖုန်း-၀၉-၇၉၈၂၇၈၇၁၅ |
| မခင်မိုးလွင်(၁၉၈၆) | ဖုန်း-၀၉-၅၁၅၈၃၅၂ | ကိုနန္ဒအောင်(၂၀၀၈) | ဖုန်း-၀၉-၅၀၄၄၀၆၄ |
| ကိုဝင်းအောင်(၁၉၈၇) | ဖုန်း-၀၉-၄၂၀၂၈၁၅၂၁ | မကြည်ဖြူ(၂၀၀၉) | ဖုန်း-၀၉-၇၈၁၂၂၄၂၄၁ |
| ကိုဗညား(၁၉၉၀) | ဖုန်း-၀၉-၄၃၁၃၀၇၇၈ | မဇင်ဝေစန်း(၂၀၁၁) | ဖုန်း-၀၉-၄၄၈၀၁၀၃၂၃ |
| မစပါယ်ဖြူလွင်(၁၉၉၁) | ဖုန်း-၀၉-၅၁၉၅၂၂၃ | ကိုရဲသီဟမင်း(၂၀၁၂) | ဖုန်း-၀၉-၄၂၀၀၁၂၇၂၈ |
| ကိုအောင်လင်းမြင့်(၁၉၉၃) | ဖုန်း-၀၉-၅၁၈၉၁၃၂ | ကိုဟန်သီဟ(၂၀၁၃) | ဖုန်း ၀၉-၇၉၁၈၄၃၆၆၂ |
| ကိုစိန်မင်း(၁၉၉၄) | ဖုန်း-၀၉-၇၃၀၇၇၃၀၇ | ကိုမင်းရန်ပိုင်ဟိန်း(၂၀၁၃) | ဖုန်း-၀၉-၄၅၀၀၃၈၃၅၁ |
| ကိုဝါဆို(၁၉၉၄) | ဖုန်း-၀၉-၇၃၀၄၀၃၅၄ | ကိုစောရန်နိုင်တင်သိန်း(၂၀၁၄) | ဖုန်း-၀၉-၂၅၆၀၃၃၁၀ |
| ကိုဇေယျာဇော်(၁၉၉၅) | ဖုန်း-၀၉-၅၁၈၅၃၇၁ | မလဲ့လဲ့ဝေ(၂၀၁၅) | ဖုန်း-၀၉-၅၅၀၂၀၄၂ |

**အာစရိယပူဇော်ပွဲအလှူငွေကို CB ဘဏ်(လမ်းမတော်ဘဏ်ခွဲ)၊ သန္တာဦးနှင့် စပါယ်(1232017226) တွင် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ဘိလပ်မြေ(တန် ၁၀၀၀)အား သတ်မှတ်ထားသော ဂိုဒေါင်အရောက် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၃၁-၁-၂၀၁၇ ရက် |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၁-၂-၂၀၁၇ ရက်၊ မွန်းလွဲ ၁ နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | ချင်းတွင်းတံတား(ခန္တီး)၊ တည်ဆောက်ရေးလုပ်ငန်းခွင်ရုံး |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးတို့တွင် ၂၃-၁-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၉-၄၄၈၅၃၉၆၇၁၊ ၀၉-၄၀၁၅၅၆၂၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သံဃာတော်များအား ဆွမ်းကပ်ခြင်းနှင့် သက်ကြီးဝန်ထမ်းများအား ဂါရဝပြုပွဲ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများမှ သံဃာတော်ဆွမ်းကပ်ခြင်းနှင့် သက်ကြီးဝန်ထမ်းဟောင်းများအား ပထမအကြိမ် ဂါရဝပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့စွဲ - ၂၂-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
အချိန် - ၉း၀၀နာရီ
နေရာ - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**(ဖိတ်စာသီးခြားမပို့ပါ)**


Learners' Choice
၂၀၁၇
စာမေးပွဲလမ်းညွှန်
စတုတ္ထတန်း



ကြို တင် လေ့ ကျင့် ပြင် ဆင် နိုင် ရန်
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
(အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ)
ဖြန့်ချိရေး ခေတ်သစ်စာပေ
အမှတ်-၂၃၅၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၄၃၉၈၊ ၃၈၃၇၅၅၊ ၃၈၄၆၅၇၊ ၃၇၁၉၀၅
ထွက်ပြီ
အမြို့မြို့ အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။



STI MYANMAR UNIVERSITY
University of Bedfordshire
Scholarship Available!



January Intake!
BA(Hons) in Business Administration (Top-up)
University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
စီးပွားရေး စီမံခန့်ခွဲမှု ဂုဏ်ထူးတန်း
• သတ်မှတ် IELTS 5.5 ရှိရန်လိုအပ်ပြီး STIMU မှ Advanced Diploma ပြီးထားသူများ၊ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီးသူများ၊ ABE နှင့် HND၊ အဆင့်မြင့် Diploma အောင်မြင်ပြီးသူများ တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။
• သတ်မှတ် IELTS 5.5 မပြည့်မီပါက STIMU ၌ IELTS ဖြေဆိုရပါမည်။
✷ Education Loan Program ရှိပြီး သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။
Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။
Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni
www.stiedu.net


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးအမှတ်(၄၂)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | ယာဉ်မောင်းစက်ပြင်(၄) | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၃၆ |
| (ခ) | ယာဉ်မောင်း(၅) | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂၄ |
| (ဂ) | ရုံးအကူ/စာပို့ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၃၃ |
| | စုစုပေါင်း | | ၉၃ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူဖြစ်ရမည်။
- (ခ) ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) ၂၈-၂-၂၀၁၇ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဆ) ရာထူးအလိုက် ပညာအရည်အချင်း သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  - (၁) ယာဉ်မောင်းစက်ပြင်(၄) -အနည်းဆုံးပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။ ယာဉ်မောင်းသက်တမ်း(၅)နှစ်ရှိရမည်။
  - (၂) ယာဉ်မောင်း(၅) -အနည်းဆုံးပညာအရည်အချင်း အလယ်တန်းအဆင့်ရှိရပါမည်။ ယာဉ်မောင်းသက်တမ်း (၂)နှစ်ရှိရပါမည်။
  - (၃) ရုံးအကူ/စာပို့ -ပညာအရည်အချင်း အလယ်တန်းအဆင့် အောင်မြင်ရမည်။

၃။ လျှောက်လွှာတွင် အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၁လက်မ×၁. ၅လက်မ) ၃ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်။)
- (ခ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ ၃၁-၁-၂၀၁၇ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)၊ (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
- (ဂ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း ၁၇-၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၁၇-၂-၂၀၁၇ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်များနှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ အထက်အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲငယ်(၁)၊ (၂)ရာထူးများသို့ လျှောက်ထားသူများအား လက်တွေ့လုပ်ငန်း ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးအမှတ်(၄၂)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၁၅၀)နေရာ လစ်လပ်လျက်ရှိပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူဖြစ်ရမည်။
- (ခ) ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) ၂၈-၂-၂၀၁၇ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဆ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ [ဥပဒေပညာဘွဲ့၊ စီးပွားရေးဘွဲ့များနှင့် ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်)ရရှိသူများအား ဦးစားပေးစဉ်းစားပါမည်။]

၃။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူ ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်
- (ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၁လက်မ×၁. ၅လက်မ) ၃ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်။)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ။
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)၊
- (ဃ) သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်းတို့ထံမှ ၃၁-၁-၂၀၁၇ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကျောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)၊ (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
- (င) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း ၁၇-၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၁၇-၂-၂၀၁၇ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို သတင်းစာများတွင် အချိန်မီ ကြိုတင်ကြေညာပါမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

















ပြင်သစ်အစိုးရနှင့် နိုင်ငံတကာအသိအမှတ်ပြု European Global School Paris မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် M.Sc (Banking & Finance) ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့ကို Myanmar Campus တွင် တက်ရောက်နိုင်ပါသည်။

Validated and Awarded by EGS

Worldwide Education in Myanmar...

# M.Sc (Banking & Finance)

Enroll Now! for JAN Intake




- ဘွဲ့တစ်ခုခုရပြီးသူ မည်သူမဆိုတက်ရောက်နိုင်ပါသည်။
- CB Bank နှင့်ချိတ်ဆက်ပြီး Student Loan Plan စီစဉ်ပေးပါသည်။

Implemented by RSIM & BSM

@ Myanmar Campus

Hot Line
09-420725566
09-73094060

RIVER SAMON INSTITUTE OF MANAGEMENT No.(8), Room(#506), Pan Chan Tower, Bargayar Road, Myaynigone, Sanchaung Township, Yangon, Myanmar. www.rsic-edu.com, riversamonmay2014@rgmail.com

## မြစ်ကြီးနားအသင်း(ရန်ကုန်)၏သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

မြစ်ကြီးနားအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။ ဖိတ်စာသီးခြားမပို့ပါ။)

*အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများ (မှတ်ပုံတင်မိတ္တူပူးတွဲလျက်) ကိုယ်တိုင်တက်ရောက် ကန်တော့ခံကြွရောက်ပါရန်။

*၂၀၁၅-၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် (ဂုဏ်ထူး)ရ အသင်းဝင်များ၏ သား/သမီးများ(အမှတ်စာရင်းမိတ္တူ ပူးတွဲလျက်) ၂၅-၁-၂၀၁၇ ရက်ကို နောက်ဆုံးထား၍ အမည်စာရင်းများပေးပို့ကြပါရန်နှင့် ၎င်းရက်ထက်ကျော်လွန်၍ ရရှိသော အမည်စာရင်းများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ အလှူငွေများ ကြိုတင်ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) | ဦးစောနွဲ့သန်းစိန် | - | ၀၉- ၅၀၉၉၁၁၆ |
| (၂) | ဦးတင်မောင်ဝင်း | - | ၀၉- ၅၄၀၇၄၆၂ |
| (၃) | ဒေါ်ဘေဘီ | - | ၀၉- ၅၁၇၃၃၇၈ |
| (၄) | ဒေါ်ကြည်ကြည်ဆွေ | - | ၀၉- ၅၁၆၆၂၄၈ |
| (၅) | ဒေါ်တင်တင်ညွန့် | - | ၀၉- ၄၅၀၀၂၂၀၈၀ |
| (၆) | ဒေါက်တာအေးအေးစူး | - | ၀၁- ၃၉၂၈၈၅ |
| (၇) | ဒေါ်ဥမ္မာအောင် | - | ၀၉- ၄၃၁၉၀၄၅၆ |
| (၈) | ဒေါ်ကြည်ကြည်နိုင် | - | ၀၉- ၃၃၂၁၅၃၄၃ |
| (၉) | ဒေါ်လဲ့လဲ့ဆွေ | - | ၀၉- ၅၁၃၄၇၆၆ |
| (၁၀) | ဒေါ်မိမိမူ | - | ၀၉- ၅၁၅၁၆၇၉ |
| (၁၁) | ဒေါ်နုနုယဉ် | - | ၀၉- ၂၅၀၅၃၅၅၇၄ |
| (၁၂) | ဒေါ်ညိုမာသွယ် | - | ၀၉- ၅၀၂၁၈၁၅ |
| (၁၃) | ဦးချစ်တင် | - | ၀၉- ၅၀၁၁၆၅၄ |

**အမှုဆောင်အဖွဲ့**

# STRATEGY FIRST



ICM Single Subject Diploma in

## Business Management & Administration

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေး စတင်တည်ထောင်ရန် စီစဉ်နေသူများနှင့် MBA သင်တန်းများ တက်ရန် ပြင်ဆင်နေသူများ စိတ်ဝင်စားသူများအတွက်၊ စီးပွားရေးစီမံခန့်ခွဲမှု အခြေခံများကို ခြုံငုံသင်ကြားပေးသည့်သင်တန်း

Course Contents:
- The Organisational Background to Business Administration
- The Management Framework to Business Administration
- Characteristic Features of Organisations
- The Structure of Business Enterprises
- Functions within Organisations - The Production Function
- The Purchasing Function | The Research & Development Function
- The Marketing Function | Personnel Development
- The Administrative Officer's Role | Office Administration
- Other Responsibilities of the Administrative Officer

Session - 10
Lecturer :
Daw Khin Nwe Ohn,
*M. Com, B. Com (Hons, YIE)*

Schedule :
*Every Saturday*
*12:30 pm to 3:00 pm*
*Starting Date*
*21 January 2017*

Program Fees – 420,000 kyats + 105 USD for exam & reg | Text Book Fees - 15000 Kyats

သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊
အချို့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

CALL NOW: (09) 250 7171 66 ~ 68
# 8, Panchan Tower, Myaynigone, Sanchaung Township, Yangon.
# 239, Pyay Road, Near Myaynigone City Mart, Sanchaung Township, Yangon.

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ဆေးဝါးတက္ကသိုလ်၊ရန်ကုန် (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ်ဆေးဝါးသိပ္ပံ (၁/၂၀၁၆) သင်တန်း(ဘွဲ့ရ) (ပုံမှန်)စာမေးပွဲအောင်မြင်သူများ၊ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၁၆)သင်တန်း (ဘွဲ့ရ) (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်သူများ၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆေးဝါးသိပ္ပံပါရဂူဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့အတွက် ကျမ်းကြီးကို ပြုစုတင်သွင်း ခုခံဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်လွှာပုံစံများကို ၎င်းတက္ကသိုလ် သင်ကြားရေးဌာနစိတ်တွင်တောင်းယူပြီး ပြည့်စုံစွာ ဖြည့်စွက်လျက် ၁၆-၁-၂၀၁၇ရက်မှ ၁၀-၂-၂၀၁၇ရက်အတွင်း လျှောက်ထားကြရမည်။

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့- ၄-၃-၂၀၁၇ရက်(စနေနေ့)
အစမ်းလေ့ကျင့်မည့်နေ့ - ၃-၃-၂၀၁၇ရက်(သောကြာနေ့)
ဘွဲ့နှင်းသဘင်ကျင်းပမည့်အချိန်- နံနက် ၉ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပမည့် နေရာ - ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအကျႌလက်ရှည် (နားရွက်ပေါ်) ဖြင့် ရိုက်ကူးထားသော(၂"×၁$\frac{၁}{၂}$")အရွယ် ရောင်စုံ ဓာတ်ပုံ(၃)ပုံ ပူးတွဲ ပေးပို့ရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းရမည်ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရမည်ဖြစ်သည်။

၃။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(လည်ကတုံးရှပ်နှင့်တိုက်ပုံ)၊ အနောက်တိုင်း/ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အကျႌ)၊ တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ **သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများနှင့် ဆံပင်အရောင်ဆိုးထားသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။**

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မော်ကွန်းထိန်းရုံးခန်း(ဖုန်း-၀၁-၉၆၉၉၈၇၇)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နုနုရီ**
**မော်ကွန်းထိန်း**
**ဆေးဝါးတက္ကသိုလ်၊ရန်ကုန်**

## ငှားရန်

ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းမပေါ်ရှိ White Cloud Condo (၃ လွှာနှင့် ၄ လွှာ) နှစ်ခန်းတွဲ ၊ (2700 sqft) Air-con (၆)လုံး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ကားပါကင်ပါပြီး။

**ဖုန်း-၀၉ ၇၃၀၆၅၀၀၇၊ ၀၉-၄၄၈၀၁၉၈၉၆**

## မြေညီထပ်နှင့် ပထမထပ် ငှားမည်

အင်းစိန်လမ်းမကြီး၊ သမိုင်းခဲဝဲခြံမှတ်တိုင်၊ရန်ကုန်၊ "Honey Mini Mart" ဘေးအခန်း ပေ(၃၆×၅၅) (မြေညီထပ်နှင့် ပထမထပ်)။ ဆိုင်ခန်းဖွင့်ရန်နှင့် Showroom ဖွင့်ရန် အထူးသင့်လျော်ပါသည်။ **ဖုန်း- ၀၉-၅၆၇၀၃၇၆**

Light Weight ကွန်ကရစ် အုတ်လုပ်ငန်းတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ ရောင်းရန်ရှိသည်။ အသုံးမပြုရသေးသော Pallet များလည်း ရောင်းရန်ရှိသည်။ အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉- ၄၄၉၀ ၅၄၀၄၁၊ ၀၉-၇၆၁၅၉၈၅၁၂**

